မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၆၉)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဝူရှူးနှင့်မြန်မာခြင်းလုံးပြိုင်ပွဲ တက်ရောက်အားပေး

နေပြည်တော် ဒီဇင်ဘာ ၇

ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည့် ဝူရှူးပြိုင်ပွဲတွင် မြန်မာအသင်းက ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် မြန်မာခြင်းလုံးပြိုင်ပွဲတွင် မြန်မာအသင်းက ရွှေတံဆိပ်နှစ်ခုတို့ ထပ်မံရရှိခဲ့သည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲနှင့် မြန်မာခြင်းလုံး အခြေခံမျိုးကွဲပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးပြီး ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် ကျင်းပပြီး ပြိုင်ပွဲပထမနေ့ပွဲစဉ်များကို စတင်ကျင်းပရာ အမျိုးသား ထောက်လှအတွဲလိုက်အတိုက်(Duilian) ပြိုင်ပွဲတွင် မြန်မာအသင်းက ရမှတ် ၉ ဒသမ ၆၄ မှတ်ဖြင့် ပထမရရှိပြီး ဖိလစ်ပိုင်အသင်းက ရမှတ် ၉ ဒသမ ၆၂ မှတ်ဖြင့် ဒုတိယရရှိကာ ထိုင်းအသင်းက ရမှတ် ၉ ဒသမ ၆၀ မှတ်ဖြင့် တတိယ ရရှိသည်။ စင်ကာပူအသင်းက ရမှတ် ၉ ဒသမ ၅၉ မှတ်၊ အင်ဒိုနီးရှားအသင်းက ရမှတ် ၉ ဒသမ ၅၈ မှတ်၊ ဘရူနိုင်းအသင်းက ရမှတ် ၉ ဒသမ ၅၅ မှတ်၊ လာအိုအသင်းက ရမှတ် ၉ ဒသမ ၄၁ မှတ် ရရှိခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၅ ❋

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော်ရှိ ပဏ္ဏသိဒ္ဓိအားကစားရုံ၌ကျင်းပသည့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိသည် အားကစားအဖွဲ့များအား တက်ရောက်အားပေးချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ မြို့ပြစနစ်ပီပြင်စေရန်နှင့် ဟန်ချက်ညီညီလည်ပတ်နိုင်ရန် မြို့မြို့မြေအသုံးချမှုဇုန်များ ခွဲခြားသတ်မှတ်မည်

သတင်း-ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင် ❖ ဓာတ်ပုံ-မြတ်သန္တာမောင်

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်မြို့၏ မြို့ပြစနစ်ပီပြင်စေရန်နှင့် ဟန်ချက်ညီညီလည်ပတ်နိုင်ရန် မြို့ပြမြေအသုံးချမှုဇုန်များ ခွဲခြားသတ်မှတ်ထားပြီဖြစ်ကြောင်း ဒီဇင်ဘာ ပထမပတ်အတွင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအစည်းအဝေးခန်းမတွင် ပြုလုပ်သော ရန်ကုန်မြို့၏ မြို့နယ်အလိုက် မြို့မြေအသုံးချမှုနှင့် အဆောက်အအုံတည်ဆောက်မှုဇုန်များဆိုင်ရာ အများပြည်သူဆွေးနွေးပွဲမှ သိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့ကို မြို့ပြမြေအသုံးချမှုဇုန်များ စနစ်တကျခွဲခြားသတ်မှတ်ခြင်းဖြင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုကို ရေရှည်ထိန်းသိမ်းနိုင်ရန်၊ မြို့နေပြည်သူများ လူမှုဘဝပတ်ဝန်းကျင်မြင့်မားစေရန်၊ ရန်ကုန်မြို့တော်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်မျှော်မှန်းကြောင်း ယင်းဆွေးနွေးပွဲမှ သိရသည်။

မြို့ပြမြေအသုံးချမှုနှင့်ပတ်သက်ပြီး ဇုန်များခွဲခြားသတ်မှတ်ရာတွင် ရန်ကုန်မြို့၏ တန့်သတ်သင့်သော

စာမျက်နှာ ၈ ကော်လံ ၆ ❋

ယနေ့မာတိကာ

မြောက်ကိုရီးယား နျူကလီးယားကင်းရှင်းရေးအတွက် တောင်ကိုရီးယားနှင့် အမေရိကန်တို့ လက်တွဲ — စာ-၄

အင်ဒိုနီးရှားကို သူလျှိုလုပ်မှု ဩစတြေးလျ ရပ်တန့်ပေးမည်မဟုတ် — စာ-၅

ရောဝတီမြစ်ကို အပြန်အလှန်ကူးခပ်၍ မြန်မာ့လက်ရွေးစင် မောင်မယ်များကို ဂုဏ်ပြု — စာ-၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆီးဂိမ်းပီတိ

ဆီးဂိမ်းပြိုင်ပွဲပင်နိုင်ငံတိုင်း၏နောက်တွင် ပြည်သူများ အားပေးနေကြသည်မှာ သေချာပါသည်။ ပြိုင်ပွဲတစ်ပွဲအနိုင်ရတိုင်း အားကစားသမားများ ပျော်ရွှင်ကြရသကဲ့သို့ အားပေးနေသော ပြည်သူများကလည်း ဂုဏ်ယူဝမ်းမြောက်မဆုံး ဖြစ်ကြရပါသည်။ အားကစားအောင်နိုင်ခြင်းသည် တစ်ဦးတစ်ယောက်အတွက် ပျော်ရွှင်နိုင်ခြင်းမဟုတ်ဘဲ ပြည်သူများကိုပါ အပျော်ကူးစက်ပီတိဖြစ်ကြရပါသည်။ ဂုဏ်ယူကြရပါသည်။ ဝမ်းသာကြည်နူးကြရပါသည်။ ''ဒါ ငါတို့မြန်မာကွ'' ဟူသော အမျိုးသားရေးစိတ်ဓာတ်များ နိုးထလှုပ်ရှားလာကြပါသည်။

မြန်မာအမျိုးသမီးခြင်းလုံးအဖွဲ့က အိမ်ရှင်မြန်မာအတွက် ပထမဆုံးရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးလိုက်ပြီဟူသော သတင်းကို ရုပ်မြင်သံကြားမှတစ်ဆင့် ကြည့်ရှုလိုက်ရချိန်တွင် မြန်မာပြည်သူတစ်ရပ်လုံး အုန်းအုန်းကျွက်ကျွက်အောင်ပွဲခံခဲ့ကြပါသည်။ ပျော်ရွှင်မြူးထူးခဲ့ရပါသည်။ သမ်းများပေါ်ထွက် ... ရန်သူစွန့် ''မြန်မာနိုင်ငံ'' ဟူသောသီချင်းကို ဆိုသူများကဆိုဖြင့် ပျော်ရွှင် **စရာအတိဖြစ်ခဲ့ကြရပါသည်။ ဝမ်းသာစိတ်ပွမ်းဆီထိ ဖြစ်ခဲ့ကြရ** ပါသည်။ ထို့ကြောင့်လည်း အားကစားအောင်နိုင်ခြင်းသည် အားလုံးအတွက်ဖြစ်သည်ဟု ဆိုကြခြင်းပင်ဖြစ်ပါသည်။

ဤကဲ့သို့သော ပျော်ရွှင်မှုမျိုးကို ဆက်လက်ခံစားချင်ပါဘိ။ လာမည့်ပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲတိုင်းအနိုင်ရအောင် ကြိုးစားပေးကြပါဟု မြန်မာအားကစားမောင်မယ်များအား တိုက်တွန်းပါသည်။ ကြိုးစားပေးကြစေလိုပါသည်။ မကြောက်မရွံ့မတွန့်သော ... စိတ်ဓာတ်အပြည့်အဝဖြင့် ပြိုင်ပွဲတိုင်းအနိုင်ရအောင် အားထုတ်ယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်။ ပြည်သူအပေါင်းက မြန်မာအား **ကစားသမားများ၏အောင်မြင်မှုကို စောင့်မျှော်အားပေးနေကြပါသည်။**

အားကစားသမားများက မိမိတို့၏ အိမ်ရှင်ပရိသတ်ရှေ့မှောက်တွင် အနိုင်ရအောင် ကြိုးစားအားထုတ်ယှဉ်ပြိုင်နေသကဲ့သို့ ပြည်သူများကလည်း အားပေးကြပါသည်။ မြန်မာအမျိုးသမီးခြင်းလုံးအဖွဲ့နှင့် အမျိုးသားခြင်းလုံးအဖွဲ့တို့ နိုင်ငံအတွက် ပွဲဦးထွက် ရွှေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ခဲ့သဖြင့် နိုင်ငံ့အတွက် ဂုဏ်ယူစရာဖြစ်ရပါသည်။ ပြည်သူများ၏ လက်ခုပ်သံသည် အားကစားသမားများအတွက် အားဆေးဖြစ်ရာ အားကစားသမားများ အောင်စိတ်ဓာတ်အထူးတက်ကြွ ပြင်းထန်လာမည်မှာ သေချာပါသည်။ အောင်မြင်မှုများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

အားကစားအောင်မြင်မှုတစ်ခုသည် ကိုယ်တိုင်ကြိုးစားအားထုတ်မှုနှင့် အားပေးချီးမြှောက်မှုတို့သည် ခွဲခြားမရနိုင်အောင် ဆက်စပ်နေပါသည်။ ပြည်သူများ၏ ချီးမြှောက်အားပေးမှုနှင့် အားကစားသမားများ၏ ကိုယ်တိုင်ကြိုးစား အားထုတ်မှုတို့သည် တိုက်ရိုက်ဆက်စပ်နေပါသည်။ အားပေးမှုမရှိသော အားကစားသည် ကြိုးစားမှုအားနည်းနိုင်ပါသည်။ အားပေးမှုကောင်းပါမှ ကြိုးစားအားထုတ်မှုသည်လည်း ကောင်းနိုင်ပါသည်။ အားပေးသည်ဆိုရာတွင် ငွေအား၊ လူအား၊ **စိတ်ဓာတ်အားတို့ဖြင့် အားပေးနိုင်မည်ဆိုလျှင် အားကစားသည် လျင်မြန်စွာတိုးတက်လာပြီး အောင်မြင်မှုများလည်း ရရှိနိုင်မည်** ဖြစ်ပါသည်။

သို့ဖြစ်၍ ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အတွင်း ကျင်းပမည့် ပြိုင်ပွဲများတွင် ကျွန်ုပ်တို့မြန်မာအားကစားမောင်မယ်များက မြန်မာ **ပြည်သူတစ်ရပ်လုံး ပမ်းမြောက်ဝမ်းသာ ဂုဏ်ယူပင်ကြွားနိုင်စေဖို့** အစွမ်းကုန် ကြိုးစားပြသိုက်ပါဦးဟူ၍ တိုက်တွန်းလိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ ဆီးဂိမ်းအားကစားပြိုင်ပွဲ(ရွက်လှေ)ကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ပုသိမ် ဒီဇင်ဘာ ၇

၂၀၁၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၈နာရီက ပုသိမ်မြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ (ပုသိမ်)၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး / ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ ထက်ရောက်ခဲ့ကြသည်။

ရေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် **''နိုင်ငံသားတိုင်း ကျန်းမာစေရန်၊ HIV/AIDS ကူးစက်ပျံ့နှံ့မှုလျော့နည်းစေရန်၊ ရောဂါကူးစက်ခံရသူများအား ထိရောက်စွာကူသမှုပေးနိုင်ရန်နှင့် ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက တထပ်ညီထက်ညီ ကြိုးဝမ်းဝါဝင်ဆောင်ရွက်သွားကြရန်''** တို့ကို ပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကြည်ဆွေက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားပေးခဲ့သည်။ ဆက်လက်၍ ၂၀၁၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံးနှင့် ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က အထက်တန်း၊ အလယ်တန်းအဆင့် (စာစီစာကုံးပြိုင်ပွဲ)တွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူက အထက်တန်း၊ အလယ်တန်းအဆင့် (ပန်းချီ၊ ပိုစတာပြိုင်ပွဲ)တွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို နံနက် ၈ နာရီခွဲတွင် ရုပ်သိမ်းခဲ့ကာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါပြခန်းအတွင်း ပြသထားသည့် မှတ်တမ်းဓာတ်ပုံများနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် မွန်းလွဲ ၁ နာရီခွဲတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တာဝန်ရှိ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် တာဝန်ရှိသူများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားထစားပြိုင်ပွဲ (ရွက်လှေ) ထျင်းပရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဆထ်လက်၍ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် တာဝန်ရှိသူများက ရွက်လှေအားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အင်ထာနက်လိုင်းချိတ်ဆက်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ငွေကြေးလိုလုယ်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရွက်လှေအားထစားပြိုင်ပွဲထွင် အားထစားသမားများအထွက် ကျန်းမာရေးစောင့်ရှောက်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မထီများမှ ထာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ရွက်လှေ)ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအထွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီးရှင်းလင်း ဆွေးနွေးတင်ပြခဲ့ကြပြီး တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေ ၃ နာရီထွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ထင်သာမြင်သာ မြူပြင်စရာ

ရပ်ကွက်အလယ်မှ စပါးခွံမှုံ မီးလောင်မှုဖြစ်ပွားနိုင်

ပဲခူးမြို့ ဥသာမြို့သစ်(၉) လာဂမိုနှင့် ပွဲစားကြီးကုန်းအကြား အမှတ်(၃)လမ်း တံပြက်စည်းစက်ရုံအနီးတွင် စပါးခွံများကို မီးထွင်းအခါမှစ၍ အမည်မသိလူထစ်ဦးက ပြောက်ဘီးကားဖြင့်တိုက်၍ လာလာပုံနေသည်ကို မကြာခဏတွေ့ရှိနေရသည်။ ယခုနွေရာသီ ပူပြင်းခြောက်သွေ့သည့်အချိန်ရောက်သော်လည်း မည်သည့်အဖွဲ့အစည်း အာဏာပိုင်များကမှ တားမြစ်ပြင်း၊ ဟန့်တားခြင်းမတွေ့ရပါ၍ ယခုအခါ စပါးခွံများမှာ တောင်လိုပုံနေပြီး လမ်းအလယ်ကောင်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ မသမာသူများ၏ဆောင်ရွက်မှုကြောင့် မီးလောင်မှု ဖြစ်ပွားစေနိုင်ပြီး အနီးအနားမှ အိမ်များမှာ မီးဘေးအန္တရာယ်ကြုံတွေ့နိုင်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ထိုစပါးခွံလာပုံသူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်တားမြစ်သင့်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

မင်းသစ္စာ(ပဲခူး)

မြန်မာ့လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ ပြပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံ လူငယ်စွန့်ဦးထီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော ဖြန်မာ့အလုပ်အကိုင်အခွင့်အလမ်းများ ပြပွဲကျင်းပမည်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံအထွင်းရှိ ဝန်ထမ်းကောင်းများရရှိရန် အခက်အခဲရှိနေသော လုပ်ငန်းရှင်များနှင့် အလုပ်ရှာဖွေနေသော လူငယ်လူရွယ်များအတွက် အချိန်ကုန် ငွေကုန်သက်သာစွာဖြင့် တစ်နေရာတည်းတွင် အလုပ်ရှင်များ၊ ကုမ္ပဏီများနှင့် ထိုက်ရိုက်တွေ့ဆုံကာ အင်ထာဗျူးများ ပြုလုပ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်ဟု သိရသည်။

ပြပွဲကျင်းပမည့် နေ့များတွင် ကျွမ်းကျင်သူများက လူငယ်များအထွက် အလုပ်အကိုင်နှင့် ပထ်သက်သော အကြံပေးဆွေးနွေးခြင်းများ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပထ်သက်သော ဗဟုသုထဖြစ်ဖွယ်များကို ရှင်းလင်းပညာပေးသွားမည် ဖြစ်ကြောင်းသိရသည်။ ပြပွဲ၌ ပြခန်း ၁၀၀ ကျော်ဖြင့် ပြသသွားမည်ထု သိရသည်။

အဆိုပါပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုရှေ့နေချုပ်၊ ဝဏ္ဏကျော်ထင်ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်ဂုဏ်ထူးဆောင်ဆု (International Jurist Award-2013)ကို ချီးမြှင့်ခြင်းခံရသည်အတွက် ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး
ဥပဒေအရာရှိများ

ပြည်တွင်းသတင်း

အိန္ဒိယနိုင်ငံ၌(၉)ကြိမ်မြောက် နိုင်ငံတကာဗုဒ္ဓဘာသာပိဋကတ်သုံးပုံရွတ်ဖတ်ပူဇော်ပွဲကျင်းပ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ တက်ရောက်ကြည်ညို

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မဟာဗောဓိစေတီတော်ရှိ သတ္တသတ္တာဟဌာနများအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၇

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သောအဖွဲ့ဝင် ၂၄ ဦးပါဝင်သည် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E.Shri Mohd Hamid Ansari နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Smt Meira Kumar တို့၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာ ၂ ရက်မှ ၆ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂ ရက် ညနေ ၃ နာရီတွင် ဗုဒ္ဓဂယာမဟာဗောဓိတွင် ကျင်းပသည့်(၉)ကြိမ်မြောက် နိုင်ငံတကာဗုဒ္ဓဘာသာပိဋကတ်သုံးပုံရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတကာဗုဒ္ဓဘာသာ ပိဋကတ်သုံးပုံရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဂယာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဉာဏိန္ဒ အမှူးပြုသော မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ တရုတ်နှင့် နီပေါနိုင်ငံတို့မှ ဖိတ်ကြားထားသော ဆရာတော်၊ သံဃာတော်များ၊ နိုင်ငံတကာဗုဒ္ဓဘာသာပိဋကတ်သုံးပုံရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရေးအဖွဲ့ဝင် ဆရာတော်များနှင့် မြန်မာနိုင်ငံမှ ရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသများအပါအဝင် အင်အား ၆၀၀၊ IBTC အဖွဲ့ဝင်နိုင်ငံများမှ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားကို မဟာဗောဓိတွင် ၂၀၀၅ ခုနှစ်မှစတင်၍ နှစ်စဉ် ဒီဇင်ဘာ ၂ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ရာ IBTC အဖွဲ့ဝင်နိုင်ငံများမှ အလှည့်ကျ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် (၈)ကြိမ်မြောက်နှင့် ယခု(၉)ကြိမ်မြောက် နိုင်ငံတကာဗုဒ္ဓဘာသာ ပိဋကတ်ရွတ်ဖတ်ပူဇော်ပွဲကို တာဝန်ယူဆောင်ရွက်ခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား ညနေ ၆ နာရီခွဲတွင် ဗီဟာပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ H.E.Shri U.N.Choudhary က The Royal Residency Hotel တွင် လာရောက်တွေ့ဆုံပြီး ဗုဒ္ဓဂယာသည် မြန်မာတို့ အလေးအမြတ်ထားရာ နေရာဖြစ်ကြောင်း၊ မြန်မာလူမျိုးများ ဗုဒ္ဓဂယာသို့ ဘုရားဖူး လာရောက်လျက်ရှိခြင်းဖြင့် ရှိပြီးဖြစ်သည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ယင်းသို့ခင်မင်ရင်းနှီးမှုသည် နှစ်နိုင်ငံအကျိုးကို ပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် မဟာဗောဓိစေတီသို့ ရောက်ရှိပြီး မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်ပြတ်အား ရွှေကြာသကန်းဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် သတ္တသတ္တာဟဌာနများအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဗုဒ္ဓဂယာမြန်မာကျောင်းသို့ ရောက်ရှိပြီး မြန်မာကျောင်းဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဗုဒ္ဓဂယာရှိ မင်းတုန်းမင်းကျောက်စာနှင့် မင်းတုန်းမင်း ဆောက်လုပ်ခဲ့သော အလျားပေ ၉၀၊ အနံပေ ၄၀ ရှိ အုတ်တိုက် အဆောက်အအုံကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကယားပြည်နယ်ရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၇

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် တယားပြည်နယ် ဖားဆောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနမှ ကဏ္ဍအလိုက် ဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများအားလုံး ပညာတတ်မြောက်ရေး၊ အိမ်တိုင်းလျှပ်စစ်မီးရရှိရေး၊ ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို အဓိကထားဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ကျေးရွာနှင့်ပတ်သက်သည် စာရင်းဇယားကိန်းဂဏန်းကောက်ယူခြင်းများဆောင်ရွက်နိုင်ရန် ကျေးရွာများတွင်ရှိသည် ပညာတတ်လူငယ်များအား စုစည်း၍ မွေးရေ/ကျေးလက်လူငယ်ဖွဲ့စည်းပြီး ဝန်ကြီးဌာန အစီအစဉ်ဖြင့် သင်တန်းဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူလူထုအားလုံး တညီတညွတ်တည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ကျေးရွာများ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားပြီး ကျေးရွာလူထု၏တင်ပြချက်အပေါ် လိုအပ်ချက်များဖြည့်ဆည်းပေးကာ နှစ်သစ်တးပြက္ခဒိန်များ၊ ကျေးလက်လူငယ်ဝတ်စုံများ၊ အဝတ်အထည်များ မိသားစုသုံး အိုးခွက်ပန်းကန်များနှင့် အားကစားပစ္စည်းများ ပေးအပ်သည်။

ထို့နောက် သလွင်တံတား (ဖားဆောင်း)တည်ဆောက်ရေးစီမံကိန်းနှင့် ဘော်လခဲမြို့ ပွန်ချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းတို့သို့ သွားရောက်ပြီး ဝန်ထမ်းများအားတွေ့ဆုံ၍ အဝတ်အထည်နှင့် နှစ်သစ်ကူးပြက္ခဒိန်များ ပေးအပ်သည်။ ယင်းနောက် ဘော်လခဲမြို့နယ် မိုင်ထန်းရွာဘုန်းကြီးကျောင်း၌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ **(အပေါ်ပုံ)** စာသင်ကျောင်းများအတွက် ကျောင်းသုံးပရိဘောဂများပေးခြင်း၊ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးခြင်း၊ တံတားဆောက်လုပ်ပေးခြင်း၊ ရေရရှိရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ပေးခြင်း Sky Net ရုပ်သံဖမ်းစက်များ လှူဒါန်းခြင်း၊ ပန်းပေါင်းစုံ ဘုရားဆင်းတုတော်များ၊ အဝတ်အထည် အသုံးအဆောင်များ၊ ပန်းကန်များနှင့် နှစ်သစ်တးပြက္ခဒိန်များ ပေးအပ်သည်။

ထို့နောက် ဖရူဆိုမြို့နယ် ထီပေါ့ဆိုရာအလယ်တန်းကျောင်းနှင့် ဒီးမော့ဆိုမြို့နယ် ဒေါပိုးစီရွာမူလတန်းကျောင်းတို့၌ ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံပြီး တစ်ဦးချင်းဝင်ငွေရရှိရေးအတွက် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ ကျေးရွာအရောက်ဖြန့်ဖြူးပေးနိုင်မှုအစီအစဉ်များ၊ ကျေးလက်လူငယ်သင်တန်းဖွင့်လှစ်ပေးရန် စီစဉ်ထားရှိမှုများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းပြောကြားကာ မူလတန်းကျောင်းသားကျောင်းသူများအား နွားနို့တိုက်ကျွေး၍ RIR မျိုး ကြက်ထီးများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်ပတ်သက်၍အကြံပြုချက်တောင်းခံခြင်းအပေါ် ဌာန၊ အသင်းအဖွဲ့ ပါတီအသီးသီးနှင့်ပုဂ္ဂိုလ်များထံမှ ရရှိမှုအခြေအနေ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး
ပူးပေါင်းကော်မတီ

သတင်းထုတ်ပြန်ချက်(၃/၂၀၁၃)
၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာထ ၆ ရက်)
ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ဝတ်သက်၍ အကြံပြုချက်တောင်းခံခြင်းအပေါ် ဌာန၊ အသင်းအဖွဲ့ပါတ်အသီးသီးနှင့်ပုဂ္ဂိုလ်များထံမှ ရရှိမှုအခြေအနေ သတင်းထုတ်ပြန်ခြင်း

၁။ ပြည်ထောင်စုသမ္မတပြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတ်မှ သတင်းထုတ်ပြန်ချက် (၁/၂၀၁၃) ဖြင့် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များထံမှ လေ့လာသုံးသပ်ချက်များနှင့် အကြံပြုချက်များကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီပေးပို့နိုင်ကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ သို့သော်လည်း ပြည်သူများ၊ အဖွဲ့အစည်းများ၊ ဌာနအသင်းအဖွဲ့ပါတ်များမှ ကျယ်ကျယ်ပြန့်ပြန့်အကြံပြုစာများ ရရှိရန် အလို့ငှာ (၃/၂၀၁၃) ပူးပေါင်းကော်မတီအစည်းအဝေးကို (၃၁-၁၀-၂၀၁၃) တွင် ကျင်းပခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသဘောတူညီချက်ဖြင့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်မတိုင်မီ ပေးပို့နိုင်ပါကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

၃။ သတင်းထုတ်ပြန်ချက်အရ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မတိုင်မီထိ အကြံပြုစာပေါင်း ၁၂၄ စောင် ရရှိခဲ့ပါသည်။

၄။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့မှဒီဇင်ဘာလ ၅ ရက်နေ့အထိ အကြံပြုစာပေါင်း ၃၁၆ စောင်ရရှိခဲ့ပါသည်။

၅။ သို့ပါ၍ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့အထိ အကြံပြုစာပေါင်း ၄၄၀ စောင်ရရှိခဲ့ပြီး ပါတီအဖွဲ့အစည်းနှင့် အသင်းအဖွဲ့အသီးသီးမှ-

(က) အခန်း(၁)တွင် အကြံပြုချက် (၅၉၀) ချက်၊	(ဋ) အခန်း(၁၁)တွင် အကြံပြုချက် (၈၃) ချက်၊
(ခ) အခန်း(၂)တွင် အကြံပြုချက် (၃၆) ချက်၊	(ဌ) အခန်း(၁၂)တွင် အကြံပြုချက် (၂၁၈) ချက်၊
(ဂ) အခန်း(၃)တွင် အကြံပြုချက် (၂၆၁) ချက်၊	(ဍ) အခန်း(၁၃)တွင် အကြံပြုချက် (၁၁) ချက်၊
(ဃ) အခန်း(၄)တွင် အကြံပြုချက် (၃၀၉) ချက်၊	(ဎ) အခန်း(၁၄)တွင် အကြံပြုချက် (၂၂) ချက်၊
(င) အခန်း(၅)တွင် အကြံပြုချက် (၄၃၈) ချက်၊	(ဏ) အခန်း(၁၅)တွင် အကြံပြုချက် (၁၂) ချက်၊
(စ) အခန်း(၆)တွင် အကြံပြုချက် (၁၇၉) ချက်၊	(တ) ဇယား(၁)တွင် အကြံပြုချက် (၅၉) ချက်၊
(ဆ) အခန်း(၇)တွင် အကြံပြုချက် (၂၈) ချက်၊	(ထ) ဇယား(၂)တွင် အကြံပြုချက် (၄၅) ချက်၊
(ဇ) အခန်း(၈)တွင် အကြံပြုချက် (၁၂၀) ချက်၊	(ဒ) ဇယား(၃)တွင် အကြံပြုချက် (၁၀) ချက်၊
(ဈ) အခန်း(၉)တွင် အကြံပြုချက် (၄၉) ချက်၊	(ဓ) ဇယား(၄)တွင် အကြံပြုချက် (၁) ချက်၊
(ည) အခန်း(၁၀)တွင် အကြံပြုချက် (၂၀) ချက်၊	(န) ဇယား(၅)တွင် အကြံပြုချက် (၂၁) ချက်၊

စုစုပေါင်း အကြံပြုချက် (၂၅၁၂) ရရှိပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း အကြံပြုစာများရောက်ရှိလျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတ်

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ကျော်ဖုံးမှ

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

နယ်လ်ဆင်မင်ဒဲလား ဈာပန ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပမည်

ဂျိုဟန်နစ္စဘတ် ဒီဇင်ဘာ ၇

သမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလား၏ ဈာပနအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်တွင်ကျင်းပမည်ဖြစ်ကြောင်း တောင်အာဖရိကအစိုးရက ယမန်နေ့က ကြေညာလိုက်သည်။

ဂျိုဟန်နစ္စဘတ်ရှိ မင်ဒဲလားမိသားစုထံ သမ္မတဂျက်ကော့ဘ်ဇူးမား သွားရောက်ခဲ့ပြီးနောက် အဆိုပါ ဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ဒီဇင်ဘာ ၅ ရက် ညသန်းခေါင်မတိုင်မီလေးမှာပင် သမ္မတဇူးမားက အသက် ၉၅ နှစ်အရွယ်ရှိ အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေး၏ မီးရှူးတန်ဆောင် ပုဂ္ဂိုလ်ကြီးသည် ည ၈ နာရီ မိနစ် ၅၀ တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

သင်္ဂြိုဟ်မည်နေ့ရက်မတိုင်မီ ၁၀ ရက်တာကာလကို တစ်မျိုးသားလုံး ဝမ်းနည်းကြေကွဲခြင်းကာလအဖြစ် သတ်မှတ်သွားမည်ဖြစ်သည်။ **(ဆင်ဟွာ)**

တရုတ်လေကြောင်းကာကွယ်ရေးဇုန်ကိစ္စတင်းမာမှုများနှင့်ပတ်သက်၍ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးက အသေးအဖွဲကိစ္စ အဖြစ်ပြောကြား

ပေကျင်း ဒီဇင်ဘာ ၇

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့်တောင်ကိုရီးယားအစိုးရတို့ကိုပါ စိတ် အနှောင့်အယှက်ဖြစ်စေခဲ့သော တရုတ်နိုင်ငံ၏ အငြင်းပွားဖွယ် လေကြောင်းကာကွယ်ရေးဇုန် သတ်မှတ်မှုအပေါ် တင်းမာမှုများနှင့်ပတ်သက်၍ အသေးအဖွဲကိစ္စတစ်ခုအဖြစ် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့က ပြောကြားလိုက်သည်။

ဩစတြေးလျနိုင်ငံ အနေဖြင့် မိမိတို့ဒေသအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် စိုးရိမ်ပူပန်ခဲ့ရကြောင်း၊ မည်သို့သော တင်းမာမှု မြင့်တက်လာခြင်းမျိုးကိုမှ မတွေ့ မြင်လိုကြောင်းဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ရိနှင့်လေးနာရီကြာ တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ဘစ်ရှော့က ပြောကြားသည်။

မိမိတို့အနေဖြင့် တင်းမာမှုများ မြင့်တက်မလာခြင်းကိုသာ မြင်လိုကြောင်း၊ အရှေ့တရုတ်ပင်လယ်၊ တောင်တရုတ်ပင်လယ်နှင့် ဒေသတစ်ခုလုံးငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် မိမိတို့၏ အကျိုးစီးပွား၊ မိမိတို့ဒေသတွင်းနိုင်ငံများ၏ အကျိုးစီးပွားဖြစ်ကြောင်း ၎င်းကပြောကြားသည်။ တရုတ် ခေါင်းဆောင်များနှင့် ဆွေးနွေးမှုအတွင်း လေကြောင်းကာကွယ်ရေးဇုန် သတ်မှတ်မှုနှင့်ပတ်သက်၍ ခဏတစ်မြုတ်သာ ဆွေးနွေးခဲ့ကြောင်း၊ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စများကိုသာ အချိန်ပေးဆွေးနွေးခဲ့ကြောင်း ဘစ်ရှော့ကပြောကြားသည်။

နှစ်ဖက်တာဝန်ရှိသူများအကြား တင်းမာမှုများပြသခဲ့ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးက တရုတ်လေကြောင်း ကာကွယ်ရေးဇုန် သတ်မှတ်မှုအပေါ် ဩစတြေးလျ၏ အပြောအဆိုနှင့် အပြုအမူများက နှစ်ဖက် အပြန်အလှန်ယုံကြည်မှုကို ပျက်ပြားစေကြောင်း တိတိတတ တုတ်မှတ်ချက်ပြုခဲ့သည်။ **(ရိုက်တာ)**

အမေရိကန် တိုက်လေယာဉ် ဗုံးကြဲလေ့ကျင့်ခန်း အိုကီနာဝါမှ အော်မိုရီသို့ ပြောင်းရွှေ့

တိုကျို ဒီဇင်ဘာ ၇

တောင်ပိုင်းပြည်နယ် အိုကီနာဝါ၏ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချသည့်အနေဖြင့် အမေရိကန် ဂျက်တိုက်လေယာဉ်များပါဝင်သည့် ဗုံးကြဲစစ်ရေးလေ့ကျင့်မှုကို အော်မိုရီဒေသသို့ မတ်လမတိုင်မီရွှေ့ပြောင်းရန် အမေရိကန်နိုင်ငံနှင့် သဘောတူညီထားကြောင်း ဂျပန်နိုင်ငံက ဒီဇင်ဘာ ၆ ရက်တွင်ပြောကြားခဲ့သည်။

အိုကီနာဝါရှိ အမေရိကန် ကမ်းတက်တပ်ဖွဲ့၏ ဖူတင်မာ လေတပ်အခြေစိုက်စခန်းတွင်ရှိသော အမ်ဗွီ-၂၂ အော့စပရေး လေယာဉ်များကို အသုံးပြုရန် ဖေဖော်ဝါရီလကုန်ပိုင်းမှ မတ်လလယ်အထိ နအီဂါတာနှင့် ဂွန်မာပြည်နယ်များရှိ လေ့ကျင့်ရေးဒေသများတွင် ပြုလုပ်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၌ ဂျပန်နှင့်အမေရိကန်တို့ ပါဝင်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး အီဆူနိုရီအိုနိုဒီရာက ပြောကြားခဲ့သည်။

အမေရိကန်ကမ်းတက်တပ်ဖွဲ့၏ အက်ဖ်အေ-၁၈ ဂျက်လေယာဉ်များကို ကာဒီနာလေတပ်အခြေစိုက်စခန်းမှ လေ့ကျင့်ပျံသန်းခဲ့သောကြောင့် အိုကီနာဝါ၏ ပင်မကျွန်းတွင်ဖြစ်ပေါ်သော ဆူညံမှုကို လျှော့ချရန် အော်မိုရီပြည်နယ် မီစာဝါနှင့် ရှော့ကာရှီးဒေသများတွင် ဗုံးကြဲလေ့ကျင့်ခန်းကို ပြောင်းရွှေ့ပြုလုပ်မြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ **(ကျိုဒို)**

မငြိမ်သက်မှုများကြောင့် ထိုင်းဝန်ကြီးချုပ် နိုင်ငံခြားခရီးစဉ် ဖျက်သိမ်း

ဗန်ကောက် ဒီဇင်ဘာ ၇

ထိုင်းဝန်ကြီးချုပ် ရင်လပ်သည် နိုင်ငံရေးအခြေအနေများကို စောင့်ကြည့်ရန်အလို့ငှာ စီစဉ်ပြီးဖြစ်သည့် နိုင်ငံခြားခရီးစဉ် သုံးခုကို ဖျက်သိမ်းလိုက်သည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာ ၆ ရက်က ပြောကြားခဲ့သည်။

ရင်လပ်သည် ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တွင် ရုရှားနိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်ကို ဖျက်သိမ်းပြီး ဒီဇင်ဘာ ၁၁ ရက်တွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ မိမိကိုယ်စား တက်ရောက်ရန် ဝန်ကြီးတစ်ဦးအား တာဝန်ပေးခဲ့ကြောင်း ဗန်ကောက်ပို့စ် သတင်းစာက ဆိုသည်။

တိုကျိုတွင် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် အာဆီယံ ဂျပန်ထိပ်သီးအစည်းအဝေးကို ၎င်း၏ကိုယ်စားတက်ရောက်ရန် ဝန်ကြီးတစ်ဦးအား စေလွှတ်ရေးအတွက် ဆုံးဖြတ်ခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ကာလရှည် အစိုးရဆန့်ကျင်ဆန္ဒပြမှုများသည် ထိုင်းဘုရင်မင်းမြတ်၏ သက်တော် (၈၆)နှစ်မြောက် မွေးနေ့ပွဲကြောင့် ဒီဇင်ဘာ ၅ ရက်က ရပ်ဆိုင်းခဲ့သည်။ **(ဆင်ဟွာ)**

အမေရိကန်စစ်မှုထမ်းဟောင်း မာရေလ်နယူးမန်းကို ပေကျင်းလေဆိပ်၌တွေ့ရစဉ်။ (ရိုက်တာ)

အမေရိကန်စစ်မှုထမ်းဟောင်း နယူးမန်းအား မြောက်ကိုရီးယားအစိုးရက ပြန်လွှတ်ပေး

ပေကျင်း ဒီဇင်ဘာ ၇

လွန်ခဲ့သည့် နှစ် ၆၀ ကိုရီးယားစစ်ပွဲကာလအတွင်းကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက်ဟုဆိုကာ အသက် ၈၅ နှစ်အရွယ် အမေရိကန်စစ်မှုထမ်းဟောင်းတစ်ဦးကို မြောက်ကိုရီးယားက တစ်လကျော်ကြာ ဖမ်းဆီးထိန်းသိမ်းထားခဲ့ပြီးနောက် ယနေ့ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်သည်။

မာရေလ်နယူးမန်းအမည်ရှိ အဆိုပါစစ်မှုထမ်းဟောင်းသည် မြောက်ကိုရီးယားမှ တရုတ်နိုင်ငံသို့ ရောက်ရှိလာပြီး မကြာမီနေရပ်သို့ ပြန်ဖွယ်ရှိကြောင်း သတင်းတစ်ရပ်က ဖော်ပြသည်။

မြောက်ကိုရီးယား၏တရားဝင်သတင်းဌာန ကေစီအင်န်အေက နယူးမန်းသည် ၎င်း၏အမှားများကို ဝန်ခံပြီး တောင်းပန်ခဲ့ခြင်းကြောင့် လူသားချင်းစာနာထောက်ထားမှုအရ ၎င်းအားပြည်နှင်ဒဏ်ပေးလိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

ဌာနေသို့ပြန်ရပြီဖြစ်သည့်အတွက် လွန်စွာဝမ်းမြောက်ပါကြောင်း၊ မြောက်ကိုရီးယားအစိုးရ၏နားလည်ခွင့်လွှတ်ပေးမှုနှင့်ပြန်လွှတ်ပေးမှုတို့အပေါ် ကျေးဇူးတင်ကြောင်း၊ မိမိကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်းနှင့် အိမ်သို့ပြန်၍ ဇနီးကိုတွေ့လိုကြောင်းဖြင့် ပေကျင်းလေဆိပ်၌ဂျပန်သတင်းထောက်များနှင့်တွေ့ဆုံစဉ် နယူးမန်းက ပြောကြားသည်။

နယူးမန်းသည် ၁၉၅၀-၁၉၅၃ ကိုရီးယားစစ်ပွဲကာလက အမေရိကန်အထူးတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး မြောက်ပိုင်းဆိုရယ်လစ်ဝါဒီများကို ဆန့်ကျင်တိုက်ခိုက်သည့် ပြောက်ကျားများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့သူဖြစ်ကာ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ပြုံယမ်းအစိုးရ၏ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ **(ရိုက်တာ)**

မြောက်ကိုရီးယားနျူကလီးယားကင်းရှင်းရေးအတွက် တောင်ကိုရီးယားနှင့်အမေရိကန်တို့ လက်တွဲ

ဆိုးလ် ဒီဇင်ဘာ ၇

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးနှင့် အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်တို့သည် မြောက်ကိုရီးယား နျူကလီးယား ကင်းရှင်းစေရေးအတွက် ပူးတွဲလုပ်ဆောင်သွားကြရန် ဒီဇင်ဘာ ၆ ရက်က သဘောတူညီခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ယွန်ဗြောင်ဆေးက တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှုကို အခြေခံပြီး မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်များကို ဖျက်သိမ်းရာတွင် တိုးတက်မှု ခိုင်ခိုင်မာမာ ရရှိစေရန် ပိုမိုကြိုးပမ်းသွားရေးအတွက် သဘောတူညီခဲ့ကြကြောင်းနှင့် ပြုံယမ်း၏ နျူကလီးယားနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို တားဆီးရန် အတွက်ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သမ္မတရုံး ချောင်ဝါဒေးတွင် ကျင်းပခဲ့သော တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ ဆွေးနွေးပွဲ အကြောင်းအရာကို အဆိုပါဝန်ကြီးက သတင်းထောက်များအား ရှင်းပြခဲ့သည်။ မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်များသည် လက်ခံနိုင်ဖွယ်ရာ မရှိသည့်အတွက် မူဝါဒများနှင့်အညီ နျူကလီးယား ကင်းရှင်းစေရေး ရည်မှန်းချက်ကို အောင်မြင်စေရန် တရုတ်နိုင်ငံ၏ ကြိုးပမ်းမှုများအား တောင်ကိုရီးယားနှင့်အမေရိကန်တို့က အလေးထားခဲ့ကြသည်။

ထို့ပြင် ခြောက်နိုင်ငံပါဝင်သော ဆွေးနွေးပွဲတွင် နျူကလီးယား ကင်းရှင်းစေရေးနှင့် ပတ်သက်၍ ပြုံယမ်းအနေဖြင့် မိမိ၏ရိုးသားမှုကို ဖော်ပြရန် တွန်းအားပေးရေးအတွက် ကြိုးပမ်းရန်လိုအပ်ကြောင်း မဟာမိတ်နှစ်နိုင်ငံက အမြင်ချင်း ဖလှယ်ခဲ့ကြသည်ဟု ယွန်က ဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုရှေ့နေချုပ်၊ ဝဏ္ဏကျော်ထင်ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်ဂုဏ်ထူးဆောင်ဆု (International Jurist Award-2013)ကို ချီးမြှင့်ခြင်းခံရသည်အတွက် ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်ဥပဒေအရာရှိနှင့်
ခရိုင်အတွင်းရှိ ဥပဒေအရာရှိများ

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုရှေ့နေချုပ်၊ ဝဏ္ဏကျော်ထင်ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်ဂုဏ်ထူးဆောင်ဆု (International Jurist Award-2013) ကို ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေအရာရှိနှင့်
ခရိုင်အတွင်းရှိ ဥပဒေအရာရှိများ

အင်ဒိုနီးရှားကိုသူလျှိုခိုးနားထောင်မှု ဩစတြေးလျရပ်တန့်ပေးမည်မဟုတ်

ကင်ဘာရာ ဒီဇင်ဘာ ၇

နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးတင်းမာမှု မြင့်တက်လာသော်လည်း ဩစတြေးလျနိုင်ငံက အင်ဒိုနီးရှားနိုင်ငံအပေါ် သူလျှိုလုပ်ခြင်းကို ရပ်တန့်ပေးမည်မဟုတ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့တ်က ပြောသည်။ မစ္စတာတိုနီအက်ဘော့တ်က ဩစတြေးလျ Fairfax Network နှင့် တွေ့ဆုံရာတွင် အထက်ပါအတိုင်း မှတ်ချက်ပြုပြောဆိုလိုက်ခြင်းဖြစ်သည်။ ဩစတြေးလျနိုင်ငံက အင်ဒိုနီးရှားနိုင်ငံကို သူလျှိုလုပ်မှု ရပ်တန့်ပေးရန် အစီအစဉ်ရှိမရှိဆိုသည့်မေးမြန်းခြင်းကို အက်ဘော့တ်က မရှိကြောင်း ပြန်ပြောလိုက်သည်။ **(ပရက်စ်တီဗွီ)**

အီရန်ရေငုပ်သင်္ဘော အိန္ဒိယရောက်

တီဟီရန် ဒီဇင်ဘာ ၇

အီရန်နိုင်ငံ၏ အမှတ်(၂၈) စစ်သင်္ဘောအုပ်စုသည် အိန္ဒိယနိုင်ငံ အနောက်ဝိုင်းဆိပ်ကမ်းမြို့ မွမ်ဘိုင်း၌ကျောက်ချဆိုက်ကပ်ခဲ့ကြောင်း ၎င်းသင်္ဘောအုပ်စုတွင် အီရန်နိုင်ငံ၏ပထမဆုံး စူပါဟီးရေငုပ်သင်္ဘောလည်း ပါဝင်ကြောင်း အီရန်တပ်မှူးတစ်ဦးက ပြောသည်။

လုံခြုံရေးဆောင်ရွက်ပေး

အဆိုပါရေတပ်သင်္ဘောအုပ်စုတွင် Alborz ဖျက်သင်္ဘော၊ ထောက်ပံ့ရေးရေယာဉ် Bandar Abbas နှင့် Bell 212 ရဟတ်ယာဉ်တင် သင်္ဘောများသည် ကီလိုမီတာ ၃၀၀၀ ခရီးသွားခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် ရောက်ရှိခဲ့ကြောင်း အီရန်ရေတပ် ဒုတိယတပ်မှူး ဆီယာဗက်ဂျာရက်က ဒီဇင်ဘာ ၅ ရက်တွင် ပြောသည်။ အီရန်ရေတပ်အမှတ်(၂၈)သင်္ဘောအုပ်စုသည် အိန္ဒိယသမုဒ္ဒရာအတွင်း ပင်လယ်ဓားပြတိုက်ခိုက်မှုကာကွယ်ရေး လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ ကြောင်း ၎င်းကပြောသည်။

(ဝရက်စ်တီဗွီ)

တရုတ်၏လေကြောင်းဇုန်သတ်မှတ်မှု အမေရိကန်အသိအမှတ်မပြုဟုဆို

ဝါရှင်တန် ဒီဇင်ဘာ ၇

တရုတ်နိုင်ငံ၏ အရှေ့တရုတ်ပင်လယ်အတွင်း လေကြောင်းကာကွယ်ရေးဇုန်သတ်မှတ်ခြင်းသည် ဆွပေးခြင်းဖြစ်၍ အသိအမှတ်မပြုနိုင်ကြောင်း၊ အမေရိကန်က အခိုင်အမာပြောကြားသည်။

"အမေရိကန်နိုင်ငံအနေနဲ့ ဒီကိစ္စကို အသိအမှတ်မပြုနိုင်သလို လက်လည်းမခံပါဘူး။ အမေရိကန်ရဲ့ ဒေသတွင်းလေယာဉ်လမ်းကြောင်းတွေလည်း ပြောင်းလဲ ပေးမှာမဟုတ်ပါဘူး" ဟု အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျေးကာနေးက ဒီဇင်ဘာ ၅ ရက်တွင်ပြောကြားသည်။

ပေကျင်းက နိုဝင်ဘာ ၂၃ ရက်တွင် အရှေ့တရုတ်ပင်လယ်အပေါ် လေကြောင်းကာကွယ်ရေးဇုန် ထူထောင်လိုက်သည်။ စစ်ရေးနှင့် စီးပွားရေးလုပ်ငန်းလေယာဉ်များ ၎င်းလေကြောင်း ဇုန်အတွင်း ဝင်ရောက်ပါက တရုတ်နိုင်ငံအစိုးရကို ကြိုတင်အသိပေးရမည်ဟု ဆိုသည်။ ယင်းကဲ့သို့ ဆောင်ရွက်မှုအပေါ် ဝါရှင်တန်နှင့် ၎င်း၏အာရှ ပစိဖိတ်မဟာမိတ်များက ဝေဖန်ပြစ်တင်လျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

မောင်နွေသစ် - စုစည်းသည်

ပင်လည်ဘူးမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ကသာ ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် တောင်ခြေရင်းကျေးရွာအနီးတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃ ရက်က ပင်လည်ဘူးရဲစခန်းမှ ဒုရဲအုပ်သန်းထွန်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ တောင်ခြေရင်း ကျေးရွာအနီး လှည့်ကင်းဆောင်ရွက်နေစဉ် ရွာ၏ အနောက်ဘက် ၁ ဖာလုံခန့်အကွာ လှည်းလမ်းပေါ်တွင် ဆိုင်ကယ်စီးနင်းလာသူ ငွေအေးဆိုသူကို ရပ်တန့် စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အကျႌအိတ်ကပ်ထဲမှ ဘိန်းမည်း ၂၄၄ ဒသမ ၉၅ ဂရမ်နှင့် WYစာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ခြောက်ပြားထိုက် ရှာဖွေ တွေ့ရှိခဲ့သည်။

ငွေအေး၏အစစ်ခံထွက်ဆိုချက်အရ မူးယစ်ဆေးဝါးများကို ဗန်းမောက်မြို့နယ် ဟော်ယောကျေးရွာနေ အမည်မသိသူတစ်ဦးထံမှ သုံးစွဲရောင်းချရန် ဝယ်ယူခဲ့ပြီး ဟော်ယောရွာမှ တောင်ခြေရင်းရွာသို့ ဆိုင်ကယ်ဖြင့် သယ်ဆောင်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။ **လှအောင်(ကသာ)**

- - - - - - - - - - - -

တစ်ရပ်ကွက်တည်းနေသူက ဓားဖြင့် ခုတ်သဖြင့် အရေးယူ

ရန်ကုန် ဒီဇင်ဘာ ၇

ဒီဇင်ဘာ ၅ ရက် ည ၁၁ နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်ဆေးရုံ၌ ဓားခုတ်ခံရသည် လူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ တာဝန်ရှိသူများသွားရောက်စစ်ဆေးရာမြို့ဟောင်း အရှေ့ရပ်ကွက် ကမ်းနားလမ်းနေသူ မြဝင်း(၄၇နှစ်)တွင် ဒဏ်ရာများတွေ့ရှိရသဖြင့် မေးမြန်းစစ်ဆေးရာ ၎င်းသည် ည ၁၀ နာရီက နေအိမ်အနီးရှိ လမ်းမပေါ်တွင်ရှိစဉ် တစ်ရပ်ကွက်တည်းနေသူ နေလင်းဦးအပါအဝင် လူ သုံးဦးက ဓားဖြင့်ခုတ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး အရေးယူပေးပါရန်တိုင်ကြားသဖြင့် သန်လျင်မြို့ရဲမစခန်းမှနေလင်းဦးပါ သုံးဦးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်လျင် - ဖြိုးမင်းလတ်**

ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

ဂန့်ဂေါတွင် ဂေါက်လေ့ကျင့်ရေးကွင်းဖွင့်

ဂန့်ဂေါ ဒီဇင်ဘာ ၇

ဂန့်ဂေါမြို့ ဂေါက်လေ့ကျင့်ရေးကွင်းဖွင့်ပွဲကို နိုဝင်ဘာ ၃၀ ရက်က အဆိုပါ ဂေါက်လေ့ကျင့်ရေးကွင်းအဆောက်အအုံရှေ့၌ကျင်းပရာ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမင်းထွန်းက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်၊ မြို့မိမြို့ဖများဖြစ်ကြသော ဒေါက်တာကျော်ငြိမ်း၊ ဦးငွေလွင်နှင့်ဦးသန်းထွန်းတို့က ကျေးဇူးတင်စကားများပြောကြားကြသည်။

ထို့နောက်အဆိုပါ ဂေါက်လေ့ကျင့်ရေးကွင်းကို မြစ်သာတမံ ဘက်စုံစီမံကိန်းလက်ထောက် ညွှန်ကြားရေးမှူး ဦးခင်ဇော်၊ မြို့မိမြို့ဖများဖြစ်ကြသော ဦးမြို့ဖေနှင့်ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။ **(အပေါ်ပုံ) (၁၀၁)**

ကောလင်းမြို့နယ် ပေကုန်းရွာတွင် လူသတ်မှုဖြစ်ပွား

ကောလင်း ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ပေကုန်းရွာတွင် လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် ည ၈ နာရီက ပေကုန်းရွာနေ ကိုဝင်းလှိုင်သည် နေအိမ်တွင် ရှိနေစဉ် နေအိမ်မြောက်ဘက် နှစ်ဖာလုံခန့်အကွာမှ "လာကြပါဦး" ဟု အော်သံများကြား၍ သွားရောက်ခဲ့ရာ ဦးအောင်ငြိမ်း၏ နေအိမ်ရှေ့လမ်းမပေါ်တွင် အစ်ကိုဖြစ်သူ အောင်ဆန်းမှာ လည်ပင်းတွင်ထိုးသွင်း ဒဏ်ရာနှစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရ၍ ဦးအောင်ငြိမ်းအား မေးမြန်းရာ မောင်ဆန်းမှာ တစ်ရွာတည်းနေ ဇော်လင်း၊ ဖိုးတုတ်တို့နှင့်အတူ အရက်သောက်စားပြီး စကားများရန်ဖြစ်ကြရာ ဇော်လင်းနှင့် ဖိုးတုတ်တို့က ဓားချွန်ဖြင့် ထိုးသတ်သွားခဲ့ကြောင်း ပြောပြသိရှိရ၍ ဓားဖြင့်ထိုးသူနှစ်ဦးအပေါ် ဥပဒေအရ အရေးယူပေးပါရန် ပေကုန်းရွာ ကောလင်းမြို့နယ်နေသူဦးဝင်းလှိုင်က တရားလိုပြုလုပ်၍ တိုင်ကြားထားသောအမှုဖြစ်သည်။

သို့ဖြစ်၍ ပေကုန်းရွာ ကောလင်းမြို့နယ်နေသူ ဇော်လင်း (၂၀နှစ်)၊ တောင်သူ ပေကုန်းရွာ ကောလင်းမြို့နယ်နေသူ ဖိုးတုတ် (ခ) မင်းမင်းထိုက် (၂၀)နှစ်တို့အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လှအောင်(ကသာ)

ထိုင်းတောင်ပိုင်း တရာရ်မြို့တွင် မြန်မာအလုပ်သမား ၅၅ ဦးအားဖမ်းဆီး

ဗန်ကောက် ဒီဇင်ဘာ ၇

ဗန်ကောက်မြို့အရှေ့ဘက် ၃၁၅ ကီလိုမီတာအကွာတွင်ရှိသော တရာရ်မြို့တွင် မြို့ခံများ၏တိုင်ကြားမှုကြောင့် နယ်မြေရဲများ ဝိုင်းဝန်းဖမ်းဆီးသဖြင့် မြန်မာအမျိုးသား ၄၄ ဦးနှင့်အမျိုးသမီး ၁၁ ဦးတို့ကို ဒီဇင်ဘာ ၁ ရက်က ဖမ်းဆီးခံလိုက်ရကြောင်း ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့က ဆက်သွယ်ပြောကြားခဲ့သည်။

ဝင်ရောက်

အဆိုပါတရာရ်မြို့မှာ နိုင်ငံခြားခရီးသွားများ အရောက်များသည့်မြို့ဖြစ်သဖြင့် ဧည့်သည်များဝင်ရောက်မှုစနစ်တကျဖြစ်စေရန်ဟု တာဝန်ရှိရဲအရာရှိကဖြောကြောင်း ထိုင်းနိုင်ငံထုတ် ထိုင်းရတ်သတင်းစာတွင်ဖော်ပြခဲ့သည်။

ဖမ်းဆီးခံထားရသူများမှာ ပန်းရန်အလုပ်သမားများနှင့် စားသောက်ဆိုင်များတွင် အလုပ်လုပ်နေကြသည် မြန်မာများဖြစ်ကြောင်းသိရပြီး ၎င်းတို့အား တရားမဝင် ဝင်ရောက်လာမှုဖြင့် ထောင်ချပြီး နယ်စပ်ကိုပြန်ပို့မည်ဟု ထိုင်းရတ်သတင်းစာတွင် ရေးသားထားကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့က ဆိုသည်။

စိုးဝင်း(SP)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုရှေ့နေချုပ်၊ ဝဏ္ဏကျော်ထင်ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurist Award-2013) ကို ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်လျက် ရှိပါသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်ဥပဒေအရာရှိနှင့် ခရိုင်အတွင်းရှိ ဥပဒေအရာရှိများ

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုရှေ့နေချုပ်၊ ဝဏ္ဏကျော်ထင်ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurist Award-2013)ကို ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူပမ်းမြောက်လျက် ရှိပါသည်။

ရန်ကုန်တောင်ပိုင်းခရိုင်ဥပဒေအရာရှိနှင့် ခရိုင်အတွင်းရှိ ဥပဒေအရာရှိများ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မြန်မာစါကျထဲက 'ဖူးစတော့'နှင့် 'ကော်မာ'

မောင်ခင်မင်(ဓနုဖြူ)

ယနေ့စကားဝိုင်းဖွဲ့ဖြစ်သော အကြောင်းအရာမှာ ပုဒ်ဖြတ်၊ ပုဒ်ရပ်များ အကြောင်းပြစ်သည်။

မြန်မာစာဆရာမအဖြစ် အထက်တန်းကျောင်းသားများကို စာသင်နေသော မိတ်ဆွေအမျိုးသမီးက စပြောသည်။

"မြန်မာစာရေးရာမှာ ပါကျတစ်ခုဆုံးရင် နှစ်ချောင်းပုဒ်ချရမယ်ဆိုတဲ့ စည်းကမ်းကို ကျောင်းသားအတော်များများ သတ်မထားကြဘူး။ တချို့က ပါကျအဆုံးမှာ နှစ်ချောင်းပုဒ် မချဘဲ ဒီအတိုင်းထားကြတယ်။ တချို့ကတော့ ဒါထက်ဆိုးတယ်။ ပါကျဆုံးတာနဲ့ ဒေါက်ခနဲ အစက်တစ်စက်ချလိုက်ရော။ သူတို့ကို မေးကြည့်တော့ အင်္ဂလိပ်စာရေးရင် ပါကျအဆုံးမှာ 'ဖူးစတော့' ချနေကျမို့ ယောင်သွားပြီး အစက်ချတာတဲ့ရင်"

"အင်း- အင်္ဂလိပ်စာရေးရင်တော့ 'ဖူးစတော့'ချဖို့ မမေ့ဘဲ မြန်မာစာရေးတော့မှ နှစ်ချောင်းပုဒ်ချဖို့ မေ့ရတယ်လို့ဗျာ" ဘာသာပြန်ဆရာက မကျေမနပ်ပြောလိုက်သည်။

"ဒါတင် ဘယ်ကမလဲ။ ဝါကျထဲမှာ ဆင်တူအချက် နှစ်ချက်သုံးချက် တန်းစီပြီးရေးရင် ကြားမှာ တစ်ချောင်းပုဒ်တွေချရမှာ မချဘဲ အင်္ဂလိပ်စာရေးသလို 'ကော်မာ'တွေ ခံရေးတာမျိုးလည်း တော်တော်တွင်ကျယ်နေတယ်ဗျ။ ဟောဒါမျိုးပေါ့ဗျာ"

ကျွန်တော်က ပြောရင်း စာရွက်တစ်ရွက်မှာ ပါကျတစ်ခု ရေးပြလိုက်သည်။ "ရန်ကုန်မြို့, မန္တလေးမြို့, မော်လမြိုင်မြို့တို့တွင် မိုးရွာမည်" ဟူသော ပါကျဖြစ်သည်။

"အဲဒီကော်မာတွေနေရာမှာ တစ်ချောင်းပုဒ်တွေထည့်ရမှာပေါ့ဗျ။ တစ်ချောင်းပုဒ် မထည့်ချင်ရင်ထည်းနေရာချပြီး ရေးရင်တော်သေးတယ်။ ကော်မာတွေ ထည့်ရေးတာကတော့ မြန်မာရေးထုံးဘယ်ဟုတ်မလဲဗျာ" ရုံးမှာ အရာရှိ တစ်ယောက်ဖြစ်သော မိတ်ဆွေက ပင်ပြောသည်။ ဆက်ပြောသူမှာ မြန်မာစာဆရာမ ဖြစ်သည်။

"အင်း. . . တစ်ချောင်းပုဒ်နဲ့နှစ်ချောင်းပုဒ်က ရှေးကတည်းက မြန်မာစာမှာသုံးတဲ့ ပုဒ်ဖြတ် ပုဒ်ရပ် အမှတ်အသားတွေပါ။ တစ်ချောင်းပုဒ်ကို ပုဒ်ကလေး၊ နှစ်ချောင်းပုဒ်ကိုပုဒ်မလို့လည်း ခေါ်တာပေါ့။ ပါကျမဆုံးသေးဘဲ ခဏရပ်နားရင် တစ်ချောင်းပုဒ်ခေါ်တဲ့ ပုဒ်ကလေးကိုထည့်ရတယ်။ ပါကျဆုံးရင်တော့ နှစ်ချောင်းပုဒ်ခေါ်တဲ့ပုဒ်မကို ထည့်ရတယ်။ ဒီစည်းကမ်းအတိုင်း အစဉ်အဆက်ရေးခဲ့ကြတာပါ။ အဲဒီနေရာတွေမှာ 'ဖူးစတော့'တွေ 'ကော်မာ'တွေ ထည့်သုံးတာတော့ မဆီလျော်ဘူးပေါ့နော်"

"တစ်ခုတော့ရှိတယ်ဗျ" ဘာသာပြန်ဆရာက စဉ်းစားရင်းပြောသည်။ "ကျွန်တော်တို့မြန်မာစာရေးရာမှာ ကွင်းစကွင်းပိတ်တို့၊ မျက်တောင်အဖွင့်အပိတ်တို့တော့ ထည်သုံးနေကြတယ်မဟုတ်လား။ အဲဒါတွေသုံးတာကိုတော့ လက်ခံထားကြတာပဲလေ။ အဲဒီအမှတ်အသားတွေကိုလည်း အင်္ဂလိပ်စာမှာ သုံးတာကို ကျွန်တော်တို့က ယူသုံးတာမဟုတ်လား။ 'ဖူးစတော့' တို့၊ 'ကော်မာ'တို့ သုံးတာတော့ မဆီလျော်ဘူးဆိုဖြီး အဲဒ်ကွင်းစကွင်းပိတ်တို့ မျက်တောင် အဖွင့်အပိတ်တို့ကျတော့ ဘာဖြစ်လို့ ကျွန်တော်တို လက်ခံဖြီး သုံးနေတာလဲ"

"ဒါကတော့ ဒီလိုစဉ်းစားရမယ်ထင်ပါတယ်" ကျွန်တော်က ထင်မြင်ချက်ပင်ပေးပါသည်။ "အဲဒီကွင်းစကွင်းပိတ်တို့၊ မျက်တောင်အဖွင့်အပိတ်တို့က ကျွန်တော်တို့မြန်မာစာ ပုဒ်ဖြတ်ပုဒ်ရပ်စနစ်မှာ အရင်ကမရှိဘူးနော်။ ပြီးတော့ အဲဒီအမှတ်အသားတွေ ထည့်သုံးရင် ပိုပြီးတော့ထည်း ကွဲကွဲပြားပြား ရှိတယ်။ ရှင်းရှင်းထင်းထင်းဖြစ်တယ်။ ဒီတော့ ကျွန်တော်တို့မှာမရှိသေးတဲ့ အကြောင်းအရာတွေ၊ အယူအဆတွေကိုဖော်ပြတဲ့ ပါဠိစကားလုံးတွေ၊ အင်္ဂလိပ်စကားလုံးတွေကို မွေးစားယူသလို အဲဒီအမှတ်အသားတွေကိုထည်း မွေးစားယူလိုက်တာပါပဲ။ ကိုယ့်မှာမရှိသေးတာကို မွေးစားယူတာပေါ့။ အဲ တစ်ချောင်းပုဒ်၊ နှစ်ချောင်းပုဒ်တွေကတော့ မြန်မာစာအရေးအသားစနစ်မှာ နဂိုကတည်းက ရှိပြီးသား အမှတ်အသားတွေဖြစ်တဲ့အတွက် ဖူးစတော့တွေ၊ ကော်မာတွေကို အစားထိုးပြီး မွေးစားစရာမလိုဘူးလေ။ ကိုယ့်မှာလည်းရှိ၊ တွင်တွင်ကျယ်ကျယ်လည်း သုံးနေလျက်သားနဲ့ အဲဒီစကားလုံးနေရာမှာ ထည်သုံးဖို့ ဘာသာခြားစကားလုံးကို မွေးစားမယ်ဆိုရင် 'ဆန်'ဆိုတဲ့ မြန်မာစကားလုံး ရှိရဲ့သားနဲ့ 'rice' ဆိုတဲ့စကားလုံးကို မွေးစားယူသလို ဖြစ်နေမယ်ထင်ပါတယ်ဗျာ"

" ဟုတ်တယ်ဗျ။ ကွင်းစကွင်းပိတ်သုံးတဲ့အတွက် ပိုရှင်းသွားတာတွေ အများကြီးပါ။ အမှတ်စဉ်တွေကို (၁)၊ (၂)၊ (၃) စသည်ဖြင့် ကွင်းနဲ့ပြတာမျိုး၊ (၃၂) ယောက်ဆိုပြီး ဂဏန်းနဲ့ စာနဲ့ခွဲပြတာမျိုး၊ မောင်ရှုပ(ဟသ်ာတ) ဆိုပြီး ကလောင်နာမည်မှာ မြို့နာမည်ကို ကွင်းနဲ့ပြတာမျိုး စသည်ဖြင့် ကွင်းစကွင်းပိတ် အသုံးပင်တဲ့နေရာတွေ အများကြီးပါပဲ"

"မျက်တောင်အဖွင့်အပိတ်တွေလည်း သိပ်အသုံးဝင်တာပေါ့ဗျာ။ အမြန်အလွန်အချီအချပြောစကားတွေမှာ " "ဆိုပြီး မျက်တောင်အဖွင့်အပိတ်နဲ့ ပြတဲ့စနစ်ဟာ တော်တော်အသားကျနေပါပြီ။ အခုဆိုရင် ပတ္တုမြတွေထဲက စကားပြောခန်းတွေ၊ ဆွေးနွေးခန်းတွေမှာ ပြောစကားတွေကို မျက်တောင်အဖွင့်အပိတ်နဲ့ ကွဲကွဲပြားပြားပြနိုင်တယ်လေ။ မျက်တောင်အဖွင့်အပိတ်ပါရင် ပြောတဲ့ပါကျဆုံးသွားပေမယ့် နှစ်ချောင်းပုဒ်မထည့်ဘဲ ရေးတဲ့ပုံစံကဒ်နေ့ပုံနှိပ်စာတွေမှာ အသုံးတွင်ကျယ်နေတယ်ထေ"

"ဒ်တော့ ခုနဆွေးနွေးသလိုပဲ၊ ကိုယ့်မှာမရှိသေးတဲ့ ဒ်အမှတ်အသားတွေကို မွေးစားယူလိုက်တယ်လို့ပဲ ဆိုရမှာပေါ့ဗျာ"

ဤသို့ စိတ်ပင်တစားဆွေးနွေးကြရင်း အယ်ဒီတာက ပြောသည်။ "တစ်ခါတစ်ခါ မေးခွန်းပါကျတွေရဲ့နောက်မှာ အင်္ဂလိပ်စာမှာသုံးတဲ့ 'ကွက်ရှင်မတ်'ဆိုတဲ့မေးခွန်းအမှတ်အသားတွေ ထည့်ထားတာတွေ့ရတယ်ဗျ" သူက ပြောရင်း စာရွက်မှာ ? ဟု ရေးပြသည်။ "မြန်မာပါကျမှာတော့ 'ဘယ်ကထာသနည်း'၊ 'သင်သိသထော'ဆိုတာမျိုး စာသုံးစကားနဲ့ပဲရေးရေး၊ 'ဘယ်ကထာသလဲ'၊ 'မင်းသိသထား'ဆိုတာမျိုး နှုတ်ပြောဟန်နဲ့ပဲရေးရေး၊ အဆုံးသတ်စကားတွေက မေးခွန်းမှန်းထင်ရှားပြီးဖြစ်တာမို့ အဲဒ် 'ကွက်ရင်မတ်'ထည့်စရာမလိဘူး ထင်ပါတယ်ဗျာ"

"ဟုတ်တာပေါ့ဗျာ"ဟု ဝိုင်းထောက်ခံကြသည်။

"အဲဒီကွင်းစကွင်းပိတ်လိုပဲ၊ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား၊ ညီမျှခြင်း အစရှိတဲ့ သင်္ချာသုံးအမှတ်အသားတွေလည်း ကျွန်တော်တို့မွေးစားပြီး သုံးနေတာ အသုံးတွင်ကျယ်နေပါပြီ။ မျဉ်းစောင်းတို့၊ မျဉ်းတိုတို့၊ မျဉ်းရည်တို့လည်း ပါတာပေါ့. . .။ ရေးပြရင်တော့ ဒ်လိုပေါ့ဗျာ"ဟု အယ်ဒ်တာက ပြောရင်း ()+-×÷/- - - တို့ကို စာရွက်ပေါ်မှာရေးပြပါသည်။

"သြော် . . မေ့လို့ 'နောက်အမှတ်အသားတစ်ခု ရှိသေးတယ်ဗျ' စာသားကို အပြည့်အစုံမပြဘဲ ချန်ထားတဲ့အကြောင်း ဖော်ပြချင်ရင် အစက်ငါးစက်ပြတဲ့ စနစ်ရှိတယ်။ စာချန်မှတ်လို့ခေါ်တာပေါ့ဗျာ"

"သာဓကကလေး ဘာလေးပြပါဦးထေ"

"ဒ်လိုပါ။ 'နမောတဿ'ဂါထာတော်ကို တစ်ပုဒ်လုံးရေးမပြဘဲ အစနဲ့ အဆုံးပဲပြမယ်ဆိုရင် 'နမောတဿ. . . . . သမ္မာသမ္ဗုဒ္ဓဿ'လို့ ပြပုံမျိုးပေါ့။ အလယ်က အစက်ငါးစက်က စာသားတွေချန်ထားတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ 'ချိုးနှစ်ကောင်'ကဗျာကို အစအဆုံးမရေးဘဲ 'ချိုးနှစ်ကောင် . . . . ဖိုးတောင်သူတဲ'လို့ပြရင် အထယ်ကစာသားတွေမြှုပ်ထားတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ"

ကျွန်တော်က စကားဝိုင်းကို အစသတ်လိုက်ပါသည်။

"မြန်မာစာရေးရာမှာ အရင်က မြန်မာမှာမရှိသေးတဲ့ ကွင်းစကွင်းပိတ်တို မျက်တောင်အဖွင့်အပိတ်တို့လို အမှတ်အသားတွေကို မွေးစားယူထားတာ အကျိုးရှိပါတယ်။ ဒါပေမယ့် အစဉ်အဆက်သုံးခဲ့တဲ့ တစ်ချောင်းပုဒ်၊ နှစ်ချောင်းပုဒ်တွေရှိနေတာမို့ အဲဒီနေရာတွေမှာတော့ ဖူးစတော့တို့၊ ကော်မာတို့ကို အစားထိုးမီး မသုံးသင့်ဘူးဆိုတာ ကျွန်တော်တို့အားလုံး ထက်ခံကြပါကြောင်း ပေါ့ဗျာ"

မေးခွန်းဝါကျတွေရဲ့နောက်မှာ အင်္ဂလိပ်စာမှာသုံးတဲ့ 'ကွက်ရှင်မတ်'ဆိုတဲ့ မေးခွန်းအမှတ်အသားတွေထည့်ထားတာ တွေ့ရတယ်ဗျ" သူကပြောရင်း စာရွက်မှာ? ဟု ရေးပြသည်။ "မြန်မာဝါကျမှာတော့ 'ဘယ်ကလာသနည်း'၊ 'သင် သိသလော' ဆိုတာမျိုး စာသုံးစကားနဲ့ပဲရေးရေး၊ 'ဘယ်ကလာသလဲ'၊ 'မင်းသိသလား ဆိုတာမျိုး နှုတ်ပြောဟန်နဲ့ပဲရေးရေး၊ အဆုံးသတ်စကားတွေက မေးခွန်းမှန်း ထင်ရှားပြီးဖြစ်တာမို့ အဲဒီ 'ကွက်ရှင်မတ်' ထည့်စရာ မလိုဘူး ထင်ပါတယ်ဗျာ"

မြို့နယ်မှ ဖြိုးတိုးတက်မှုလုပ်ငန်းဆောင်ရွက်

ကြခင်း ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရွာသစ်ရပ်ကွက် သိပ္ပံလမ်းနှင့် စစ်ရဲလမ်းထောင့်ရှိ 200 KVA ထရန်စဖော်မာအစား 315 KVA ထရန်စဖော်မာဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်အောင်လင်းနှင့် ပန်ထမ်းများက ဒ်ဇင်ဘာ ၃ ရက်တွင် နေ့ချင်းပြီး တပ်ဆင်ပေးနိုင်ခဲ့သဖြင့် ပြည်သူများလျှပ်စစ်ဗို့အားအပြည့်အပသုံးစွဲနိုင်ကြပြီဖြစ်သည်။ **(အောက်ပုံ)**

315 KVA ထရန်စဖော်မာတပ်ဆင်ရေးထုပ်ငန်းအတွက် မြို့နယ်လျှပ်စစ်ခတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ရပ်ကွက်အထောက်အကူပြုအဖွဲ့ ရပ်ကွက်မီးလင်းရေးကော်မတီနှင့် ပြည်သူပါပင်မှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(ဝဇိုး)**

The Winners Golf Tournament ကျင်းမည်

ရန်ကုန် ဒီဇင်ဘာ ၇

Royal Mingalardon Golf & Country Club မှ စီစဉ်သော The Winners Golf Tournament ကို ကြုတင် ကြေညာထားသည့်အတိုင်း ဒီဇင်ဘာ ၂၅ ရက်တွင် အဆိုပါ ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ ၂၀၁၃ ခုနှစ်အတွင်း RMGCC ကွင်း၌ လာရောက်ကျင်းပသော အသင်း/ အဖွဲ့ အပျော်တမ်း ပြိုင်ပွဲအမျိုးမျိုးမှ အတန်းလိုက် ပထမဆု၊ ဒုတိယဆုရရှိသူများကို ရွေးချယ်၍ နောက်ဆုံး ဖိုင်နယ်ပွဲအဖြစ် ကျင်းပပေးခြင်းဖြစ်ပြီး The Winners ပြိုင်ပွဲချန်ပီယံဆုအဖြစ် အတန်းတစ်တန်းစီမှ ဗိုလ်စွဲသူ တစ်ဦးစီသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ ဂေါက်ကွင်းနှစ်ခုသို့ စရိတ်ငြိမ်းသွားရောက် လည်ပတ်ကစားခွင့်ရရှိမည်ဖြစ်သည်။

ပြိုင်ပွဲကို RMGCC တွင် ကျင်းပခဲ့သော အသင်း၊ အဖွဲ့ပြိုင်ပွဲများမှ အတန်းလိုက် ပထမဆု၊ ဒုတိယဆုရရှိသူများသာ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး လူစားထိုးပါပင် ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ပါ။ ယခုပြိုင်ပွဲကို အတန်းလိုက် ဟင်ဒီကက် (အကျော့မဲ့) စနစ်ဖြင့် ပါပင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၁၈ ကျင်း ကစားရမည်ဖြစ်သည်။

ဆက်သွယ်

The Winners Golf Tournament တွင်လည်း အဆင့်လိုက်ဆုများ ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပါပင်ယှဉ်ပြိုင်ရန် သတ်မှတ်ချက်များနှင့် ကိုက်ညီသည် ကစားသမားများသည် ဒ်ဇင်ဘာ ၂၀ ရက် နောက်ဆုံးထားပြီး ဖုန်း ၀၉-၈၆၃၆၃၉၅ သို့ ဆက်သွယ်ကြရမည်ဖြစ်ကြောင်း သိရသည်။ **ဦးကျော်တင့်**

မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကျပန်းစကားပြောပြိုင်

ပြည် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံ မူးယစ်ဆေးပါး ဆန့်ကျင်ရေးအသင်းပြည်ခရိုင်က ကြီးမှူး ကျင်းပသော အခြေခံပညာအလယ်တန်းအဆင့် မူးယစ်ဆေးပါးဆန့်ကျင်ရေး ဗဟုသုတရေးဖြေစာမေးပွဲ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက ပြည်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာတံခွန်ခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ ပြည်ခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အခြေခံပညာအထယ်တန်းအဆင့် မူးယစ်ဆေးပါးဆန့်ကျင်ရေး ဗဟုသုတရေးဖြေစာမေးပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ၅၂ ဦး ပင်ရောက်ဖြေဆိုကြသည်။ ထို့နောက် မွန်းလွဲ ၁ နာရီတွင် ကျပန်းစကားပြောပြိုင်ပွဲအား ဆက်လက်ကျင်းပသည်။ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီး(အနောက်) တိုင်းဒေသကြီးဥက္ကဋ္ဌ ရဲမှူးကြီးမြင့်စိုး(ငြိမ်း)၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေပင်း၊ ပြည်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဦးမြဝင်းနှင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း(ငြိမ်း)တို့က ဆုများချီးမြှင့်ခဲ့ကြသည်။ **ရွှေဝင်း**

ဆိုင်ကယ်စီးနင်းသူများအား ရှောင်တခင်စစ်ဆေး

ညောင်လေးပင် ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ယာဉ်မတော်တဆ ထိခိုက်မှုများနှင့် ယာဉ်အန္တရာယ်ကင်းပေးစေရန်အတွက် အသိပညာပေးဟောပြောခြင်း၊ ပညာပေးထက်ကမ်းစာစောင်များ ပြန့်ပေခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် ညောင်လေးပင်မြို့နယ် ယာဉ်ထိန်းတာပန်ခံဒုရဲအုပ်စန်းယုနှင့် နယ်မြေခံတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၄ ရက်က ညောင်လေးပင်မြို့တွင် ဆိုင်ကယ်ကယ်ရီမောင်းသူများ၊ ဆိုင်ကယ်စီးနင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ညီညွတ်စွာ လိုက်နာဆောင်ရွက်ခြင်းရှိမရှိ ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

ရှောင်တခင်စစ်ဆေးရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ခြင်းမရှိသူများအား စစ်ဆေးအရေးယူခဲ့ပြီးနောက် ထပ်မံမဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရေး ပြောကြားသည်။

နေလင်း(ညောင်လေးပင်)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပွဲစဉ်များ စတင် ထိုင်းနှင့်မြန်မာတို့ ပြိုင်ဘက်အသင်းများကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဒီဇင်ဘာ ၇

မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းပါပင်သည့် အုပ်စု(ခ) အမျိုးသားဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီမှစတင်၍ ရန်ကုန်မြို့ လှိုင်အားကစားလေ့ကျင့်ရေးစခန်း ဘောလုံးကွင်း(သုဝဏ္ဏ)၌ စတင်ကျင်းပသည်။

ထိုင်း - သုံးဂိုး
တီမော - တစ်ဂိုး

ပွဲဦးထွက် ပွဲစဉ်အဖြစ် ထိုင်းဘောလုံးအသင်းနှင့် တီမောဘောလုံးအသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြရာ ထိုင်းကပွဲအစလေးမိနစ်တွင် နံပါတ်(၇) Thitiphanနှင့် ၃၃ မိနစ်တို့တွင် နံပါတ်(၁၀) Pokklaw A Nan ၏ ဂိုးတို့ဖြင့် ပထမပိုင်းမှာပင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

တီမောအသင်း တိုက်စစ်မှာ ဒုတိယပိုင်းတွင် ပိုမိုအသက်ဝင်လာသော်လည်း မိနစ် ၅၀ တွင် ထိုင်းမောင်းနှင်ကစားသွားနိုင်သည့်ကစားသမားများဖြစ်ကြသည်။

ထိုင်းအသင်းသည် ယနေ့ပွဲစဉ်တွင် နည်းဗျူဟာပရိယာယ်အပ်ငင်းအရ အုပ်စုတွင်း မဟာပြိုင်ဘက်အိမ်ရှင်မြန်မာနှင့် အင်ဒိုနီးရှားအသင်းများကို ကစားကွက် အကုန်အစင်ဖွင့်မကစားပြခြင်းမျိုးလည်းဖြစ်နိုင်ပေရာ ထိုင်းအသင်း၏အုပ်စုတွင်း ရှေ့ပွဲစဉ်များကို ဆက်လက်အကဲဖြတ်ရဦးမည်ဖြစ်သည်။

ယနေ့ပွဲဦးထွက် ထိုင်းနှင့်တီမောအသင်းတို့ပွဲစဉ်တွင် ပရိသတ် ၁၁၀၀၀ လာရောက်ကြည့်ရှုကြသည်။

ဆောင် ကျော်ဇေယျာဝင်း၊ ဒေးဗစ်ဒန်း၊ ရန်အောင်ဝင်း၊ ကျော်ကိုကို၊ အောင်ဇော်၊ စည်သူအောင်၊ ကျော်မင်းဦး၊ ဇော်မင်းထွန်း၊ နိုင်လင်းဦးနှင့် ကြည်လင်းတို့ဖြင့် ပွဲထွက်လာသည်။

ပွဲအစပိုင်းမိနစ်များတွင် မြန်မာအသင်းမှာ ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်ကွင်း ကိုယ့်ပရိသတ်ရှေ့မှောက်တွင် အနည်းငယ်ဖိအားများနေ၍ ကစားကွက် တည်ငြိမ်မှုအားနည်းသေးသည်။ ကမ္ဘောဒီးယားအသင်းက တန်ပြန်တိုက်စစ်ကို အားပြုကစားပြီးတစ်ချက်တစ်ချက်တွင် မြန်မာအသင်း ဂိုးပေါက်က လှုလှုပပခေါင်းတိုက်သွင်းယူမြန်၍ ပထမပိုင်းမှာပင် အိမ်ရှင်မြန်မာအသင်းက နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းမှ ကြည်လင်းအစား နံပါတ် (၁၆) သိန်းသန်းဝင်း လူစားဝင်ကစားရာ ဒုတိယပိုင်းပွဲအစ တစ်မိနစ် ပွဲချိန် ၄၆ မိနစ်တွင် သိန်းသန်းဝင်း၏ပေးပို့မှုတစ်ဆင့် တိုက်စစ်မှူးကျော်ကိုကိုက အန်းကပ်ကန်သွင်းယူ၍ မြန်မာအသင်း သုံးဂိုးပြတ်ဖြင့် ဆက်လက်ဦးဆောင်နေသည်။

ဒုတိယပိုင်းပွဲချိန်တစ်လျှောက်လုံး မြန်မာအသင်းခြေအသာဖြင့် ဆက်လက်ဖိကစားနိုင်သော်လည်း သေချာပေါက်ကန်သွင်းချက်များ ဂိုးမရရှိ၍ ပွဲဦးထွက်ပွဲစဉ်တွင် သုံးဂိုးပြတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယနေ့ပွဲတွင် မြန်မာအသင်း၏ တိုက်စစ်မှာ လျင်မြန်မှုရှိပြီး တိုက်စစ်မှူးများ၏ အပြီးသတ်ဂိုးသွင်းယူမှုမှာလည်း ပို၍တိကျလာသည်။ အထူးသဖြင့် အမြင့်ဘောများပေးပို့ကစားမှုနှင့် ခေါင်းတိုက်စွမ်းရည်ထက်မြက်မှုကို ပြသနိုင်သည်။ ကမ္ဘောဒီးယားအသင်းထက် တိုက်စစ်ထက်မြက်သောအုပ်စုတွင်းမဟာပြိုင်ဘက်ထိုင်းနှင့်အင်ဒိုနီးရှားတို့နှင့် ဆုံတွေ့မည့်ပွဲစဉ်သည် မြန်မာနောက်တန်းကို မှတ်ကျောက်ပြုရမည် ပွဲစဉ်ဖြစ်ပေလိမ့်မည်။ အလားတူ မြန်မာအသင်း၏ တိုက်စစ်စွမ်းရည်ကိုလည်း ထပ်မံမှတ်ကျောက်တင်ရမည့်ပွဲစဉ်ဖြစ်ပေလိမ့်မည်။

ယနေ့ ပွဲစဉ်သို့ အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် မြန်မာဘောလုံးပရိသတ် ၂၆၀၀၀ ကျော် လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ပွဲစဉ် ပထမနေ့အပြီးတွင် အိမ်ရှင်မြန်မာအသင်းက တစ်ပွဲနိုင် ရမှတ်သုံးမှတ်၊ ဂိုးအသာဖြင့် အုပ်စု(ခ)၌ ပထမနေရာမှ ဦးဆောင်နေပြီး ထိုင်းက တစ်ပွဲနိုင် ရမှတ်သုံးမှတ်ဂိုးကွာခြားချက်ဖြင့် အုပ်စုဒုတိယနေရာမှ လိုက်နေသည်။ ဒီဇင်ဘာ ၉ ရက် တွင် ပထမပွဲစဉ်အဖြစ် အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယား၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာနှင့်တီမောအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ထိုင်းအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားနေသည့်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဖိုးသော်ဇင်)

အလယ်တန်းမှ နံပါတ်(၈) Atit Daosawang က တစ်ဂိုး ထပ်မံသွင်းယူ၍ ထိုင်းက သုံးဂိုးပြတ်ဖြင့် ဦးဆောင်နေသည်။

တီမောအသင်းနည်းပြက ကစားသမား အပြောင်းအလဲပြန်လုပ်၍ တီမောအသင်း ပြန်လည်အသက် ဝင်လာပြီး ၇၆ မိနစ်တွင် လူစားဝင်လာသူ နံပါတ် (၂၃) Jose Carlos က တစ်ဂိုးပြန် လည်သွင်းယူခဲ့သော်လည်း ပွဲရလဒ်ကို ပြောင်းလဲနိုင်စွမ်းမရှိ၍ ထိုင်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ဗွေဆော်ဦးသုံးမှတ်ရယူသွားနိုင်ခဲ့သည်။

အသင်းခေါင်းဆောင် နံပါတ်(၃) Theerathon၊ နံပါတ် (၁၄) Pakorn၊ နံပါတ်(၂) Thitiphan နှင့်နံပါတ်(၉) Adisak တို့မှာ အသင်းကိုအဓိက

ဒုတိယပွဲစဉ်အဖြစ် အိမ်ရှင်မြန်မာနှင့် ကမ္ဘောဒီးယားတို့ပွဲစဉ်ကို ညနေ၆ နာရီ ၄၅ မိနစ်တွင် ဆက်လက်ကျင်းပရာ မြန်မာပရိသတ်များကွင်းအတွင်းသို့ တဖွဲဖွဲပိုမိုဝင်ရောက်ကြည့်ရှုကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံများ ခေါင်းစည်း၊ ဦးထုပ်များ၊ မြန်မာအသင်းတီရှပ်အင်္ကျီများကို ဝတ်ဆင်လျက် နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြကာ "မြန်မာ" "မြန်မာ" ဟူသည် တစ်ခနက်ကြွေးကြော်သံများဖြင့် ကွင်းလုံးတိန်းမျှ သောင်းသောင်းဖြဖြ အားပေးကြသည်။

မြန်မာ - သုံးဂိုး
ကမ္ဘောဒီးယား - ဂိုးမရှိ

မြန်မာအသင်းကပွဲဦးထွက်ပွဲစဉ်၌ ပြည့်ဖြိုးအောင်(ဂိုး)၊ အသင်းခေါင်း

ကို ခြိမ်းခြောက်နိုင်သည်။ ၁၄ မိနစ်တွင်ကမ္ဘောဒီးယားတိုက်စစ်မှူး နံပါတ် (၉) Sok Pheng အပိုင်ကန်သွင်းမှုကို မြန်မာဂိုးသမားပြည့်ဖြိုးအောင်ကာကွယ်လိုက်ရသည်။

၁၆ မိနစ်တွင် အလယ်တန်း ခံစစ်မှူးဇော်မင်းထွန်းက ထောင့်ကန်ဘောတွဲလုံးမှတစ်ဆင့်ပေးပို့မှုကို လှုလှုပပခေါင်းတိုက်သွင်းယူ၍ မြန်မာအသင်း ဗွေဆော်ဦး ရရှိသွားသည်။

၃၅ မိနစ်တွင်ကမ္ဘောဒီးယားအလယ်တန်းလူနံပါတ်(၁၇) Chhin Chhoeun၏ အနီးကပ်ကန်သွင်းမှုကို မြန်မာဂိုးသမား ကာကွယ်နိုင်၍သက်သာသွားရသည်။

မြန်မာအသင်းက တစ်မိနစ်အကြာမှာပင် တန်ပြန်တိုက်စစ်မှတစ်ဆင့် မြန်မာအသင်းတိုက်စစ်မှူးကျော်ကိုကို

ကွင်းပြည့်ကွင်းလျှံ လာရောက်အားပေးကြသည့် မြန်မာဘောလုံးပရိသတ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

✻ ရှေ့စာမျက်နှာမှ

အမျိုးသား နှစ်ယောက်တွဲထောက်လှပွဲစဉ်တွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ကို ကျော်ဇင်သစ်နှင့် ဝေဖြိုးအောင်တို့အတွဲက ဆွတ်ခူးပေးခဲ့ခြင်း ဖြစ်သည်။

ယနေ့တွင် အမျိုးသား ထိုက်ကျိကျွမ်းပြိုင်ပွဲ ပွဲစဉ်များကိုလည်း ကျင်းပသည်။

အမျိုးသား ချန်းကျွမ်းပြိုင်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံမှ အောင်စည်သူက ပထမ၊ Achmad Hulaefi (အင်ဒိုနီးရှား)က ဒုတိယ၊ Xuan Hiep Tran (ဗီယက်နမ်) က တတိယ အသီးသီးရရှိကြသည်။

ဝူရှူးပြိုင်ပွဲဆုပေးပွဲတွင် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် တာဝန်ရှိသူတို့က ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့တွင် ဝူရှူးအမျိုးသမီးချန်းစုပြိုင်ပွဲကို ကျင်းပပြီး Thuy Vi Duong (ဗီယက်နမ်)က ပထမ၊ မြန်မာနိုင်ငံမှ စနီဦးက ဒုတိယနှင့် Eyin Phoon (မလေးရှား)က တတိယ ရရှိသည်။

နံနက် ၁၀ နာရီတွင် အမျိုးသား၊ အမျိုးသမီးခြင်းလုံးအခြေခံမျိုးကွဲပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပသည်။

ရေးဦးစွာ အမျိုးသမီးခြင်းလုံး အခြေခံ မျိုးကွဲပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပရာ မြန်မာအမျိုးသမီးအသင်းနှင့် လာအိုအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာမြန်မာအမျိုးသမီးအသင်းက ရမှတ် ၉၃ မှတ်၊ ၉၇ မှတ်၊ ၉၉ မှတ် စုစုပေါင်းရမှတ် ၂၈၉ မှတ်ရရှိကာ လာအိုအမျိုးသမီးအသင်းက ရမှတ် ၆၂ မှတ်၊ ၆၈ မှတ်၊ ၇၄ မှတ် စုစုပေါင်း ၂၀၄ မှတ် ရရှိသဖြင့် မြန်မာအမျိုးသမီးအသင်းက ပထမ၊ လာအိုအမျိုးသမီးအသင်းက ဒုတိယ၊ ကမ္ဘောဒီးယားအမျိုးသမီးအသင်းက တတိယနှင့် မလေးရှားအမျိုးသမီးအသင်းက ပူးတွဲ တတိယဆုကို ရရှိကြသည်။

အမျိုးသားခြင်းလုံး အခြေခံမျိုးကွဲပြိုင်ပွဲဗိုလ်လုပွဲတွင် မြန်မာအမျိုးသားအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကြရာ မြန်မာအသင်းက ၁၂၂ မှတ်၊ ၁၁၉ မှတ်၊ ၁၁၈ မှတ် စုစုပေါင်း ၃၅၉မှတ်ဖြင့်ပထမဆုကိုလည်းကောင်း၊ ကမ္ဘောဒီးယားအသင်းက ရမှတ် ၉၁ မှတ်၊ အမှတ် ၁၀၀၊ အမှတ် ၁၀၀ စုစုပေါင်း ၂၉၁ မှတ်ဖြင့် ဒုတိယဆုကိုလည်းကောင်း၊ စင်ကာပူအသင်းက တတိယနှင့်မလေးရှားအသင်းက ပူးတွဲ တတိယဆုကိုလည်းကောင်း အသီးသီးရရှိကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်အာရပိုက်ကျော်ခြင်းဥက္ကဋ္ဌတို့က ဆုများနှင့်လက်ဆောင်ပစ္စည်းတို့ကို ပေးအပ်ကြသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်ပြည်ထဲရေးဝန်ကြီးဌာနမှ အားကစားသမားများအား ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၇

ယမန်နေ့က နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း D(5) အစည်းအဝေးခန်းမ၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်ပြည်ထဲရေးဝန်ကြီးဌာနမှအားကစားသမားများအားဂုဏ်ပြု ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကျင်းပရာ **(အပေါ်ပုံ)**အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ် ဇော်ဝင်း၊ ရဲထောက်ချုပ် ရဲမှူးချုပ်သိန်းဦး၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးနှင့်အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့်ဒိုင်လူကြီးများတက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည် အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီးနှင့်အားကစားသမားများ စုစုပေါင်း ၁၀၁ ဦးအား ဂုဏ်ပြုထောက်ပံ့ငွေအဖြစ် ငွေကျပ် ၃၀၃၀၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

အင်္ဂလိပ် ပရီမီယာလိဂ် ပွဲစဉ် (၁၅) ရလဒ်

၇-၁၂-၂၀၁၃

မန်ယူ	၀-၁	နယူးကာဆယ်
ခရစ္စတယ်ပဲလေ့စ်	၂-၀	ကာဒစ်ဖ်
လီဗာပူး	၄-၁	ဝက်စ်ဟမ်း
ဆောက်သမ်တန်	၁-၁	မန်စီးတီး
စတုတ်	၃-၂	ချယ်လ်ဆီး
ဝက်စ်ဘရွန်း	၀-၂	နော့ဝှစ်

ပြည်တွင်းသတင်း

သာစည်မြို့နယ် ယင်းမာပင်(စံပြ)ကျေးရွာရှိအောင်ချမ်းသာကျောင်းတိုက်(မဂ္ဂင်ရိပ်သာ)၌ တည်ထားကိုးကွယ်သော ဇိနမာရ်အောင် ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်သစ်တင်လှူပူဇော်၊ ဗုဒ္ဓါဘိသေက အနေကဇာတင်

နေပြည်တော် ဒီဇင်ဘာ ၇

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဇနီး ဒေါ်နန်းဖြူဖြူအေးတို့သည် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်(စံပြ)ကျေးရွာရှိ အောင်ချမ်းသာကျောင်းတိုက် (မဂ္ဂင်ရိပ်သာ)၌ ကျင်းပသည့် ဉာဏ်တော်အမြင့် ၂၇ ပေရှိ ဇိနမာရ်အောင်ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ရေးဦးစွာ အခမ်းအနားကို ယင်းမာပင်(စံပြ)ကျေးရွာ သူရိယစန္ဒာ (ပုဗ္ဗာရုံ)ကျောင်းတိုက် ကျောင်းထိုင် ဆရာတော် ဦးပညိန္ဒက အခမ်းအနားမှူး ပြုလုပ်၍ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့အမှူးပြုသော သမ္မတရုံးဝန်ကြီးဌာန(၂)မှ အရာထမ်း၊ အမှုထမ်းများနှင့် ယင်းမာပင်(စံပြ) ကျေးရွာသူ ကျေးရွာသားများပါဝင်သည် ဥပါသကာ၊ ဥပါသိကာမများက မန္တလေးတိုင်းဒေသကြီး သာစည်မြို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ (အဂ္ဂမဟာ ပဏ္ဍိတ) နှင့် သာစည်မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လှိုင်းတက်ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိသာရ(မဟာဂန္ထဝါစက ပဏ္ဍိတ)တို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ဆရာတော်သံဃာတော်များထံ စိန်ဖူးတော်၊ ငှက်ပြတ်နားတော်နှင့် ရွှေထီးတော်အသစ်တို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်များ ချီးမြှင့်တော်မူသည် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ အခမ်းအနားသို့တက်ရောက်လာကြသည် ဧည့်ပရိသတ်များသည် စိန်ဖူးတော်၊ ရွှေထီးတော်နှင့် ငှက်မြတ်နားတော်များကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စေတ်တော်အထက်ပစ္စယသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ကာ ရွှေထီးတော်အဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား အစီအစဉ်တကျ ကပ်လှူပူဇော်ပေးကြရာ ပြည်ထောင်စုဝန်ကြီး၏ဇနီးအမှူးပြုသော ဧည့်ပရိသတ်များက မင်္ဂလာရထားပုံဖြင့် ဧကာဒသမကြိမ်မြောက်တိုင် တင်လှူပူဇော်ပေးကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကို ဆက်လက်ဆင်ယင်ကျင်းပ၍ ဇယမင်္ဂလာ ဗောဓိယာမူလေ အစချီအောင် ဂါထာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြရာ မြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန(၂)မှ အရာထမ်း၊ အမှုထမ်းများနှင့် ယင်းမာပင်(စံပြ)ကျေးရွာသူကျေးရွာသားများပါဝင်သည့် ဧည့်ပရိသတ်များက ရိုသေစွာနာယူကြပြီး ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဇနီး ဒေါ်နန်းဖြူဖြူအေးတို့က အလှူတော် အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးများရွာသွန်းဖြိုးပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်၊ ဇနီးဧည်ပရိသတ်များသည် သာစည်မြို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ (အဂ္ဂမဟာ ပဏ္ဍိတ)ထံမှ တရားတော်များ နာယူကြကာ လှူဒါန်းမှုအစစအတွက် ရေစက်သွန်းချအမျှဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ရေး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၇

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်ရေးညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း **(အပေါ်ပုံ)** က အဆင့်မြင့် ပညာကဏ္ဍတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဘာသာရပ်စုံလင်စွာ သင်ကြားပို့ချနိုင်ရေး၊ တိုင်းဒေသကြီး/ပြည်နယ် အလိုက်အချိုးကျ ဖွံ့ဖြိုးမှုရှိစေရန်အတွက် သင်ယူမှုအခွင့်အလမ်းမျှတစွာရရှိစေရေး၊ တက္ကသိုလ်များ ဗဟိုကောင်စီ ဖွဲ့စည်းရေးနှင့် အထူးလုပ်ငန်းအဖွဲ့ အောက်တွင် ဖွဲ့သင့်သည့် အဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးကြရန် ပြောကြားသည်။

ဆွေးနွေးပွဲသို့ အထူးလုပ်ငန်းအဖွဲ့ (Task Force) ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ အထူးလုပ်ငန်းအဖွဲ့ (Task Force) ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုဦး၊ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများက တက္ကသိုလ်များ ဗဟိုကောင်စီ ဖွဲ့စည်းရေးကိစ္စ၊ ပညာရပ်အရည်အသွေး အာမခံမှုနှင့် စိစစ် အသိအမှတ်ပြုရေးအဖွဲ့ ဖွဲ့စည်းရေးကိစ္စနှင့် အမျိုးသားပညာရေးဥပဒေရေးဆွဲရေးအတွက် မူပိုင်းဆိုင်ရာကိစ္စများကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

နေရာများ၊ ပြောင်းလဲမြစ်ပေါ်နေသော နေရာများနှင့် ခွင့်ပြုသင့်သော နေရာများ၊ လက်ရှိအနေအထားမှ ပြန်လည် ပြုပြင်ပြောင်းလဲသင့်သောနေရာများနှင့် မြို့ပြဖွံ့ဖြိုးမှုအတွက် ထိမ်းတိုးချဲ့ ဆောင်ရွက်သင့်သောနေရာများဟူ၍ ရန်ကုန်မြို့၏ ပကတိအခြေအနေများကို စနစ်တကျလေ့လာသုံးသပ်ပြီး မဟာဗျူဟာများ ချမှတ်ရေးဆွဲထားသည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

"မြို့ပြမြေအသုံးချမှုနှင့် ပတ်သက်ပြီး ဇုန်တွေခွဲခြားသတ်မှတ်ရာမှာ Communication ကိစ္စကို စဉ်းစားဖို့က အရေးကြီးတယ်။ ဘာကြောင့် လုပ်ရတာလဲဆိုတာကို လူတွေအခုထက်သိဖို့လိုအပ်တယ်။ ပညာတတ်တွေ အချင်းချင်းသိရုံနဲ့ မလုံလောက်ဘူး။ ပြည်သူတွေ နားလည်အောင်ပြောတတ်တဲ့ စကားလုံး သုံးဖို့လိုအပ်မယ်။ အချင်းချင်း လောက်သာနားလည်ပြီး ပြည်သူတွေ နားမလည်ရင် လုပ်ရကိုင်ရတာဟာ ခက်ခဲလိမ့်မယ်။ Communication လုပ်ရာမှာ မီဒီယာကို အားကိုးရပါမယ်။ မီဒီယာတွေက Zoning အကြောင်းကို ထဲထဲဝင်ဝင် သိဖို့လိုပါတယ်"ဟု နိုင်ငံတော်

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetar
ဦးဆောင်ညွှန်ကြားရေးမှူး Ms. Christine Lagar
သတင်းအဖွဲ့ ဆက်သွယ်မေးမြန်းမှုအပေါ် ဖြေကြား

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး Ms. Christine Lagarde သည် မြန်မာနိုင်ငံသို့ ေ အဖွဲ့က ဆက်သွယ်မေးမြန်းခဲ့ပါသည်-

မေး ။ ။ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ ရည်ရွယ်ချက်ကို သိပါရစေ။

ဖြေ ။ ။ လမ်းတွေအားလုံးက အာရက် တစ်နည်းမဟုတ်တစ်နည်းနဲ့ ဦးတည်နေကြပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကဆိုရင် အလျင်အမြန်ဖွံ့ဖြိုးလာနေတဲ့ ဈေးကွက်တွေနဲ့ ဖွံ့ဖြိုးဆဲစီးပွားရေးတွေက ကမ္ဘာ့ GDP ရဲ့ လေးပုံတစ်ပုံလောက်ပဲရှိခဲ့ပါတယ်။ ဒီကနေ့မှာတော့ တစ်ဝက်လောက်ရှိနေပါပြီ။ ဆက်ပြီးတော့လည်း တိုးလာနေရာမှာ လာမယ့်ဆယ်စုနှစ်လောက်မှာဆိုရင် ကမ္ဘာ့ GDP ရဲ့ သုံးပုံနှစ်ပုံဖြစ်လာနိုင်ပါတယ်။ အာရှရဲ့တွန်းအားနဲ့ ဖြစ်ပေါ်လာခဲ့တဲ့ ဒီအပြောင်းအလဲရဲ့ ပမာဏနဲ့ အရှိန်အဟုန်ဟာ အရင်က မရှိခဲ့ဖူးပါဘူး။ ကမ္ဘာမှာလူလတ်တန်းစာတွေများလာတာကြောင့်လည်း တစ်စိတ်တစ်ပိုင်းပါပါတယ်။ ဒီကနေ့ သန်းနှစ်ထောင်လောက်ရှိနေတဲ့ လူလတ်တန်းစားတွေဟာ သက္ကရာဇ် ၂၀၃၀ မှာ သန်းငါးထောင်ကျော်အထိ ရှိလာနိုင်ပါတယ်။ အဲဒီအထဲက ၈၅ ရာခိုင်နှုန်းဟာ အာရှမှာဖြစ်မှာမို့ သူကရှေ့ကဦးဆောင်နေပါတယ်။ ဒီတော့ လာမယ့်ဆယ်စုနှစ် တစ်ခုအတွင်းမှာ ကမ္ဘာ့လူလတ်တန်းစားရဲ့ အရေအတွက်ဟာ လူဆင်းရဲတွေရဲ့ အရေအထွက်ကိုကျော်လွန်သွားမယ့် အောင်မြင်မှုမှတ်တိုင်တစ်ခုကို ရောက်လာပါလိမ့်မယ်။ ကျွန်မရဲ့ အာရခရီးစဉ်ကို အာရသစ်ရဲ့ အားအင်သင်္ကေတတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံမှာ အဆုံးသတ်ပါတယ်။ မြန်မာက ကမ္ဘာနဲ့ဒေသတွင်းကို ပြန်လည်ဝင်ရောက် ပူးပေါင်းလာခဲ့တဲ့ ပြီးခဲ့တဲ့နှစ်အနည်းငယ်က ဒီနေရာမှာ ထူးခြားတဲ့တိုးတက်ပြောင်းလဲမှုတွေကိုစပြီး တွေ့ပြင်ခဲ့ရပါတယ်။ မြန်မာက အရှေ့တောင်အာရ အားကစားပွဲကို လက်ခံကျင်းပနေတဲ့အချိန်နဲ့ အာဆီယံဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူမယ့် စိတ်တက်ကြွဖွယ်ကောင်းတဲ့အချိန်မျိုးမှာ ဒီနေရာကိုလာရောက်ရတဲ့အတွက် အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူဝါတယ်။ ကျွန်မရဲ့ခရီးစဉ်အတွင်းမှာ မြန်မာနိုင်ငံ၊ ဒေသတွင်းနဲ့ ကမ္ဘာ့ရဲ့ လက်ရှိစီးပွားရေးတိုးတက်မှု အခြေအနေတွေနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေနဲ့ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသွားဖို့ ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံမှာဖြစ်သလို ပြန်မာအမျိုးသမီးများ ဖိုရမ်ကို တက်ရောက်ပြီးတော့လည်း စီးပွားရေးပိုင်းမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍအကြောင်း အထူးပြုပြောဆိုဖို့ရှိပါတယ်။ ဒါပြီးရင် ရန်ကုန်စီးပွားရေးတက္ကသိုလ်ကို နောက်ဆုံးသွားရောက်ပြီး မြန်မာက လက်ရှိအောင်မြင်မှုအပေါ် ဘယ်လိုဆက်ပြီး တည်ဆောက်နိုင်မလဲ၊ ရေရှည်တည်တံ့တဲ့၊ ခိုင်မာတဲ့၊ အားလုံးပါဝင်တဲ့ ဖွံ့ဖြိုးမှုလမ်းကြောင်းကို လျှောက်လှမ်းပြီး ဆင်းရဲမွဲတေမှုကို ဘယ်လိုလျှော့ချမလဲ၊ မြန်မာနိုင်ငံသားတိုင်းရဲ့ အခွင့်အလမ်း အလားအလာတွေကို ဘယ်လိုမြှင့်တင်ပေးမလဲဆိုတာတွေကို ဆွေးနွေးဝါတယ်။

မြန်မာနိုင်ငံမှာ IMF ရဲ့ အခန်းကဏ္ဍဟာ ဖော်ဆောင်နေတယ်လို့ ကျွန်မတကယ်ပဲ ယုံ ပူးပေါင်းပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေမယ့် ေ ကြီးမယ့် ရန်ပုံငွေအဖွဲ့ဖြစ်ပါတယ်။ နိုင်ငံတွေ နိုင်အောင် ကူညီတဲ့ လူတန်းစားအသီးသီးပါဝ အတွက် ရင်းနှီးမြှုပ်နှံဖို့ အရင်းအမြစ်တွေကို အဖွဲ့ဖြစ်ပါတယ်။ ဒါက ကျွန်မဒီကိုလာရောက် ပါ။ ကျွန်မတို့တစ်တွေရဲ့ လက်တွဲလုပ်ဆောင် ထဲမှာ မြန်မာက အရေးပါတဲ့ အစိတ်အပိုင်း ငွေအဖွဲ့က ဘာတွေကူညီနိုင်သလဲဆိုတာကို ကနေ နားထောင်ဖို့အတွက် ဖြစ်ပါတယ်။

မေး ။ ။ မြန်မာက အခုဆိုရင် အာဆီယံရဲ့ ဥက္က တွင်း စီးပွားရေးအလားအလာကောင်းလာစေ ဆောင်ရွက်မှုက ဘာတွေလုပ်ပေးနိုင်ပါသလဲ

ဖြေ ။ ။ ကျွန်မတို့ယုံကြည်တာကတော့ စီးပွ ပိုပြီးခံနိုင်ရည်ရှိတဲ့၊ ဖွံ့ဖြိုးမှုကို ခိုင်မာအော အာဆီယံနိုင်ငံတွင်း စီးပွားရေးဆက်လက်ဝ ပါတဲ့ အခန်းကဏ္ဍမှာ ရှိနေပါတယ်။ အာဆီယံ မှုကတစ်ဆင့် အတော်လေးကို ပူးပေါင်းချိတ်ဆ အလာကို ကြည့်မယ်ဆိုရင်လည်း တိုးတက် ဖြည့်ဆည်းပေးတဲ့ ကုန်ကြီးမ်းထုတ်တဲ့ အဆင့်မ ချက်ကို ပိုမိုအခြေခံတဲ့ ကုန်သွယ်မှုမျိုးဖြစ်

အလားတူပဲ အာရတွင်းနဲ့ အာဆီယံအ ပေါင်းဆောင်ရွက်မှု ကျယ်ပြန့်လာခြင်းက ေ အလမ်းတွေနဲ့ ဒေသတွင်းစုဆောင်းမှုတို့အ တော့ ဒေသတွင်းဖွံ့ဖြိုးမှုကို တွန်းအားပေးနိုင်

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုက ဆင်းရဲမွဲတေမှုလျှော့ချရေးတို့အတွက် အ အိမ်နီးချင်းနိုင်ငံတွေကို ကုန်တင်ပို့တဲ့နည်းနဲ့ ရာမှာ ပြန်မာရဲ့ ပထဝီအနေအထားနဲ့အတူ တဲ့ လုပ်သားအင်အားကြောင့် အားသာချက် ဘဏ္ဍာရေးကဏ္ဍအစပြုတဲ့အချိန်မှာ အိမ်နီး တွေနဲ့အတူ သူတို့စုဆောင်းငွေတွေနဲ့ လုပ်ငံ လာမယ့်မျိုးဆက်တွေအတွက် စီးပွားရေးစိတ် ကို ဖန်တီးပေးမှုဆိုတဲ့ အကျိုးအမြတ်တွေရ

လဲဖြစ်ပေါ်နေ
င့်ပြုသင့်သော
အနေအထားမ
ဖြောင်းလဲသင့်
မြို့ပြဖွံ့ဖြိုးမှု
ဆောင်ရွက်
၍ ရန်ကုန်
အနေများကို
းသပ်ပြီး မဟာ
းဆွဲထားသည်
ည်ပင်သာယာ
က်ပြန်ချက်တွင်
ချမှုနှင့် ပတ်
ခြားသတ်မှတ်
ation ကိစ္စကို
ရေးကြီးတယ်။
ာလဲဆိုတာကို
လိုအပ်တယ်။
ချင်းချင်းသိရုံနဲ့
ပြည်သူတွေ
ဘာ်တဲ့ စကား
။ အချင်းချင်း
ပြီး ပြည်သူ
ပ်ရကိုင်ရတာ
Communi-
မီဒီယာကို
မီဒီယာတွေက
ကို တတ်တဝင်ဝင်
နိုင်ငံတော်

သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာ အောင်ထွန်းသက်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် လာမည့် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) ဝင်နိုင်ငံဖြစ်လာမည်ဖြစ်ပြီး လက်ရှိဈေးကွက်အနေအထားလူဦးရေ သန်း ၆၀ မှ သန်း ၆၀၀ အထိ တိုးတက်လာမည်ကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပြီး AEC ၁၀ နိုင်ငံသာမက အိန္ဒိယ၊ ကိုရီး ယား၊ ဂျပန်၊ နယူးဇီလန်၊ သြစ တြေးလျ စသည် ကမ္ဘာ့လူဦးရေ၏ တက်ဝက်ခန့်သည် မြန်မာနိုင်ငံနှင့် တိတွေ့ ဆက်ဆံလာကြမည်ဖြစ်သောကြောင့် မြို့ပြမြေအသုံးချမှုနှင့်ပတ်သက်၍ ဇုန်များခွဲခြားသတ်မှတ်ရာတွင် နိုင်ငံ၏စီးပွားရေးအခြေခံကို ထည့်သွင်းစဉ်းစားရမည်ဟု ဒေါက်တာအောင်ထွန်းသက်က အကြံပြုပြောကြားသည်။

မြို့ပြမြေ အသုံးချမှုနှင့် အဆောက်အအုံ တည်ဆောက်မဇုန်များ သတ်မှတ်ရာတွင် သားစဉ်မြေးဆက်ထိန်းသိမ်းသင့်သောနေရာများကို ကန့်သတ်ဇုန်များအဖြစ်လည်းကောင်း၊ မြို့နယ်အလိုက်မြေအသုံးချခြင်းနှင့် တည်ဆောက်မှုဇုန်များ သတ်မှတ်ခြင်းပြင် လည်းကောင်း၊ အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းများကို

ဟောရန်ကုန်မြို့တော်၏ အလယ်ဗဟို အချက်အချာနေရာတစ်ခုဖြစ်သော ဆူးလေဘုရားအားတွေ့ရစဉ်။

စနစ်တကျ ထိန်းသိမ်းသတ်မှတ်ခြင်းဖြင့်လည်းကောင်း တိန်းချုပ်သွားမည်ဟု အဆိုပါ ဆွေးနွေးပွဲမှ သိရသည်။

မြို့ပြမြေအသုံးချမှုနှင့်ပတ်သက်ပြီး ဇုန်များခွဲခြားသတ်မှတ်ခြင်းသည် ရန်ကုန်မြို့တွင် နေထိုင်သူအားလုံးနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပြီး မိမိ၏အကျိုးတက် အများအကျိုးကို ထည့်သွင်းစဉ်းစားရန် လိုကြောင်း၊ မိမိ၏ အကျိုးစီးပွားကို ဦးစားပေး စဉ်းစားပါက နိုင်ငံ့အကျိုးစီးပွား ကျဆင်းသွားမည်ဖြစ်ကြောင်း၊ ဇုန်များခွဲခြားမှုကြောင့် ရင်းနှီးမြှုပ်နှံလိုသူများကို အားပေးကာ ဆုံးရှုံးမည်ဟုတင်သူများကို သိမ်းသွင်းရန်လိုကြောင်း နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာ အောင်တွန်းသက်က ပြောကြားသည်။

"ဥပဒေအရလုပ်တာပဲ။ လူတွေ လိုက်နာရမယ်လို့ ပြောယုံနဲ့ မလုံလောက်ပါဘူး။ လူတစ်ဦးချင်း၊ တစ်ယောက်ချင်းရဲ့ စိတ်ပါမှု၊ လက်ခံမှုလိုပါလိမ့်မယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိတွင် ရန်ကုန်မြို့သည် ပြေဈေးကြီးမြင့်လာမှု၊ စီးပွားရေးတိုးတက်လာမှုကြောင့် အထပ်မြင့် အဆောက်အအုံများတည်ဆောက်ချင်သူများပြားလာသည်။ အထပ်မြင့်တည်ဆောက်ရန် လျှောက်ထားမှုအားလုံးကို တည်ဆောက်ခွင့် ချထားပေးလိုက်ပါက ယဉ်ကျေးမှု ပျောက်ကွယ်ခြင်း၊ ယာဉ်ကြော ပိတ်ဆို့မှု ယခင်တက်ပိုမိုဆိုးရွားခြင်းများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်သောကြောင့် ယမန်နှစ်မှစတင်ကာ မြို့ပြမြေအသုံးချမှုနှင့် ပတ်သက်ပြီး ဇုန်များ ခွဲခြားသတ်မှတ်ခြင်းကို စတင်ရေးဆွဲခဲ့သည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ အကြံပေးပညာရှင် ဒေါက်တာကျော်လတ်က ပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့ပြ အင်္ဂါရပ် ပီပြင်လာစေရန် (၁)ဆိတ်ငြိမ်ရပ်ကွက် သို့မဟုတ် လူနေသိပ်သည်းမှုနည်းသည့် လူနေရပ်ကွက်ဇုန်၊ (၂)လူနေသိပ်သည်းမှု အသင့်အတင့်ရှိသည် လူနေရပ်ကွက်ဇုန်၊ (၃)လူနေ သိပ်သည်းမှုများသည့် လူနေရပ်ကွက်ဇုန်၊ (၄) မြို့ပြ အသုံးချမှုမျိုးစုံ ပါဝင်ရောနှောပါဝင်နိုင်သည့်ဇုန်၊ (၅) ကုန်သွယ်မှုနှင့် စီးပွားရေးဇုန်၊ (၆) စက်မှုနှင့်ကုန်လှောင်ရုံများဇုန်၊ (၇) ဆိပ်ကမ်းနှင့် ဆိပ်ကမ်း ဆက်စပ်ဝန်ဆောင်မှုများဇုန်၊ (၈) စိမ်းလန်းမြေနှင့် ရေပြင်များဇုန်၊ (၉) အစိုးရ၊ အစိုးရအဖွဲ့အစည်းနှင့် အခြေခံအဆောက်အအုံများဇုန်၊ (၁၀) မြို့ပြအမွေအနှစ်များတိန်းသိမ်းမှုဇုန်၊ (၁၁) ကမ်းနား အထူးဖွံ့ဖြိုးရေးဇုန်များ သတ်မှတ်ခွဲခြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

al Monetary Fund-IMF)
tine Lagarde ၏
၏ ဖြေကြားချက်များ

သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ် ၎င်းအားသတင်း

MF ရဲ့ အခန်းကဏ္ဍဟာ ရန်ပုံငွေသစ်တစ်ရပ်ရဲ့ပုံရိပ်ကို
လို့ ကျွန်မတကယ်ပဲ ယုံကြည်ပါတယ်။ အဖွဲ့ဝင်တွေနဲ့
က် အကျိုးရှိစေမယ့် ရေရှည်ဆက်ဆံဆောင်ရွက်သွား
ဖြစ်ပါတယ်။ နိုင်ငံတွေတစ်ခုနဲ့တစ်ခု ချိတ်ဆက်သွား
တန်းစားအသီးသီးပါဝင်တဲ့ ပြည်သူတွေရဲ့ အနာဂတ်
ဖို့ အရင်းအမြစ်တွေကို ကူညီရာဖွေပေးတဲ့ ရန်ပုံငွေ
ကျွန်မဒီကိုလာရောက်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်
ရဲ့ လက်တွဲလုပ်ဆောင်မှုကို အတိမြစ်ချဖို့၊ အာရသစ်
ရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာဖို့အတွက် ရန်ပုံ
ည်နိုင်သလဲဆိုတာကို မြန်မာအစိုးရနဲ့ ပြည်သူတွေတ
အတွက် ဖြစ်ပါတယ်။

**ဆိုရင် အာဆီယံရဲ့ ဥက္ကဋ္ဌဖြစ်ပါတယ်။ မြန်မာနဲ့ဒေသ
းအလာကောင်းလာစေဖို့အတွက် ဒေသတွင်းပူးပေါင်း
တွေလုပ်ပေးနိုင်ပါသလဲ။**

ယုံကြည်တာကတော့ စီးပွားရေးမှာ ပြင်ပရဲ့ရိုက်ခတ်မှုကို
ဖွံ့ဖြိုးမှုကို ခိုင်မာအောင် တွန်းအားပေးတဲ့နေရာမှာ
းပွားရေးဆက်လက်ပူးပေါင်းဆောင်ရွက်မှုဟာ အရေး
ရှိနေပါတယ်။ အာဆီယံစီးပွားရေးတွေဟာ ကုန်သွယ်
လေးကို ပူးပေါင်းချိတ်ဆက်ပြီးဖြစ်ပါတယ်။ ရှေ့အလား
ဆိုရင်လည်း တိုးတက်ပြီးနိုင်ငံတွေရဲ့လိုအပ်ချက်ကို
ကြမ်းထုတ်တဲ့ အဆင့်မဟုတ်ဘဲ အာရှတွင်းက လိုအပ်
တဲ့ ကုန်သွယ်မှုမျိုးဖြစ်လာသင့်ပါတယ်။
ရတွင်းနဲ့ အာဆီယံအချင်းချင်းကြား ဘဏ္ဍာရေးပူး
ကျယ်ပြန့်လာခြင်းက ဒေသတွင်းရင်းနှီးမြှုပ်နှံမှု အခွင့်
သတွင်းစုဆောင်းမှုတို့အကြား ပိုပြီးညှိညွတ်လာစေပြီး
ဖိုးမှုကို တွန်းအားပေးနိုင်ပါလိမ့်မယ်။
ပါင်းဆောင်ရွက်မှုက မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးမှုရရေးနဲ့
ချရေးတို့အတွက် အကောင်းဆုံးအခွင့်အလမ်းပါပဲ။
ကို ကုန်တင်ပို့တဲ့နည်းနဲ့ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်
ဝီအနေအထားနဲ့အတူ ငယ်ရွယ်ပြီး အပြိုင်အဆိုင်ရှိ
းကြောင့် အားသာချက်ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့
ပြုတဲ့အချိန်မှာ အိမ်နီးချင်းနိုင်ငံတွေရဲ့ ကျွမ်းကျင်မှု
ဆောင်းငွေတွေနဲ့ လုပ်ငန်းတွေမှာ ရင်းနှီးခြင်းအားဖြင့်
အတွက် စီးပွားရေးစိတ်ချယုံကြည်ရမှု၊ အလုပ်အကိုင်တွေ
အကျိုးအမြတ်တွေရလာနိုင်ပါတယ်။

မေး ။ ။ မြန်မာနိုင်ငံရဲ့ စီးပွားရေးအလားအလာကို ဘယ်လိုမြင်ပါသလဲ။ လာမယ့်နှစ်မှာ အစိုးရက ဘာတွေကို ဦးစားပေးလုပ်ဆောင်သင့်ပါသလဲ။

ဖြေ ။ ။ မြန်မာရဲ့ စီးပွားရေးအလားအလာက အင်မတန်ကောင်းပါတယ်။ မြန်မာဟာ သဘာဝဓာတ်ငွေ့၊ အဖိုးတန်တွင်းထွက်ကျောက်၊ ဓာတ်သတ္တုနဲ့ သစ်တောထွက်ပစ္စည်းတွေ အပါအဝင် သဘာဝသယံဇာတကြွယ်ဝတယ်။ နိုင်ငံရဲ့ အသက်ငယ်ရွယ်တဲ့ လုပ်သားအင်အားက စက်မှုစီးပွားရေးအတွက် အဓိကတွန်းအားဖြစ်နိုင်တယ်။ အာရနဲ့ ကမ္ဘာတို့နဲ့ ပိုပြီးပူးပေါင်းလာမှုကလည်း ဝင်ငွေနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းတွေဖြစ်နေပါတယ်။

ဒါပေမယ့် စီးပွားရေးအပြောင်းအလဲ ကာလဦးပိုင်းမှာပဲ ရှိနေပါသေးတယ်။ စိန်ခေါ်မှုတွေက ရှိနေပါသေးတယ်။ စီးပွားရေးခတ်ကွင်းကြီးတဲ့မှာ ပတမဆုံးကတော့ အာဏာပိုင်တွေအနေနှင့် မက်ခရိုစီးပွားရေးမူဝါဒ ပြည့်စုံအောင်ချမှတ်ပေးဖို့လိုပါသေးတယ်။ အထူးသဖြင့် ငွေဖောင်းပွမှုက လည်း တိုးလာနေတဲ့အချိန်မှာ ဗဟိုဘဏ်က အခုမှ ငွေကြေးဆိုင်ရာ မူဝါဒသတ်မှတ်ချက်တွေကို ပြင်ဆင်နေဆဲဖြစ်တာကိုတွေ့ရပါတယ်။ ခြုံပြောရရင် စီးပွားရေးပြုပြင်ပြောင်းလဲမှုအမျိုးမျိုးအတွက် အစီအစဉ်တွေ၊ များပြားတဲ့ ကူညီပံ့ပိုးမှုတွေ၊ ဝင်ရောက်လာနေတဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေကို စီမံခန့်ခွဲဖို့အတွက် အကန့်အသတ်ရှိနေပါတယ်။

မေး ။ ။ မြန်မာနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ IMF အနေနဲ့ ဘာတွေကူညီနိုင်ပါသလဲ။

ဖြေ။ အထက်က ပြောခဲ့တဲ့ ကဏ္ဍတွေအားလုံးမှာ IMF က မြန်မာအစိုးရနဲ့အတူလက်တွဲလုပ်ဆောင်နေပြီဖြစ်ပါတယ်။ ဆက်ပြီးတော့လည်း ကျွန်မတို့ရဲ့ ပံ့ပိုးကူညီမှုတွေကို တိုးမြှင့်သွားမှာဖြစ်ပါထယ်။ကျွန်မတို့ရဲ့ ဒေသတွင်းနဲ့ ကမ္ဘာ့အတွေ့အကြုံတွေကို မြန်မာနိုင်ငံက အဖွဲ့အစည်းတွေနဲ့ အဆုံးအဖြတ်ပေးမယ့်သူတွေအသုံးချနိုင်အောင် ယူလာဖို့ ရည်ရွယ်ထားပါတယ်။ ဒါမှလည်း မြန်မာနိုင်ငံအတွက် အလုပ်ဖြစ်မယ့် နည်းလမ်းတွေအပေါ် သူတို့က သတ်မှတ်ဆုံးဖြတ်ပြီး အကောင်အထည် ဖော်နိုင်ပါလိမ့်မယ်။ ကျွန်မတို့က နည်းလမ်းအမျိုးမျိုးနဲ့ ကူညီရာမှာ မူဝါဒဆိုင်ရာ အကြံပြုမှုတွေနဲ့လက်တွေ့ကျကျနည်းပညာပိုင်းဆိုင်ရာလေ့ကျင့်မှုသင်တန်းတွေလည်း ပါဝင်ပါတယ်။ မြန်မာနိုင်ငံကို ကူညီပံ့ပိုးရာမှာ IMF ရုံးချုပ်မှာ အခြေစိုက်တဲ့၊ မြန်မာနိုင်ငံကို အခါအားလျော်စွာ လာရောက်ကြတဲ့ ကျွန်မတို့ အဖွဲ့တွေအပြင် မြန်မာနိုင်ငံမှာလည်း ကျွန်မတို့ရဲ့ ဌာနေကိုယ်စားလှယ်တစ်ဦးရှိပါတယ်။ ပြည်တွင်းက နည်းပညာကျွမ်းကျင်သူတွေနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့ကလည်း အာဏာပိုင်တွေ လက်ရှိဖွဲ့စည်းလုပ်ဆောင်နေချိန်မှာ လိုအပ်ရင် လိုအပ်သလို အကူအညီပေးဖို့ အဆင်သင့်ရှိနေပါတယ်။ ဗန်ကောက်မြို့မှာလည်း ကျွမ်းကျင်သူအများအပြားရှိတဲ့ ကျွန်မတို့ရုံးတစ်ရုံးရှိပြီး အများအားဖြင့် မြန်မာနိုင်ငံကို ထောက်ပံ့ကူညီပေးဖို့အတွက်ဖြစ်ပါတယ်။

ရန်ပုံငွေအဖွဲ့ဟာ မြန်မာနိုင်ငံနဲ့ လက်တွဲလုပ်ကိုင်မှုတွေကို ဘယ်တုန်းကမှ မရပ်တန့်ခဲ့ပါဘူး။ ကျွန်မတို့ဟာ ရေရှည်ပူးပေါင်းသွားမယ့် လုပ်ဖော်ကိုင်ဖက်တွေဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ခိုင်မာပြတ်သားပြီး စိတ်အားတက်ကြွဖွယ်ကောင်းတဲ့ စီးပွားရေးနဲ့ နိုင်ငံရေးအကူးအပြောင်းကို ဆက်လက်ကူညီပံ့ပိုးသွားဖို့ မျှော်လင့်ထားပါတယ်။

စတော့အိတ်ချိန်း ဖွင့်လှစ်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံဟောင်းအား ရွေးချယ်

ရန်ကုန် ဒီဇင်ဘာ ၇

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းသည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ဆူးလေဘုရားလမ်း၌ တည်ရှိသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံဟောင်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။

တို့နောက် ဒုတိယဝန်ကြီးသည် လုပ်ငန်းအကျိုးတူဆောင်ရွက်မည့် ဂျပန်နိုင်ငံ ဒိုင်ဝါအဖွဲ့၊တိုကျိုစတော့အိတ်ချိန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အသေးစိတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးသည်။

အဆိုပါ အဆောက်အအုံသည် ရေးဟောင်းသမိုင်းဝင် အဆောက်အအုံတစ်ခုဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အတွက်လည်း သမိုင်းဝင်စတော့အိတ်ချိန်း ဖွင့်လှစ်ရန်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ စတော့အိတ်ချိန်းဖွင့်လှစ်ရန်အတွက် လိုအပ်သည့် အကျယ်အဝန်း၊ ခေတ်မီအိုင်တီ ကိရိယာများတပ်ဆင်ရန် အဆင်သင့်ဖြစ်မနှင့် ဗဟိုအချက်အချာကျသော နေရာဖြစ်မှုကြောင့် စတော့ဈေးကွက်ဖွင့်လှစ်ရန် အသင့်တော်ဆုံးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အဝါရောင်အဆင့်ရှိ ဆိုင်ကလုန်းမုန်တိုင်း မဒီ အရှိန်ကြောင့် ကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းကျ၍ လှိုင်းကြီးနိုင်

နေပြည်တော် ဒီဇင်ဘာ ၇

ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတိုင်းတွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်း မုန်တိုင်း မဒီ (Madi) သည် ပိုမိုအားကောင်းလာကာ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၇၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ၅၇၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားပြီး ပိုမိုအားကောင်းလာကာ နောက် ၂၄ နာရီအတွင်း အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ပြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိသော်လည်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြုရန် လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ပြည်တွင်းသတင်း

ရှေးဟောင်းဘုရားဆင်းတုတော် ၂၀ ကျော် ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီသို့လှူဒါန်း

တောင်ငူ ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့(၁၈)ရပ်ကွက် ကြာနီကန်စာသင်တိုက်ကြီးအတွင်းရှိ ရေးဟောင်းမဟာပရက္ကမသိမ်တော်ကို ပြုပြင်ရန် သိမ်ဘုရားကြီးကို ရွှေ့ပြောင်းပင့်ဆောင်ရာမှ သိမ်ဘုရားကြီးပလ္လင်တော်အတွင်းမှ ဌာပနာပစ္စည်းများဖြစ်သော ရေးဟောင်းရုပ်ပွားတော် ၈၀ ခန့်ကို တူးဖော်ရရှိခဲ့ရာ ၎င်းတို့အနက် ၂၃ ဆူကို ကျောင်းထိုင်ဆရာတော်ကြီးက တောင်ငူမြို့ ရေးဟောင်းယဉ်ကျေးမှု တိန်းသိမ်းစောင့်ရှောက်ရေးကော်မတီသို့ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

အဆိုပါသိမ်တော်သည် ကေတုမတီ(တောင်ငူ)ကို သက္ကရာဇ် ၈၇၂ ခုနှစ်တွင် မဟာသီရိဇေယျသူရဘွဲ့ခံမင်းကြီးညိုစတင်တည်တောင်စဉ်က မြို့တည်စဉ် တစ်ပြိုင်နက်တည်ဆောက်ခဲ့သော သိမ် ၂၀ တွင် တစ်ခုအပါအဝင်ဖြစ်သောကြောင့် သိမ်ဘုရားကြီး၏ပလ္လင်တော်အတွင်းက တွေ့ရှိသည့် ရေးဟောင်းရုပ်ပွားတော်များသည် ပုဂံခေတ်နှင့် တောင်ငူခေတ်လက်ရာများ ဖြစ်နိုင်ကြောင်း သိရသည်။

တွေ့ရှိသောဆင်းတုတော်များမှာ ပဥ္စလောဟာဆင်းတုတော်အများစုဖြစ်ပြီး ငွေဆင်းတု၊ ငွေစေတီ၊ အုတ်ခွက်ဘုရား၊ ကျောက်ဆင်းတုများလည်းပါဝင်ပြီး ယင်းဆင်းတုတော်များအနက် ၂၃ ဆူကို ဆရာတော်က ရေးဟောင်းအမွေအနှစ်ဘုရားများအဖြစ် ဖူးမြော်ရသူတို့ ကုသိုလ်တရားပွားများစေရန်၊ တောင်ငူသမိုင်းအမွေကို နောင်လာနောက်သားများ ဆက်ခံနိုင်စေရန် ရည်ရွယ်ချက်ဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း မိန့်ကြားခဲ့သည်။

အဆိုပါ ဆင်းတုတော်များကို မြို့မိမြို့ဖ ဦးပြင်ညို(အမေ့အိမ်)၊ ဦးရဲဝင်း(ရွှေဝါပဲဆီသန့်)၊ တောင်ငူရှေးဟောင်းယဉ်ကျေးမှုတိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မြ(ပြည်ဝ)၊ အတွင်းရေးမှူး ဒေါက်တာမာမာဝေနှင့် ဦးမောင်မောင်ကျော်တို့ပါဝင်သောအဖွဲ့က လက်ခံယူကြပြီး တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ်၌ ယာယီကိန်းဝပ်စံပယ်တိန်းသိမ်းပူဇော်ထားမည်ဖြစ်ကြောင်း သိရသည်။ ကျန်ဆင်းတုတော်များကို သိမ်တော်ကြီးပြုပြင်သည်အခါ သိမ်ဘုရားကြီး၏ဌာပနာတော်များအဖြစ် ပြန်လည်တည့်သွင်းဌာပနာသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်လှ(တောင်ငူ)

မော်တော်ယာဉ် ၃၀၃၅၅ စီး သွင်းကုန်ပါမစ် ထုတ်ပေးပြီး

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်ထိုင်းဒေသကြီးရုံး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေးဌာနစိတ်က လူပုဂ္ဂိုလ် တစ်ဦးချင်းအလိုက် မော်တော်ယာဉ်သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်အထိ 1350 CC အောက်ယာဉ်များ အပါအဝင် Saloon, Pick Up, Van, Wagon, Light Truck, Box Truck, Extra CAB/Space CAB နှင့် Truck တို့ အပါအဝင်စုစုပေါင်းမော်တော်ယာဉ် ၃၀၃၅၅ စီးကို သွင်းကုန်ပါမစ် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၂၁၁ ဒသမ ၄၆၈သန်း ခန့် တန်ဖိုးရှိကြောင်း ယင်းဌာနမှ ထုတ်ပြန်သော စာရင်းအရသိရှိရသည်။

အေးကို(သတင်းစဉ်)

လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

နေပြည်တော်၌ Sinma Living Mall ဖွင့်

နေပြည်တော် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဥတ္တရသီရိမြို့ Commercial Complex ရှိ Sinma Furnishings Co., Ltd ၏ Sinma Living Mall ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါအဆောက်အအုံ ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ Sinma Living Mall အဆောက်အအုံကို နေပြည်တော်ကောင်စီဝင် ဦးကံချုန်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် Sinma Furnishings Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော် ဝ[illegible] ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးတင့်ဆန်းနှင့် ဧည့်သည်တော်များသည် Sinma Living Mall အတွင်း Super One Hyper Mark အရောင်းပြခန်းအတွင်းရှိ အသုံးအဆောင်များနှင့် စားသောက်ကုန်များအားလည်းကောင်း၊ Sinma Furniture ပစ္စည်းများကိုလည်းကောင်း၊ နာမည်ကြီး မြန်မာပန်းချီဆရာများ၏ Paint Gallary ပန်းချီကားပြခန်းနှင့် အရောင်းစင်တာ၊ Fashions, Cosmetic & Electronic ဆိုင်များအားလည်းကောင်း၊ သဘာဝအတိုင်း ကြည့်ရှုခံစားနိုင်သည့် 6D CINEMA တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် PERFECT Beauty & Spa ဆိုင်ကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးတင့်ဆန်းနှင့် ရုပ်ရှင်သရုပ်ဆောင် ဒေါ်မေသန်းနုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် YGN Kyae Oh စားသောက်ဆိုင်၊ Sawasdee (Thai Restaurant) စားသောက်ဆိုင်နှင့် Royal Classic Restaurant စားသောက်ဆိုင်တို့ကို တာဝန်ရှိသူတိုက ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ Western Park Royal Restaurant စားသောက်ဆိုင် ဖွင့်ပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က Western Park Royal Restaurant ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့် Western Park Royal Restaurant ဥက္ကဋ္ဌ ဦးမောင်မောင်သောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ ပြည်ထောင်စုဝန်ကြီးများနှင့်ဧည့်သည်တော်များသည် စားသောက်ဆိုင်အတွင်း ခင်းကျင်းပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ဖွင့်လှစ်

ယနေ့ဖွင့်လှစ်သည် ဥတ္တရသီရိမြို့နယ် Commercial Complex ရှိ Sinma Living Mall သည် သီရိရတနာလမ်းနှင့် ဇေယျာဌာနီလမ်းဆုံတွင် တည်ရှိကာ သုံးထပ်အဆောက်အအုံဖြစ်ပြီး Super One Hyper Mark, Sinma Furniture, PERFECT Beauty & Spa ဆိုင်များအပြင် Fashion ဆိုင်များဖြစ်သည့် ERKE Fashion, TM Fashion, Labelle Fashion, Pan Akery Fashion & Nan Hein Htet Gold Smith Shop, City Cotton Fashion, Myanmar Dressing ဆိုင်များ၊ Cosmetic & Electronic ဆိုင်များဖြစ်သည့် Revlon,Myanmar Laynying (BSC), Mitsubishi, Hitachi, Ushido, Rinnai, Holika Holika, CHANGHONG, Chigo, Nibban, Summit, Midea ဆိုင်များ၊ Restaurant, Coffee Shop & Food ဆိုင်များဖြစ်သည့် Royal Classic, Sawasdee, Bisou Coffee Shop, Floral & Coffee Shop, Daung Food & Drink, YGN Kyae Oh ဆိုင်များနှင့် Game Station, Myanmar Handicrafts Shop နှင့် Paint Gallary (နာမည်ကြီး မြန်မာပန်းချီ၊ ပန်းပုဆရာများ၏ ပန်းချီကားပြခန်းနှင့် အရောင်းစင်တာ)များ ပါဝင်ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွေ့ချောင်းခံတပ်သို့တက်ရာလမ်း ပြုပြင်ချောမွေ့ရန် လိုအပ်နေ

မကွေး ဒီဇင်ဘာ ၇

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့ သမိုင်းဝင်မင်းလှခံတပ်နှင့် မကွေးမြို့နယ် သမိုင်းဝင်ကွေ့ချောင်းခံတပ်တို့သို့ ၂၀၁၃ ခုနှစ် ခရီးသွားရာသီ အောက်တိုဘာနှင့် နိုဝင်ဘာလအတွင်း လေ့လာရေးလာရောက်ကြသော နိုင်ငံခြားသား ဦးရေမှာ ၉၈၄ ဦးရှိခဲ့ကြောင်း၊ ပွင့်လင်းရာသီအတွင်း နိုင်ငံခြားသားများ တိုးတက်ရောက်ရှိလာမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၄ ရက်က မင်းလှမြို့ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ သုတေသန လက်ထောက်-၃ ဒေါ်နီလာထွန်းနှင့်တွေ့ဆုံရာတွင် ပြောပြချက်အရ သိရသည်။

"နိုင်ငံခြားသားခရီးသွားများက မင်းလှခံတပ်နဲ့မြို့တွင်းကို ဝင်ရောက်လေ့လာကြရာ အခက်အခဲမရှိပေမယ့် ကွေ့ချောင်းခံတပ်က ဧရာဝတီ မြစ်ကမ်းပါးအထက် တောင်ကုန်းပေါ်မှာဆိုတော့ ခရီးသွားတွေ တက်ရောက်လေ့လာကြရာမှာ အခက်အခဲရှိတယ်လို့သူတို့ကပြောတယ်၊ ပြီးတော့ သက်ကြီးရွယ်အိုတွေလည်း ပါတယ်လေ၊ အဲဒါကြောင့် ခရီးသွားများ ပြောကြားချက်အရ ကျွန်မက မကွေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနဦးစီးဌာနကို လွှန်ခဲ့တဲ့ လေး၊ ငါးလကတည်းက အဲဒီအခက်အခဲပြေလည်အောင် ဆောင်ရွက်ပေးနိုင်ဖို့ ခံတပ်အတက်လမ်း ချောချောမွေ့မွေ့ဖြစ်အောင်ပေါ့။ ကျွန်မတင်ပြထားပါတယ်"ဟု ဒေါ်နီလာထွန်းက ပြောပြသည်။

မင်းလှခံတပ်မှာ ဧရာဝတီမြစ် အနောက်ဘက် ကမ်းပါးထိပ်တွင် တည်ရှိပြီး မြေပေါ်ခံတပ်ဖြစ်သည်။ ကွေ့ချောင်းခံတပ်မှာ ဧရာဝတီမြစ် အရှေ့ဘက်ကမ်း တောင်ကုန်းပေါ်တွင် တည်ရှိပြီး မြေတွင်းခံတပ်ဖြစ်သည်။ ကွေ့ချောင်းခံတပ်တည်နေရာမှာ နိုင်ငံခြားသားခရီးသွားများ၏ သဘော်ဆိုက်ကပ်ရာ မြစ်ကမ်းပါးနှင့် လေးဖာလုံခန့်ကွာဝေးပြီး ကြမ်းတမ်းခက်ခဲသဖြင့် ခံတပ်သို့ တက်ရောက်သည့်လမ်းပြုပြင်ချောမွေ့ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ **(စဂဖ)**

ပြည်ပန်းညိုအရိုင်းပင်အသီးစားမိ၍ ကလေးငယ်နှစ်ဦးသေဆုံး

မုံရွာ ဒီဇင်ဘာ ၇

မုံရွာမြို့နယ် ကျောက္ကာမြောက်ရွာ ထန်းဇလုပ်ချောင်းကားလမ်း ရေကျော်အနီးနေအိမ်မှ ခြံဝင်းအတွင်း အလေ့ကျပေါက်ရောက်သည် ပြည်ပန်းညိုအရိုင်းပင်၏အသီးကို စားသုံးခဲ့သည်ကလေးငယ်နှစ်ဦး အစာအဆိပ်သင့်မဖြစ်ပွား၍ မုံရွာပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူခဲ့ပြီး ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ပြည်ပန်းညိုအရိုင်းပင်အသီး၏ အစေ့များကို ကလေးငယ်နှစ်ဦးစားသုံးအပြီး မုန့်ဖက်ထုပ်၊ ငှက်ပျောလုံးကြော်၊ ဆန်ကြော်မုန့်နှင့်ပင်လယ်စာများ စားသုံးခဲ့သေးကြောင်း ဒီဇင်ဘာ ၁ ရက်တွင် စားသုံး၍ ဒီဇင်ဘာ ၂ ရက်တွင် ကလေးငယ်များမှာ အဖျားတက်ခြင်း၊ အော့အန်ခြင်းတို့ဖြစ်ပွားခဲ့ပြီး ပုံမှန်ဆော့ကစားနိုင်ခြင်းမရှိဘဲ အိပ်ရာထဲခွေလဲနေကြောင်း၊ အစာအဆိပ်သင့် သေဆုံးသွားသော ကလေးငယ်များအားစောင့်ကြည့်ခဲ့သည့် မိဘအုပ်ထိန်းသူများက ပြောပြခဲ့သည်။ အစာအဆိပ်သင့်ခဲ့သော ကလေးနှစ်ဦးအနက် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နှစ်နှစ်အရွယ် မလေပြေဦး သေဆုံးခဲ့ပြီး ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အသက်လေးနှစ်အရွယ် မစုဝေနှင်းထပ်မံသေဆုံးခဲ့ရကြောင်း သိရသည်။ အဆိုပါ မြစ်စဉ်နှင့်ပတ်သက်၍ ကူးစက်ရောဂါဟုတ် မဟုတ် သက်ဆိုင်ရာ ကျန်းမာရေးဌာနတာဝန်ရှိသူများက လာရောက်စစ်ဆေးဆောင်ရွက်ခဲ့ပြီး အစာအဆိပ်သင့်မဖြစ်ပွားခဲ့သော နေအိမ်များအနီး နေထိုင်ကြသော အသက်ငါးနှစ်အရွယ် ကိုကိုထူးနှင့် အသက်သုံးနှစ်အရွယ် ကိုဟိန်းသူစိုးတို့နှစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရန် မုံရွာပြည်သူ့ဆေးရုံကြီးသို့ ဒီဇင်ဘာ ၄ ရက်တွင် ပို့ဆောင်ပေးခဲ့ပြီး ကျန်းမာရေးစစ်ဆေးချက်များအရ စိုးရိမ်ဖွယ်ရာမရှိကြောင်း မုံရွာမြို့နယ် ကျောက္ကာမြောက်ရွာ အုပ်ချုပ်ရေးမှူးဦးမြင့်သိန်းထွန်းက အတည်ပြုပြောကြားခဲ့သည်။

မျိုးဝင်းထွန်း(မုံရွာ)

ပခုက္ကူစာပေရေချမ်းစင်တွင် ဆီးဂိမ်းနေ့စဉ်သတင်းစာထားရှိ

ပခုက္ကူ ဒီဇင်ဘာ ၇

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အဝေးပြေးကားကြီးကွင်းအတွင်း၌ ဖွင့်လှစ်ထားသော စာပေရေချမ်းစင် Mini Book Corner နှင့် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကြီး SEA GAMES MYANMAR 2013 ၏ အင်္ဂလိပ်/မြန်မာ နေ့စဉ်သတင်းစာများကို ဒီဇင်ဘာ ၃ ရက်က ပြည်သူများဖတ်ရှုလေ့လာလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အောင်(မန်းတက္ကသိုလ်)

စာကြည့်တိုက်သို့စာအုပ်စာစောင်များ လှူဒါန်း

မန္တလေး ဒီဇင်ဘာ ၇

မန္တလေး ချမ်းမြသာစည်မြို့နယ် ၅၃ လမ်းနှင့် ၃၆လမ်းထောင့် တော်ဝင်ပြန်မာကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် စာအုပ်ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၄ ရက် နံနက်က ကျောင်းစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ပြန်လည်ပေးအပ်

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးတင်စိုးက ဂုဏ်ပြုကျေးဇူးတင်စကားနှင့် စာကြည့်တိုက်မှူးက ကျောင်းစာကြည့်တိုက်အကြောင်းသိကောင်းစရာများကို ရှင်းပြသည်။ ထို့နောက် ကွယ်လွန်သူဗိုလ်မှူးသံတိုင် (မော်ကွန်းဝင်နှင့်နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်)အားရည်စူး၍ ဦးအေးကို မိသားစုက မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အုပ် ၃၀၀၊ မောင်ဟိန်းတေဇထွဏ်းက အားကစားဂျာနယ် ၁၅၀၊ ဂျာနယ်စုံ ၅၀ စုစုပေါင်း အုပ် ၂၀၀ ကို စာကြည့်တိုက်မှူးထံပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ကျောင်းစာကြည့်တိုက်သည် နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်ထားရှိပြီး ကျောင်းသား ကျောင်းသူများ စာသင်ချိန်များတွင် အတန်းလိုက်သော်လည်းကောင်း၊ ကျောင်းနားချိန်များတွင် ကျောင်းသား ကျောင်းသူများ နေ့စဉ်သတင်းစာများ၊ သုတရသ၊ ဗဟုသုတစာအုပ်များ၊ ဆေးပညာစာအုပ်၊ ဂျာနယ်များ၊ စာကြည့်တိုက်အတွင်း ဖတ်ရှုနိုင်ပြီး အိမ်သို့လည်း ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(ပ၂၆)

မီးပုံးပျံမီးစာပြုတ်ကျ၍ မီးလောင်ခံရသော နေအိမ် တာဝန်ရှိသူများက ပြန်လည်ပြုပြင်တည်ဆောက်ပေး

နေပြည်တော် ဒီဇင်ဘာ ၇

မီးပုံးပျံမီးစာပြုတ်ကျရာမှ အဘွားအိုအိမ်မီးလောင်ခံရ ပြန်လည်မပြုပြင်နိုင်၍ အခက်ကြုံနေ ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၀)တွင် ဒေါ်ကျင်သန်း၏ နေအိမ်ကို ယခုအချိန်ထိ ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်းမရှိသည်အပြင် လျော်ကြေးပေးခြင်းမရှိပါကြောင်း ရေးသားဖော်ခဲ့သည်။

သတင်းစာတွင် ဖော်ပြပါရှိသည့် ဒေါ်ကျင်သန်း၏ နေအိမ်အား ယခင်သက်ငယ်မိုးမှ သွပ်မိုးအိမ်အမြစ်သို့ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ပြန်လည်ပြုပြင် တည်ဆောက်ပေးခဲ့ပြီး **(အောက်ပုံ)** ကုန်ကျစရိတ်အား ကျေးရွာအတွင်းရှိ အလှူရှင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က လှူဒါန်းခဲ့ကြောင်းသိရသည်။

ကျော်သူထက်

ဆင်ဆာမဲ့ဗီဒီယိုဇာတ်ကားများ ငှားရမ်း/ရောင်းချသူ အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့အတွင်းရေးမှူးနှင့်အမှတ်(၃) ရပ်ကွက်ဆယ်အိမ်မှူးတို့ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၅ရက် ညနေ ၅နာရီခွဲက ပခုက္ကူမြို့ အမှတ် ၃ ရပ်ကွက် သီတာလမ်းနှင့် နှစ်လမ်းထောင့်ရှိ ကျော်ဇောလင်း (၂၅ နှစ်) ၏ စိန်ရတီဗီဒီယိုခွေအငှားဆိုင်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ဆင်ဆာမဲ့နိုင်ငံခြားဗီဒီယိုဇာတ်ကားများကို လက်ဝယ်ထားရှိပြီး ငှားရမ်း/ ရောင်းချနေသည်ကို တွေ့ရှိရသဖြင့် အရေးယူပေးရန်တိုင်တန်းခဲ့ရာ ကျော်ဇောလင်းအား ပခုက္ကူမြို့မရဲစခန်းက ရုပ်မြင်သံကြားနှင့် ဗီဒီယိုအက်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ရဲပြန်ကြား

ပြည်တွင်းသတင်း

စေတီတော်ကြီးမှ ထူးဆန်းစွာ အလိုအလျောက် ရေများပန်းထွက်နေ

ကြို့ပင်ကောက် ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ရှားချောင်းကျေးရွာအုပ်စု သင်ခရိုင်ကျေးရွာ ဘုရားသာသနာ့နယ်မြေအတွင်းရှိ ရတနာသိခ် သစ္စာပေါင်းကူး အောင်ဆုထူး စေတီတော်မြတ်ကြီး **(ဝပုံ)**၏ အလယ်ပစ္စယံအင်္ဂါထောင့် စေတီလုံးပတ်တော်မှ ဒီဇင်ဘာ ၄ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က ရေများထူးဆန်းစွာ အလိုအလျောက် ပန်းထွက်နေသဖြင့် သွားရောက်လေ့လာသူများ၊ ရေယူသူများ၊ ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

စေတီတော်၏ ဉာဏ်တော်အမြင့်မှာ ၂၇ တောင်ရှိပြီး ရေထွက်သည့်နေရာမှာ မြေပြင်အမြင့် ၁၄ တောင်ကွာဝေး၍ ရေမှာကြည်လင်နေပြီး အနည်းငယ်ခါးကြောင်း သိရသည်။ ရေထွက်သည့်အချိန်မှာ နံနက် ၇ နာရီမှ ည ၇ နာရီအထိ ပီပါသုံးလုံးကျော်ရှိပြီး ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ရှားချောင်း၊ သခွပ်ပင်၊ ဥယျာဉ်ကြီး၊ ကံဦး၊ မြို့တွင်း၊ ဘော်ဘင်ဆည်ရွာတို့ရှိ ရွာသူရွာသားများက ဆေးဝါးအဖြစ် သုံးစွဲရန် လာရောက်ယူဆောင်လျက်ရှိသည်။

ရေထွက်သည့် စေတီတော်ကြီးအား ၁၃၆၆ ခုနှစ်တွင် ဗိုလ်ကြီးနေမင်းစမ်း(ငြိမ်း)က ဦးဆောင်တည်ထားခဲ့ပြီး ယခုအခါ ဘုရားအား ရွှေသင်္ကန်းကပ်လှူပူဇော်ရန် စီစဉ်နေခိုက် ရေများ ရုတ်တရက်ပန်းထွက်လာသဖြင့် လုပ်ငန်းကို ခေတ္တရပ်ဆိုင်းထားရကြောင်း၊ ယခုနေရာသည် ရှေးအခါက မင်းများ ဖြတ်သန်းသွားလာရာ အောင်မြေနေရာတစ်ခုဖြစ်ကြောင်း၊ ယခုဖြစ်ရပ်သည် နိုင်ငံတော်အတွက် အေးချမ်းသာယာမည် အတိတ်ကောင်း၊ နိမိတ်ကောင်းများဖြစ်သည်ဟု ယူဆပါကြောင်း ဗိုလ်ကြီးနေမင်းစမ်းက ပြောကြားသည်။

သွားရောက်နိုင်

သင်ခရိုင်ဘုရား သာသနာ့နယ်မြေသို့သွားရာတွင် ကြို့ပင်ကောက်မြို့ အရှေ့ဘက် ပန်းတင်လမ်းကြီးအတိုင်း မော်တော်ဆိုင်ကယ်၊ မော်တော်ကားများဖြင့် ၁၅ မိုင်ခန့် သွားရောက်နိုင်ကြောင်း သိရသည်။

(လ/ဝ၂၈)

ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်၌ X-Ray စောင့်ကြည့်စက်ဖြင့် အိတ်များကိုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၇

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းမြေ့စွာ လာရောက်ဖူးမြော်နိုင်ရန် ဂေါပကအဖွဲ့က အစဉ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီးကို အိမ်ရှင်နိုင်ငံအဖြစ် ဒီဇင်ဘာလတွင် လက်ခံကျင်းပနေသည့် အချိန်ကာလဖြစ်သည့်အလျောက် အားကစားပွဲတော်နှင့်အတူ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည်များ မိုမိုလာရောက်လျက်ရှိသည်။

ထို့အတွက် အများပြည်သူများ အေးချမ်းစွာ ဘုရားဖူးမြော်နိုင်ရန် ရွှေတိဂုံစေတီတော်၌ ခေတ်မီစက်ကိရိယာများဖြင့် လုံခြုံရေးကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ဓာတ်လှေကားတွင် ဝင်လာသော ဧည့်သည်များ၏ အိတ်များ၌ အန္တရာယ်ရှိ၊ မရှိစစ်ဆေးရန် X-Ray စောင့်ကြည့်စက်သစ်ကို ကွန်ပျူတာဖြင့် ချိတ်ဆက်တပ်ဆင်ကာ လုံခြုံရေး စောင့်ကြည့်စစ်ဆေးလျက်ရှိသည်။

အသုံးပြု

အဆိုပါ X-Ray စက်သစ်ကို ယခုနှစ် အောက်တိုဘာ ၁ ရက် တွင် တပ်ဆင်ပြီး အောက်တိုဘာ ၁၅ ရက်မှစ၍ အသုံးပြုလျက်ရှိသည်။ စက်၏ တန်ဖိုးမှာ ငွေကျပ်သိန်း ၂၇၀ ရှိသည်ဟု သိရသည်။ **ခင်ချိုဝင်း**

မြန်မာ-အိန္ဒိယ နယ်စပ်ဒေသဖြစ်သော BP 65 ရှိ ဘုတ်ကန်ကျေးရွာနှင့် မွလ်ကြမ်းကျေးရွာ ကြားခံသံတံတားကို နိုဝင်ဘာ ၂၉ ရက်က တွေ့ရစဉ်။

တွံတေး၌ ဆီးဂိမ်းအကြို ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကျင်းပ

တွံတေး ဒီဇင်ဘာ ၇

ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ပြည်သူလူထုအခြေပြု ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ (ဆီးဂိမ်း) အားကစားပြိုင်ပွဲကြီးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပါဝင်ယှဉ်ပြိုင်မည် အားကစားသမားများကို ပရိသတ်စိတ်ဝင်စား၍ ပိုမိုအားပေးလာရန်အတွက် နေပြည်တော် ဖွင့်ပွဲ၊ ပိတ်ပွဲ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ကွင်းနှင့် အောင်နိုင်ရေး ကြွတင်လေ့ကျင့်နေမှုများ၊ အားကစားနည်းအလိုက် အောင်မြင်နိုင်ရေး အစွမ်းကုန်ကြိုးစားလေ့ကျင့်နေမှုများ၊ အားကစားပြိုင်ပွဲကျင်းပမည် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်တို့ရှိ အားကစားရုံများ၊ ဆီးဂိမ်းလှုံ့ဆော်ရေး ပိုစတာထားရှိပုံများ၊ အားကစားအလိုက် ကျင်းပမည့် အားကစားကွင်းနှင့် နေ့ရက်များ၊ ပြည်သူလူထုအခြေပြု ဗဟုသုတရရှိစေရန်အတွက် မြို့နယ်ရုံးစာကြည့်တိုက်ရှိ သုတ၊ ရသ စာအုပ် ၃၀၀ ကို ပြည်သူများသိရှိဖတ်ရှုလေ့လာနိုင်ရန်နှင့် ဆီးဂိမ်းလှုံ့ဆော်ရေး ဓာတ်ပုံများ၊ ပိုစတာများကို ပြသထားသည်။

ကြည့်ရှုလေ့လာ

အဆိုပါအခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ ဌာနဆိုင်ရာများ၊ အထက (၁)၊ အထက(၂)မှကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။

(အပေါ်ပုံ) **မျိုးလှိုင်(တွံတေး)**

မူးယစ်မှောင်ခိုနှင့် တရားမဝင်ပြောင်းရွှေ့နေထိုင်မှုများ ပိုမိုကြီးထွားလာ အိန္ဒိယ-မြန်မာနယ်စပ်တွင် နယ်ခြားစောင့်တပ်ရင်း ၄၁ ခု ထားရှိမည်

၁၆၄၃ ကီလိုမီတာ ရှည်လျားသော အိန္ဒိယ-မြန်မာနယ်စပ်တစ်လျှောက်တွင် အိန္ဒိယနိုင်ငံက နယ်ခြားစောင့်တပ် Border Security Force (BSF)တပ်ရင်း ၄၁ ခု ထားရှိရန် စီစဉ်နေကြောင်း စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၂၈ ရက်က ပြုလုပ်သော Cabinet Committee on Security (CCS) အစည်းအဝေးတွင် ယခုလက်ရှိ အိန္ဒိယ-မြန်မာ နယ်စပ်လုံခြုံရေးအတွက် တာဝန်ယူထားသော အာသံရိုင်ဖယ်တပ်ရင်းကို နယ်မြားစောင့်တပ် (BSF)နှင့် အစားထိုးထားရှိရန် သဘောတူညီခဲ့ကြကြောင်း၊ ယင်းကိစ္စသည် ယခုလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း အိန္ဒိယအခြေစိုက် သတင်းစာများတွင် ဖော်မြထားသည်။

အိန္ဒိယ-မြန်မာနယ်စပ်ဖြစ်သော အိန္ဒိယဘက် ဒေသလုံခြုံရေးအတွက် တာဝန်ယူတော့မည့်အကြောင်းနှင့်ပတ်သက်၍ BSF Director - General, Subhash Joshi က "ဒီကိစ္စအတွက် စစ်တပ်တပ်ရင်း ၄၁ခု ချထားဖို့ဖြစ်ပါတယ်။ ဒီအစီအစဉ်ကိုလည်း အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနကို အမြန်ဆုံးတင်သွင်းသွားမှာပါ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီမှု ရရှိပြီးရင်တော့ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်တော့မှာပါ"ဟု ပြောဆိုခဲ့ကြောင်း အထက်ပါ သတင်းစာတွင် ဖော်ပြထားသည်။

အိန္ဒိယ အရှေ့မြောက်ဒေသ အိန္ဒိယ-မြန်မာနယ်စပ်တစ်လျှောက် လုံခြုံရေးကို အာသံရိုင်ဖယ်တပ်ရင်း ၁၅ ခုက တာဝန်ယူထားပြီးဖြစ်သော်လည်း အာသံတပ်များသည် နယ်စပ်လုံခြုံရေးထက် လူမျိုးစုခွဲထွက်ရေး လက်နက်ကိုင်အဖွဲ့များ တိုက်ခိုက်ရေးကိုသာ အလေးထား လုပ်ဆောင်နေသောကြောင့် တရားမဝင် မူးယစ်မှောင်ခိုလုပ်ငန်းနှင့် တရားမဝင်ပြောင်းရွှေ့နေထိုင်မှုများ ပိုမိုကြီးထွားလာနေသည်ဟု အိန္ဒိယ၏ လုံခြုံရေးအရာရှိများက ဝေဖန်ထောက်ပြခဲ့ကြသည်။

ထို့ကြောင့် အိန္ဒိယ-မြန်မာ နယ်စပ်လုံခြုံရေးတာဝန်ကို အာသံရိုင်ဖယ်တပ်ထံမှ BSF တပ်များက လွှဲပြောင်းတာဝန်ယူသွားရန် စီစဉ်ကြခြင်းဖြစ်ပြီး ယင်းနယ်စပ်တစ်လျှောက်တွင် BSF တပ်ရင်း ၄၁ ခု (တပ်သား-၄၁၀၀၀) ထားရှိမည် ဟု BSF တာဝန်ရှိသူများက ခြောကြားသည်။

ဖော်ပြထား

ထို့အပြင် နယ်စပ်တစ်လျှောက် လုံခြုံရေးအတွက် MI-17 အမျိုးအစား ရဟတ်ယာဉ်များ ထပ်မံဝယ်ယူရန်နှင့် BSF Additional Director-General လက်အောက်တွင် Sector Hedquarters (စစ်ဆင်ရေးဌာနချုပ်) ၁၂ ခုထားရှိရန်လည်း အကြံပေးသွားမည်ဟု BSF Director က ပြောဆိုသွားကြောင်း Indian Express သတင်းစာတွင် ဖော်ပြထားသည်။

CL ထန်းငါ

တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၇

နိုဝင်ဘာ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင် (၀/၄)တွင် တရားမဝင်ကျွန်းခွဲသား ၀ ဒသမ ၄၅၁၈ တန်နှင့် ယာဉ်ကစ်စီး၊ ဒီဇင်ဘာ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပေါင်းကည်မြို့နယ် အဂ္ဂရာပြည်ကျေးရွာအုပ်စု ခရိုင်ချင်းဆက်လမ်း မိုင်တိုင် (၁၃၄ နှင့် ၁၃၅) ကြား၌ တရားမဝင် ကျွန်းခွဲသား ၀ ဒသမ ၉၆၀၆ တန်နှင့် ယာဉ်တစ်စီး၊ ဒီဇင်ဘာ ၄ ရက်တွင် ပဲခူးမြို့နယ် ဘုရားကြီးဘိနယ် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင် (၃၆/၃) အနီးနှင့် အင်းတကော်ဘိနယ် ရန်တုန်-မန္တလေးလမ်းဟောင်း မိုင်တိုင် (၄၃/၄)အနီးတို့မှ တရားမဝင်ကျွန်းခွဲသား ၂ ဒသမ ၄၁၄၈ တန်နှင့် ယာဉ်နှစ်စီး၊ ဒီဇင်ဘာ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ပင်လယ်ကြီးဘိနယ် နတ်တောင်ကျေးရွာ၌ တရားမဝင်ကျွန်းတံခါးရွက်၊ ကျွန်းခွဲသား၊ သစ်မာနှင့် အခြားသား ၄၉ ဒသမ ၇၃၇၇ တန်၊ တရုတ်အင်ဂျင်သုံးလုံး၊ လွှဝိုင်းငါးခုအပါ ဆက်စပ်ပစ္စည်း ၁၁ မျိုး၊ ဒီဇင်ဘာ ၃ ရက်တွင် ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ဒိုးတန်းရွာမှ တရားမဝင် စံကားဝါခွဲသား ၂ ဒသမ ၇၂၄၀ တန်နှင့်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောက်ပိုမိ

ရှမ်းနှစ်သစ်ကူးပွဲတော် သီပေါ၌စည်ကားစွာကျင်းပ

သီပေါ ဒီဇင်ဘာ ၇

မြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ကြီးမှူးလျက် ၂၁၀၈ ခုနှစ်မြောက် ရှမ်းနှစ်သစ်ကူးပွဲတော် အခမ်းအနားများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အောင်မင်္ဂလာကျောင်းတိုက် ကွင်းပြင်၌ ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်က စည်ကားစွာ ကျင်းပခဲ့ကြသည်။

အဆိုပါသီပေါမြို့ ၂၁၀၈ ခုနှစ်မြောက် ရှမ်းနှစ်သစ်ကူးပွဲတော်၌ ရပ်ကွက်၊ ကျေးရွာများမှ ရှမ်းတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကအလှများဖြင့် တင်ဆက်ဖျော်ဖြေကြပြီး ဒီဇင်ဘာ ၂ ရက် ည ၁၂ နာရီတွင် ရှမ်းနှစ်ဟောင်း ၂၁၀၇ ခုနှစ် တုန်ဆုံး၍ ရှမ်းနှစ်သစ် ၂၁၀၈ ခုနှစ်သစ်သို့ ကူးပြောင်းဝင်ရောက်ခြင်း အထိမ်းအမှတ်ကို ရှမ်းအိုးစည်ဗုံမောင်းများတီးခတ်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်လွှတ်တင်ခြင်း၊ မီးပုံပွဲကျင်းပ၍ အကအခုန်များဖြင့် ဆင်နွှဲခဲ့ကြသည်။

ဒီဇင်ဘာ ၃ ရက်က ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပျော်ရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပခြင်းစသည်များဖြင့် ကျင်းပကြပြီး ညမိုင်း၌ ရမ်းရိုးရာယဉ်ကျေးမှုအလှများဖြင့် တင်ဆက်ဖျော်ဖြေကြသည်။

သီပေါမြို့၌ ကျင်းပခဲ့သော ယခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်သို့ သီပေါရောက် ကမ္ဘာလှည့်နိုင်ငံခြားသားများနှင့် ဒေသခံတိုင်းရင်းသားပေါင်းစုံတို့ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

သီပေါကိုလတ်

ပြည်တွင်းသတင်း

ပန်းမုန်လာစိုက်ပျိုးခြင်းဖြင့် တွက်ခြေကိုက်

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အင်းတောကျေးရွာအုပ်စုတွင် ဆောင်းရာသီ သီးနှံတစ်မျိုးဖြစ်သည့် ပန်းမုန်လာပင်ကို ယမန်နှစ်များကထက် ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

ပန်းမုန်လာကို စိုက်ပျိုးခြင်းသည် အင်းတောကျေးရွာသားကို၏ ကိုယ်ပိုင်စားဝတ်နေရေးအတွက် ပင်မလုပ်ငန်းဖြစ်သည်နည်းတူ ပန်းမုန်လာပင်စိုက်ပျိုးရန်မြေသားကို ညက်ညက်ထွန်ယက်ကာပြုပြင်ရသည်။ အောက်ခံမြေဩဇာနှင့် နှပ်ထားပြီး တစ်ပတ်ခန့်အကြာတွင် စတင်စိုက်ပျိုးရကြောင်း လက်ရှိစိုက်ပျိုးနေသူတစ်ဦးက ပြောသည်။ ပန်းမုန်လာပင်ကို စိုက်ပျိုးရာတွင် ပင်ကြား၊ တန်းကြားတစ်တောင်ခန့် စိုက်ပျိုးရသည်။ မြေတစ်ဧကလျှင် အပင် ရေ ၉၀၀၀ ကျ စိုက်ပျိုးနိုင်ပြီး အောက်ခံမြေဩဇာအဖြစ် အပင် ၁၀၀၀ လျှင် အာမိုခတ်မြေဩဇာ တစ်ပြည်၊ ပုလဲတစ်ပြည်နှင့် နွားချေးတင်း ၁၀၀ နှုန်း အောက်ခံထားစိုက်ပျိုးပေးရကာ အပေါ်ဘက်အနေဖြင့် အပင်၏မြစ်ထွန်းမှုအပေါ် မူတည်၍ မြေဩဇာ ကျွေးပေးရပါသည်။

မြေဩဇာကျွေးပြီးတိုင်း ရေအဝသွင်းပေးရသည်။ ပိုးသတ်ဆေးအနေဖြင့် စိုက်ပြီး ၁၅ ရက်ခန့် အကြာတွင် စတင်ပက်ဖျန်းပေးရသည်။ အပင်၏ ရောဂါကျရောက်မှုအပေါ် မူတည်ကာ လိုအပ်သလို ပက်ဖျန်းပေးရသည်။ စိုက်ပျိုးပြီး ရက်ပေါင်း ၆၀ ခန့်ရှိသော် ပန်းပွင့်ကလေးများ စတင်ဝေဆာထွက်ပေါ်လာပြီး ရက်ပေါင်း ၇၅ ရက် ကြာသော် စတင်ဆွတ်ခူးရောင်းချနိုင်သည် အနေအထားတွင် ရောက်ရှိနေပြီဖြစ်သည်။ ယခင်နှစ်က ပန်းမုန်လာတစ်ပွင့်လျှင် ငွေကျပ် ၃၀၀ ဈေးနှုန်းဖြင့် ရောင်းချရပြီး အဖြတ်အစွန်းပိုမိုရရှိသဖြင့် ယခုအခါ ပန်းမုန်လာစိုက်ပျိုးသူ များလာကြောင်း ယခုနှစ်စိုက်ပျိုးနေသူတစ်ဦးက ပြောပြသည်။

အောင်(မန်းတက္ကသိုလ်)

ဗိုက်ခွဲပြီး ငါးများတင်ပို့ခြင်းကြောင့် အထက်မြန်မာပြည်တွင် အရည်အသွေးကောင်းငါး စားရ

ရန်ကုန် ဒီဇင်ဘာ ၇

အထက်မြန်မာပြည်သို့ ငါးမြစ်ချင်းများတင်ပို့ရာတွင် ယခင်ကအကောင်လိုက် တင်ပို့မှုများသာရှိသော်လည်း ယခုအခါ ဗိုက်ခွဲကလီစာထုတ်၍ ရေခဲရိုက် တင်ပို့လာခြင်းကြောင့် အထက်မြန်မာနိုင်ငံ၊ အထူးသဖြင့် မန္တလေးမြို့နေ ဖြည်သူများ အရည်အသွေးကောင်းငါးများကို စားသုံးကြရကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။

"ငါးတွေကို ဗိုက်ခွဲပြီးပို့တော့ အစာလမ်းကြောင်းတို့ အဆီတို့ ပါမသွားတဲ့အတွက်ကြောင့် ရေခဲရိုက်တဲ့အခါ ငါးရဲ့အရည်အသွေးကိုပိုပြီး ကောင်းစေတယ်" ဟု ၎င်းကပြောကြားသည်။

ရောင်းချ

ငါးများကို အရည်အသွေးကောင်းစေရန်အတွက်ဗိုက်ခွဲခြင်းကိုသာပြုလုပ်ပြီး အကြေးခွံချွတ်ခြင်းကို မပြုလုပ်ကြောင်း၊ ငါးဗိုက်ခွဲရန် အပိုကုန်ကျစရိတ်မရှိဘဲ ငါးဗိုက်ခွဲသူများက အခမဲ့ခွဲပေးပြီး ကလီစာများကိုသာယူကြောင်း၊ ငါးဗိုက်ခွဲသူများသည် ကလီစာအတွင်းပါသော ငါးအဆီဖောင်းကိုအခြောက်ခံ၍ ဈေးကွက်တွင်ရောင်းချပြီး အခြားကလီစာများကို အဆီချက်၍ ငါးစာအတွက် ရောင်းချကြောင်းသိရသည်။

စားသုံး

ယင်းကဲ့သို့ ဗိုက်ခွဲပြီးငါးများကို တင်ပို့ခြင်းကြောင့် သယ်ယူပို့ဆောင်စရိတ် သက်သာလာသည့်အပြင် စားသုံးသူများအတွက်လည်း အရည်အသွေးကောင်းငါးကို စားသုံးရကြောင်း ဦးဝင်းကြိုင်ကဆိုသည်။

သိန်းဝင်းစိုး

NOVOTEL
INLE LAKE

Opening Q1- 2014

is looking for talents for the following positions

- Front Office Manager
- HR Manager
- Finance Manager
- Chief Maintenance
- Translator
- Spa Manager
- Sales Manager
- IT Manager
- F & B Manager
- Housekeeper

Please send CV with photo and actual salary package to

Only short listed candidates will be contacted.

[illegible]

NOVOTEL INLE LAKE

The Novotel Inle Lake features 60 Villas and 60 Junior suites and 2 Presidential villas and all Day dining. The hotel also offers Spa, Fitness center, Swimming-pool, Function rooms and meeting facilities.

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၁၂-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၄၀၀၀-၆၁၅၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၃၅၀၀-၆၁၅၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၅	ကျပ်
ယူရို	တစ်ယူရို	၁၃၃၅-၁၃၅၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၇-၇၉၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅-၃၀.၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၆-၁၅.၉	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၆၈	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၃-၃၀၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၂၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၃၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၈၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၉၀၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၇၅၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၈၅၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်းယဉ်အသစ်	တစ်အိတ်	၂၂၀၀၀-၂၄၅၀၀
၄။ ဖြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၉၂
၆။ ဆိပ်မြူကြက်သွန်နီ	တစ်ပိဿာ	၆၀၀-၁၀၅၀
၇။ ရမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၈၅-၁၂၀၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၇၀-၇၀၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၅၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၃၃၀၀-၃၈၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၀၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

သဖန်းဆိပ်ကျေးရွာတွင် ဆပ်ပြာချက်လုပ်ငန်းတွင်ကျယ်လျက်ရှိ

မကွေး ဒီဇင်ဘာ ၇

မကွေးတိုင်းဒေသကြီး ထုံးပေါက်တောအုပ်စု သဖန်းဆိပ်ကျေးရွာမှ ထုတ်လုပ်သော ဆပ်ပြာအဆီဘူးများကို မကွေး၊ မင်းဘူး၊ ဈေးကွက်များ၌ တွင်ကျယ်စွာ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

ရောင်းချ

ထုတ်လုပ်သော ဆပ်ပြာဆီဘူးများကို သဖန်းဆိပ်ကျေးရွာမှ တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုစီးပွားအဖြစ် ထုတ်လုပ်လျက်ရှိပြီး အဆိုပါအသေးစားလုပ်ငန်းရှင်များလည်း တွက်ခြေကိုက်လျက်ရှိသည်။ ဆပ်ပြာဆီဘူးများကို တစ်လီတာ တစ်ဘူးလျှင် ငွေကျပ် ၈၀၀ ဖြင့် တောင်တွင်း၊ မကွေး၊ မင်းဘူး ဈေးကွက်များအပြင် ရန်ကုန်မြို့အထိ ရောင်းချလျက်ရှိပြီး ဝယ်ယူသုံးစွဲသူ များလည်း အကြိုက်တွေ့လျက် ဆပ်ပြာဆီတစ်ဘူးလျှင် အဝတ်ထည် ၆၀၀ ကျော်ခန့်ပင် လျှော်ဖွပ်၍ ရနိုင်ကြောင်း၊ ဓာတုပစ္စည်းပါဝင်မှု နည်းပါးပြီး သဘာဝကုန်ကြမ်းပစ္စည်းများကိုသာ ဦးစားပေးသုံးစွဲထားသဖြင့် ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်နိုင်ခြင်း မရှိကြောင်း သိရသည်။

အသေးစားလုပ်ငန်းတစ်ခုအဖြစ် ဆပ်ပြာဆီကို ထုတ်လုပ်ရောင်းချလျက်ရှိသော မနှင်းဝေဖြိုးက "ကျေးရွာတွေမှာ တစ်ပိုင်တစ်နိုင် စီးပွားရေးအဖြစ် ဆပ်ပြာချက်လုပ်ငန်းကို လုပ်ကိုင်သူနည်းပါးပါတယ်။ ကျွန်မကလည်း စွန့်ဦးတီထွင်မှုတစ်ရပ်အနေနဲ့ တခြားသူတွေမလုပ်သေးတဲ့ ဒီလုပ်ငန်းကို အသေးစားငွေချေးဌာနတစ်ခုဖြစ်တဲ့ ရတနာ့မေတ္တာအဖွဲ့အစည်းရဲ့ ပံ့ပိုးကူညီမှုနဲ့လုပ်ကိုင်ဖို့ အခွင့်အရေးရရှိလာတာပါ။ ကုန်ကြမ်းပစ္စည်းတွေကို မကွေးမြို့ပေါ်ကနေ အလွယ်တကူ ဝယ်ယူရရှိပါတယ်။ အသေးစားအိမ်တွင်းမှု လုပ်ငန်းတွေကို အခွန်ကင်းလွတ်ခွင့် ပေးထားတဲ့အတွက်ကြောင့်မို့ အမြတ်အစွန်းပိုမိုရရှိလာလို့ နိုင်ငံတော်ကိုလည်း အများကြီးကျေးဇူးတင်ပါတယ်" ဟု ပြောဖြသည်။

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် အသေးစားငွေချေးမြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်တန်းပို့ချခြင်းကို နိုင်ငံတော်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့မှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပိုင်ဇေ(မကွေး)

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ သော်ကလမ်း၊ အမှတ် ၁၂၇၂နေ ဦးသန်းမြင့်(ခ)ဦးအံမောင် ၁၂/ဒဂန(နိုင်)၀၁၀၄၇၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသန်းမြင့်(ခ)ဦးအံမောင်

ပျောက်ဆုံး

ကျွန်မ မဇင်လင်းအေး ၁၂/မဂဒ(နိုင်) ၁၀၈၆၀၃၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၀၇၈၂၈၇

အင်းတကော်မြေရောင်းမည်

ရန်ကုန်-ပဲခူးလမ်းနှင့် ကိုက် ၁၅၀အကွာ မြေ ၉ ဒသမ ၆ ဧက ရောင်းရန်ရှိသည်။ ဧက်မှုလုပ်ငန်း လုပ်ရန်သင့်တော်သည်။

ဆက်သွယ်ရန်ဖုန်း-၀၁-၅၁၉၃၅၃၊ ၀၉-၄၅၀၀၃၄၂၃၆

ထွန်းမိုးသားစုကုမ္ပဏီ
09-450018666,09-73161672

[illegible]

ဧရာဝတီမြစ်ကို အပြန်အလှန်ကူးခပ်၍ မြန်မာ့လက်ရွေးစင်မောင်မယ်များကို ဂုဏ်ပြု

မြင်းမူ ဒီဇင်ဘာ ၇

အသက် ၆၀ အရွယ် မြန်မာ့ရိုးရာလက်ဝှေ့သမားဟောင်း ထာဝရကျောင်းသားကြီး S.T သိုးရိုင်းဖြူ(ခ) ဘကြီးဗိုလ်သိုး(ခ)ဦးသိန်းဇော် ကျူရင်ဆရာသည် 27th SEA Games တွင် ဝင်ရောက်ယှဉ်ပြိုင်မည် မြန်မာ့လက်ရွေးစင်အားကစားမောင်မယ်များကို လေးစားဂုဏ်ပြုအားပေးခြင်း လှုပ်ရှားမှုအဖြစ် ဒီဇင်ဘာ ၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ညောင်ဦးဖီးဆိပ်ကမ်းမှစတင်၍ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ဆင်တပ်ရွာ ဆိပ်ကမ်းသို့ ဧရာဝတီမြစ်ကို အပြန်အလှန် ကူးခပ်ဖြတ်သန်းပြခဲ့သည်။ လမ်းခုလတ်တွင် ရေပေါ်အာနာပါနကို အသုံးပြု၍ရေပေါ်တွင် အိပ်စက်အနားယူဖြခဲ့သည်။ **(အောက်ပုံ)**

အသက် ၆၀ နီးပြီဖြစ်သော်လည်း ဆေးလိပ်နှင့် မူးယစ်ဆေးဝါးမသုံးစွဲခဲ့သောကြောင့် ယခုလိုစွမ်းအားရှိသေးခြင်းဖြစ်ကြောင်း၊ လူငယ်များကို စံနမူနာပြလိုခြင်းက အဓိကဖြစ်ကြောင်း ဦးသိန်းဇော်က ပြောပြသည်။

ဆက်လက်၍ ယခုသရုပ်ပြပွဲကို ကျင်းပနိုင်အောင် ဝိုင်းဝန်းအားပေးခဲ့ကြသော ဦးဇော်ဝင်းအောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မြင်းမူမဲဆန္ဒနယ်)နှင့် ဌာနဆိုင်ရာများ၊ မြတ်သုခလူမှုကူညီရေးအသင်း၊ ယသစရိယလူမှုကူညီရေးအသင်း၊ မြင်းမူမြို့သူ မြို့သားများ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း၊ မြန်မာ့လက်ရွေးစင်အားကစားမောင်မယ်များအနေဖြင့် ဆက်လက်၍ ရွှေတံဆိပ်များစွာ ရယူပေးနိုင်ပြီး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ကြပါစေဟု မျှော်လင့်ဆုတောင်းအားပေးလိုက်ကြောင်း ပြောကြားသည်။ ဦးသိန်းဇော်၏လှုပ်ရှားမှုအစီအစဉ်ကို မြင်းမူမြို့နယ်အတွင်း ကြုတင်ကြေညာပေးထားသောကြောင့် မြို့ပေါ်ရှိ ရပ်ကွက်များနှင့် ရွာသူရွာသားများ၊ ပရိသတ်များက ဧရာဝတ်မြစ်ရိုးတစ်လျှောက် ညောင်ဦးဖီး၊ မင်းရဲကျော်စွာရပ်ကွက်၊ ဘုရင့်နောင်ရပ်ကွက်၊ အသောကရပ်ကွက်နှင့် ငါန်းဇွန်မြို့နယ် ရဲပဒိုင်းဆိပ်ကမ်းတို့တွင် ကမ်းလုံးပြည်မျှလာရောက် အားပေးကြည့်ရှုခဲ့ကာ ဦးသိန်းဇော်ကို ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ကြသည်။ **ကိုကိုနိုင်(မြင်းမူ)**

ရေနံချောင်းဘေလီတံတားပြန်လည်ဆောက်လုပ်ရေးစတင်ဆောင်ရွက်

ကလေး ဒီဇင်ဘာ ၇

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းမကြီးပေါ်ရှိကလေးမြို့နယ်နတ်ကြီးကုန်း(ကာ)ကျေးရွာအနီး ရေနံချောင်းဘေလီတံတား **(အပေါ်ပုံ)** သည် ဟောင်းနွမ်းနေပြီး ကြံ့ခိုင်မှုမရှိတော့သဖြင့် နိုဝင်ဘာလကုန်ပိုင်းမှစတင်၍ အာရ်စီ (RC) ကွန်ကရစ်တံတားဖြင့် ပြန်လည်ဆောက်လုပ်ရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ ဦးကျော်သက်နိုင်အား မေးမြန်းကြည့်ရာ၌ "ကျွန်တော်တို့က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားအထူး(၁၁)ကနေလာလုပ်တာပါ။ လာမယ့်နှစ် မိုးရာသီမတိုင်ခင် ပြီးစီးအောင် ဆောက်လုပ်သွားမယ်။ တံတားအရှည်ကတော့ နဂိုအဟောင်းအတိုင်းပါပဲ။ ပေ ၁၉၀ ရှည်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနဲ့ ဆောက်လုပ်သွားမယ်။ အမြင့်ကတော့ ၃၃ ပေလောက်ရှိမယ်"ဟု ပြောပြသည်။

ဆောင်ရွက်

အလားတူ တံတားအထူး(၁၁)ကပင် ယင်းလမ်းမပေါ်ရှိ ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာရှိ ဝါးရဲချောင်းတံတားကိုလည်း အသစ်ဆောက်လုပ်ရန် လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ချင်းတွင်းသား (IPRD)

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် စာရေးဝန်ထမ်းများ ဌာနတွင်းမွမ်းမံသင်တန်းပွင့်

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ကြီးမှူးဖွင့်လှစ်သည့် စာရေးဝန်ထမ်းများ ဌာနတွင်းမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက ရုံးဝန်ထမ်းများ လုပ်ရည်ကိုင်ရည် တိုးတက်မြင့်မားစေရန်နှင့် လုပ်ငန်းကျွမ်းကျင်၍အရည်အချင်းပြည့်ဝပြီး စိတ်ဓာတ်အခြေခံကောင်းသည့် ဝန်ထမ်းကောင်းဖြစ်ပေါ်လာစေရန်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချချက်များကို လေးလေးနက်နက် မှတ်သားလိုက်နာကြပြီး လုပ်ငန်းတာဝန်များကို လိုလိုလားလား ကြိုးစားဆောင်ရွက်ကြရန်၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ရိုးသားကြိုးစားသည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရေးကြိုးစားအားထုတ်ကြရန်နှင့် ပြည်သူများယုံကြည်ကိုးစားသည့်တရားရုံးများ ဖြစ်ပေါ်လာစေရေး အတွက် ကြိုးပမ်းအားထုတ်သွားကြရန် ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကလေးမြို့တွင်ကျင်းပ

ကလေး ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် (၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို ကလေးမြို့ပေါ်ရှိ ဆွံ့အနားမကြား ကျောင်း၊ မျက်မမြင်ကျောင်း၊ မသန်စွမ်းသူများကျောင်းတို့ စုပေါင်း၍ ဒီဇင်ဘာ ၃ ရက်က စမ်းမြို့ရပ်ကွက်ရှိ ဧမာန္ဒေလနားမကြားကျောင်း၌ ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအေးနိုင်တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်ကြားပေး

ကလေးမြို့ပေါ်ရှိ ဆွံ့အနားမကြားကျောင်းတွင် ကျောင်းသား ၃၂ ဦး၊ မသန်စွမ်းကလေးများ ကျောင်းတွင် ကျောင်းသား ၁၅ ဦးကို ဖြည့်တွင်း၊ မြည်ပအလှူရှင်များထံမှ အကူအညီများကို ရယူပြီး ပညာသင်ကြားပေးနေကြောင်း သိရသည်။ မသန်စွမ်းကလေးများ ဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းသည် လူမျိုး၊ ဘာသာမခွဲခြားဘဲ မသန်စွမ်းကလေးများ ဘက်စုံဖွံ့ဖြိုးရန်အတွက် ကြိုးစားအားထုတ်နေသော ပရဟိတလုပ်ငန်းတစ်ခုဖြစ်ကြောင်း အဆိုပါကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သျှင်နေမင်း

ဈေးခြင်းအတွင်းမှ ငွေကျပ် ၁၉ သိန်း နှိုက်ယူသူ ခါးပိုက်နှိုက်အားဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် (၆)လမ်းသွားလမ်းဆုံအနီးတွင် ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲက ခရီးသည်တင်ယာဉ်ပေါ်၌ ငွေကျပ် ၁၉ သိန်းကို နှိုက်ယူဆင်းပြေးသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကရင်ဆိပ်ကျေးရွာနေ ဒေါ်သန်းရင်သည် သန်လျင်ဈေးသို့ သုံးခွခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါစီးနင်းစဉ် (၆)လမ်းသွား လမ်းဆုံသို့ အရောက် ၎င်းအနီး မတ်တပ်ရပ်၍စီးလာသူ ဦးထွန်းမြင့်(၆၂နှစ်) တောင်ဒဂုံမြို့နယ်နေသူမှာ ကားပေါ်မှဆင်းရန်ပြင်ဆင်နေစဉ် ဈေးခြင်းအတွင်း၌ ထည့်ထားသည့် ပိုက်ဆံအိတ်မှာ ပျောက်ဆုံးနေသဖြင့် အနီးရှိသူများအား အကူအညီတောင်းခံစဉ် ကားပေါ်မှဆင်းသွားသူက အထုပ်တစ်ထုပ်ကို လမ်းဘေးသို့ ပစ်ချလိုက်သည်ကိုယာဉ်မောင်းနှင့် ခရီးသည်များက ပြောပြသဖြင့် ကားကိုရပ်ပြီး (၆) လမ်းသွားလမ်းဆုံရှိ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရှာဖွေခဲ့ရာ လမ်းဘေး၌ ကနောင်ရွှေဆိုင်တံဆိပ်ပါပိုက်ဆံအိတ်ဖြင့် ထည့်ထားသည့် ငွေကျပ် ၁၉ သိန်းကို ပြန်လည်ရှာဖွေ တွေ့ရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ပိုက်ဆံအိတ်ခိုးသူကို စစ်ဆေးရာ ပြစ်ချက်ဟောင်းရှိသူဖြစ်ပြီး ခါးပိုက်နှိုက် ထပ်မံကျူးလွန်သူဖြစ်ကြောင်း သိရသဖြင့် ၎င်းအား သန်လျင်မြို့မရဲစခန်းက အရေးယူဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **သန်လျင်(ဖြိုးမင်းလတ်)**

ဦးအောင်မျိုးဝင်း ၁၄/ပသရ(နိုင်)၁၁၄၄၅၁ နှင့် အများသိစေရန်ကြေညာခြင်း

Active Business Consolidation Co.,Ltd. (abc Convenience Store Chains)၏ Merchandising Department မှ Merchandising Manager တစ်ဦးဖြစ်သူ ဦးအောင်မျိုးဝင်း ၁၄/ပသရ(နိုင်)၁၁၄၄၅၁ သည် လုပ်ငန်းပိုင်ငွေများအား စာရင်းရှင်းလင်းမှုမရှိဘဲ အလုပ်သို့လာရောက်ခြင်း မရှိတော့ပါသဖြင့် abc မှ အမည်ပျက်စာရင်း (Black List)ထည့်သွင်း၍ ထုတ်ပယ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များသည် Active Business Consolidation Co.,Ltd. နှင့် လုံးဝပတ်သက်သက်ဆိုင်မှုမရှိတော့ပါကြောင်း ဦးအောင်မျိုးဝင်း (ဘ-ဦးတင်ထွန်း) ၁၄/ပသရ(နိုင်)၁၁၄၄၅၁ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝေသစ်လွင်
Managing Director
Active Business Consolidation Co.,Ltd.

GOLDEN STAR

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန့်ဇင်ဝင်း ၇/ပတတ(နိုင်)၀၇၈၄၄၃ ပိုင်ဆိုင်သော Thet Htar Zin Trading Co.,Ltd.၏ သွင်းကုန် (၁)လိုင်စင်အမှတ် MQIL(1) 13-14 4655 (11/10/2013)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ ဖုန်း-၀၉-၂၅၆၀၈၀၂၃၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၈၉၂၄၇ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသဲကိုကို ၉/ပသက(နိုင်)၁၃၆၆၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၄၉၈၇ Toyota Hilux Surf KZN 185 S/W (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၉/မနမ(နိုင်)၀၂၇၅၉၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကြေညာချက်ရုပ်သိမ်းခြင်း

၆-၁၂-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၁၊ ကော်လံ ၃/၄ တွင် ကြေညာခဲ့သည့် Khine Property Real Estate Service နှင့် Asia Tours Myanmar မှ ဒေါ်ဝင်းဝင်းခိုင် ၁၂/ဥကမ(နိုင်)၁၀၃၆၂၆ နှင့် သက်ဆိုင်သည့်ရုံးခန်း ငှားရမ်းသည့်ကိစ္စမှာ နှစ်ဦးသဘောတူညီနိုင်းပြေလည်ပြီးဖြစ်ကြောင်း ပြန်လည်ကြေညာအပ်ပါသည်။

မဥမ္မာတင်
၁၂/ကမတ(နိုင်)၀၄၁၉၆၈

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇-ဒီ၁၊ မြေကွက်အမှတ် ၂၊ မြေကွက်တည်နေရာအမှတ် ၁၀၈၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ဒေါ်ညိမ်းခင်-ဦးကိုလေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးကိုလေးကွယ်လွန်သဖြင့် ဒေါ်စိုးမြင့် ၁၂/စခန(နိုင်)၀၀၇၂၉၈ နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ညိမ်းခင်နှင့် ခင်ပွန်း ဦးတီးမိန်ကန်တို့ ကွယ်လွန်သဖြင့် ဒေါ်အေးမြင့် ၁၂/စခန(နိုင်)၀၄၈၅၀၀ တို့က ဇနီး၊ သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလိမ္မာ စာမှာရှိ

နိုင်ငံတကာအားကစားသတင်း

ဖီဖာနဲ့ အိမ်ရှင်ကာတာ

မိုးမြင့်လင်းလက်

ကာတာနိုင်ငံမှာ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပဖို့ ရက်အတိအကျသတ်မှတ်ဖို့ အငြင်းပွားမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဟာ လာမယ့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ ကျင်းပမယ့်ရက် အတိအကျသတ်မှတ်တော့မယ့်သတင်း ထုတ်ပြန်ထားပါတယ်။

ကာတာနိုင်ငံကို ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ဖီဖာက ရွေးချယ်သတ်မှတ်ခဲ့ပြီးနောက်ပိုင်းမှာ အပူချိန်မြင့်မားတဲ့ ကာတာနိုင်ငံမှာ နိုင်ငံတကာမှ ဘောလုံးသမားတွေ ဘယ်လိုကစားနိုင်မလဲဆိုတာနဲ့ ပတ်သက်လို့ အငြင်းအခုံတွေ၊ ဝေဖန်ပြစ်တင်မှုတွေနဲ့ ကြုံတွေ့ရင်ဆိုင်နေရခြင်း ဖြစ်ပါတယ်။

ဖီဖာဥက္ကဋ္ဌ ဆက်ဘလက်တာက တော့ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်ပြောင်းလဲဖို့ လုံးဝမဖြစ်နိုင်ဘူးလို့ ပြောကြားနေပြီး နိုင်ငံတကာဘောလုံးအသင်းအဝိုင်းက တာဝန်ရှိပုဂ္ဂိုလ်တွေရဲ့ အကြံပြုချက်ကို နားထောင်တာ ပုံမှန်ကျင်းပမြဲဖြစ်တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ ရက်သတ်မှတ်မှုကို ပြောင်းရွှေ့ဖို့ စီစဉ်သွားမယ်လို့ ဆိုပါတယ်။

ဘရာဇီးနိုင်ငံမှာ မကြာမီက ကျင်းပခဲ့တဲ့ ဖီဖာစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအပြီးမှာ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပနိုင်ဖို့ လမ်းပြမြေပုံတစ်ရပ် ပြုစုထုတ်ပြန်ကြေညာခဲ့ပါတယ်။

အဲဒါလမ်းပြမြေပုံကို အာရ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနဲ့ ဖီဖာဒုတိယဥက္ကဋ္ဌလည်းဖြစ်တဲ့ ရှိတ်အဲလီမန်က ဦးဆောင်ပြီး စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လမ်းပြမြေပုံကို ဆောင်ရွက်တဲ့အခါ ကာတာနိုင်ငံရဲ့ တစ်နှစ်အတွင်း ရာသီဥတုအခြေအနေ၊ နိုင်ငံတကာလိဂ်ဘောလုံးပြိုင်ပွဲများ၊ ပြည်တွင်းလိဂ်ဘောလုံးပြိုင်ပွဲတွေ၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုဆိုင်ရာ ကုမ္ပဏီများရဲ့ပါဝင်ပူးပေါင်းနိုင်မှု အနေအထား စတဲ့ အချက်အလက်တွေကို ရယူပြီး ပုံဖော်သွားမှာ ဖြစ်ပါတယ်။

ကာတာနိုင်ငံရဲ့ နွေစဉ်ပျမ်းမျှအပူချိန်ဟာ ၅၀ ဒီဂရီစင်တီဂရိတ်ခန့်ရှိတာမို့ နိုင်ငံတကာဘောလုံးသမားတွေအတွက် အန္တရာယ်ကြီးမားတဲ့ အနေအထားဖြစ်တာမို့ ဖီဖာဟာ ဒီကိစ္စကို ခေါင်းခဲမတတ်စဉ်းစားပြီး အစည်းအဝေးတွေ အကြိမ်ကြိမ်ပြုလုပ်အဖြေထုတ်နေတာ ဖြစ်ပါတယ်။

နိုင်ငံတကာ ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဖီဖာဟာ ကမ္ဘာ့ဘောလုံး အသိုင်းအဝိုင်းက အကြံပြုချက်၊ လေ့လာချက်တွေအပေါ် မူတည်ပြီး လာမယ့် ၂၀၁၄ ခုနှစ်ကုန်မှာ ရက်သတ်မှတ်ချက် ထုတ်ပြန်ရတော့မှာ ဖြစ်ပါတယ်။

ဆွာရက်ဇ်ထက် အဂူရိုသာလွန်

ဆာဂျီယိုအဂူရိုသည် တောင်အမေရိကတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ထက် တစ်ချိန်လုံး ခြေစွမ်းပြအကောင်းဆုံးဖြစ်ကြောင်း မန်စီးတီးနည်းပြ ပယ်လီဂရီနီက ပြောသည်။

တိုက်စစ်မှူး နှစ်ဦးစလုံး ယခုနှစ်ကစားပုံမှာ အလွန်ကောင်းကြောင်း ပယ်လီဂရီနီက ပြောသည်။ ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်သည် ယခုနှစ်ရာသီတွင် ၁၃ ဂိုးသွင်းယူထားသည်။ အာဂျင်တီးနားတိုက်စစ်မှူး အဂူရိုထက် နှစ်ဂိုးသာသည်။ ဆွာရက်ဇ်သည် အလွန်အရေးကြီးသော တိုက်စစ်မှူးဖြစ်ကြောင်း၊ သို့သော် အဂူရိုထက် ပွဲအတွေ့အကြုံနည်းကြောင်း မန်စီးတီးနည်းပြက ပြောသည်။ အဂူရိုသည် ပရီမီယာလိဂ်တွင် အသန့်ရှင်းဆုံးတစားသမားဖြစ်ကြောင်းလည်း နည်းပြက ပြောသည်။ မက်ဆီနှင့်စီရိုနယ်ဒိုတို့ပြီးလျှင် အဂူရိုသည် အကောင်းဆုံးဘောလုံးသမားဖြစ်သည်ဟု ဆိုသည်။

ကမ္ဘာ့ဖလား စပိန်နှင့် နယ်သာလန်အုပ်စုတစ်ခုတည်းကျရောက်

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ပွဲစဉ်များကိုထုတ်ပြန်လိုက်ပြီဖြစ်ရာ စပိန်နှင့် နယ်သာလန်တို့သည် ၂၀၁၀ ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့ပြီးနောက် ထပ်မံဆုံတွေ့ကြဦးမည်ဖြစ်သည်။ စပိန်အသင်းသည် တောင်အမေရိက ပြိုင်ဘက်ချီလီနှင့် သြစတြေးလျတို့နှင့်လည်း ကစားရမည်ဖြစ်သည်။ ဥရုဂွေး၊ ကော့စတာရီကာ၊ အင်္ဂလန်နှင့် အီတလီတို့လည်း တစ်အုပ်စုတည်းကျနေသည်။ ကမ္ဘာ့ဖလား သုံးကြိမ်ချန်ပီယံ ဂျာမနီက အုပ်စု(G)တွင် ပေါ်တူဂီ၊ ဂါနာ၊ အမေရိကန်တို့နှင့် ကစားရမည်ဖြစ်သည်။ ကမ္ဘာ့ဖလားငါးကြိမ်ရ ဘရာဇီးက ခရိုအေးရှား၊ မက္ကဆီကို၊ ကင်မရွန်းတို့နှင့် ကစားရမည်ဖြစ်သည်။ မက်ဆီ၏ အာဂျင်တီးနားက အုပ်စု (F) တွင် ဘော့စနီးယား၊ အီရန်၊ နိုင်ဂျီးရီးယားတို့နှင့် ကစားရမည်ဖြစ်သည်။

ကမ္ဘာ့ဖလားအုပ်စုများ

အုပ်စု A - ဘရာဇီး၊ ခရိုအေးရှား၊ မက္ကဆီကို၊ ကင်မရွန်း
အုပ်စု B - စပိန်၊ နယ်သာလန်၊ ချီလီ၊ သြစတြေးလျ
အုပ်စု C - ကိုလံဘီယာ၊ ဂရိ၊ အိုင်ဗရီကို့စ်၊ ဂျပန်
အုပ်စု D - ဥရုဂွေး၊ ကော့စတာရီကာ၊ အင်္ဂလန်၊ အီတလီ
အုပ်စု E - ဆွစ်ဇာလန်၊ အီကွေဒေါ၊ ပြင်သစ်၊ ဟွန်ဒူးရပ်စ်
အုပ်စု F - အာဂျင်တီးနား၊ ဘော့စနီးယား၊ အီရန်၊ နိုင်ဂျီးရီးယား
အုပ်စု G - ဂျာမနီ၊ ပေါ်တူဂီ၊ ဂါနာ၊ အမေရိကန်
အုပ်စု H - ဘယ်လ်ဂျီယံ၊ အယ်လ်ဂျီးရီးယား၊ ရုရှား၊ တောင်ကိုရီးယား

ကောင်းမြတ်သူ-စုစည်းသည်

ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၁၅ ဒီဇင်ဘာ ၈

ဖူလ်ဟမ်	-	အက်စ်တွန်ဗီလာ	ည	၈:၀၀	(ယခင်နှစ် ၁-၀)
အာဆင်နယ်	-	အဲဗာတန်	ည	၁၀:၃၀	(ယခင်နှစ် ၀-၀)

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၅ ဒီဇင်ဘာ ၈

ဖရိုင်းဘတ်	-	ဝုဖ်ဘတ်	ည	၉:၀၀	(ယခင်နှစ် ၂-၅)
ဘရန်းရှ်ဗစ်	-	ဟာသာဘာလင်	ည	၁၁:၀၀	(-)

အီတလီစီးရီးအေ ပွဲစဉ်-၁၅ ဒီဇင်ဘာ ၈/၉

ရိုးမား	-	ဖီအိုရင်တီးနား	ည	၆:၀၀	(ယခင်နှစ် ၄-၂)
ကက်ဂလီယာရီ	-	ဂျီနိုအာ	ည	၈:၃၀	(ယခင်နှစ် ၂-၁)
ဗီရိုနာ	-	အတ္တလန်တာ	ည	၈:၃၀	(-)
ဆမ့်ဒိုးရီးယား	-	ကာတာနီးယား	ည	၈:၃၀	(ယခင်နှစ် ၁-၁)
ဆက်ဆူအိုလို	-	ချီယေဗို	ည	၈:၃၀	(-)
တိုရီနို	-	လာဇီယို	ည	၈:၀၀	(ယခင်နှစ် ၁-၀)
အင်တာ	-	ပါးမား	နံနက်	၂:၁၅	(ယခင်နှစ် ၁-၀)

ပြင်သစ်လီဂူး ပွဲစဉ်-၁၇ ဒီဇင်ဘာ ၈/၉

ဘော်ဒိုး	-	လိုင်လီ	ည	၇:၃၀	(ယခင်နှစ် ၁-၁)
ဘတ်စတီယာ	-	လိုင်ယွန်	ည	၁၀:၃၀	(ယခင်နှစ် ၄-၁)
တူးလော့စ်	-	မောင့်ပယ်လီယာ	ည	၁၀:၃၀	(ယခင်နှစ် ၂-၀)
မိုနာကို	-	အဂျာစီယို	နံနက်	၂:၃၀	(-)

စပိန်ဘာရင့်ဗလား

အယ်လ်ကော်ကွန်	-	ဂရန်နာဒါ	ညနေ	၅:၃၀
ဂျင်နက်စ်တစ်	-	ဗလင်စီယာ	ည	၁၀:၃၀
ပယ်လ်မက်စ်	-	အယ်လ်မာရီးယား	ည	၁၀:၃၀
ဂျွန်း	-	အက်စ်ပန်ညို	နံနက်	၀၀:၃၀
မာလာဂါ	-	အိုဆာဆူနာ	နံနက်	၂:၃၀

ဒီဇင်ဘာ ၆/၇ ဘောလုံးပွဲရလဒ်

နုရင်ဘတ်	၁-၁	မိန့်ဇ်
ဘိုလော့ဂ်နာ	၀-၂	ဂျူဗင်တပ်စ်
မာဆေး	၀-၁	နန့်တက်စ်
အယ်လိုင်ဒါ	၁-၂	ဘက်တစ်
ဗီလာရီးရဲလ်	၂-၂	အဲယ်ချီ
အဲလ်ဂျီစီရက်စ်	၁-၁	ဆိုစီဒက်
ရေဆင်း	၀-၁	ဆီဗလာ
ကာတာဂျီနာ	၁-၄	ဘာစီလိုနာ
ဗယ်လာဒိုလစ်	၀-၀	ဗယ်လက်ကာနို

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်၀ဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်၊ မြို့နယ်တရားသူကြီးရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၂

ဒေါ်တင်စိန်	နှင့်	ဒေါ်ခင်စန်း
တရားလို		တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ ၉ လမ်း၊ အမှတ် ၁၀၆/၁နေ ဒေါ်ခင်စန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်စိန်က ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှီး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၂ရက် (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၁၀ရက်) မွန်းမတည်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ချစ်ကိုကို)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

ဝန်ထမ်းအလိုရှိသည်

Cafe Relax စားသောက်ဆိုင်တွင် လုပ်ငန်းလုပ်ကိုင်ရန် ကျွမ်းကျင်ပြီး အတွေ့အကြုံရှိသော အောက်ပါဝန်ထမ်းများအလိုရှိသည်-

၁။	Supervisor	ကျား	(၁)ဦး
၂။	စာရင်းကိုင်	မ	(၂)ဦး
၃။	Cashier	မ	(၂)ဦး
၄။	စားဖိုမှူးအကူ	ကျား	(၂)ဦး
၅။	Coffee & Juice အဖျော်ဆရာ	ကျား	(၂)ဦး
၆။	အဖျော်ဆရာအကူ	ကျား	(၂)ဦး
၇။	မီးဖိုချောင်သန့်ရှင်းရေး	ကျား	(၂)ဦး
၈။	စားပွဲထိုးအကူ	ကျား/မ	(၉)ဦး
၉။	Car Parking နှင့်လုံခြုံရေး	ကျား	(၂)ဦး

သတ်မှတ်ရာထူးအလိုက် ပညာအရည်အချင်း Certificate ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံနှင့် ဘာသာစကား (English) ပြောဆိုနိုင်မှုအပေါ်မူတည်၍ စိစစ်ရွေးချယ်သွားမည်။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဓာတ်ပုံ (၂)ပုံနှင့်တကွ ၁၀-၁၂-၂၀၁၃ ရက်မှ ၂၀-၁၂-၂၀၁၃ ရက်အထိ အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ရွှေနောင်ယမ်း ကုမ္ပဏီလီမိတက်
အမှတ် (၁၂၄)၊ လမ်း ၃၀၊ ၆၅×၆၆ လမ်းကြား၊ မင်းကွန်းဘိုးဘွားရိပ်သာပိုင်တိုက်တန်း၊
မန္တလေးမြို့၊ ဖုန်း-၀၂-၂၄၃၉၉၊ ၀၉-၄၄၄၀၀၂၁၃၂

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ကွင်းအမှတ် (၁၈/ကျောက်တောင်ရပ်)၊ ဦးပိုင်အမှတ် (၃၅/၅)၊ ဧရိယာ ၀ဒသမ၇၄၇ဧကရှိ မြေကွက်သည် ပြင်ဦးလွင်မြို့နယ် မြေတိုင်းစာရင်းဦးစီးဌာန၌ ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာချိုလေးမာ ၁၂/ဗဟန(နိုင်)၀၈၀၀၄၆ အမည်ဖြင့် အမှတ်အသားတည်ရှိပြီး ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေမှ ယင်းမြေကွက်အား နှစ် ၃၀ ငှားရန်သစ်ထုတ်ပေးပါရန် လျှောက်ထားလျှက်ရှိပါသည်။ ယင်းလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်မည်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကိုလင်း (ကော့မှူး) LL.B, D.B.L, WIPO (Switzerland)
အထက်တန်းရှေ့နေ (စဉ်-၃၃၉၄၇)၊ ဘဏ်အကျိုးဆောင်ရှေ့နေ
အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၄၂၅၇၄

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဒုတိယအကြိမ်မြောက် Yoma Yangon အပြည်ပြည်ဆိုင်ရာ မာရသွန်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်မြို့၌ Yoma Yangon အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို ဒုတိယအကြိမ်မြောက်အဖြစ် ၂၀၁၄ ခုနှစ် [illegible] ၁၉ ရက်တွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဒုတိယအကြိမ်မြောက် မာရသွန်ပြိုင်ပွဲကို First Myanmar Investment (FMI)နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (YCDC) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ယခင်နှစ်ထက် ယှဉ်ပြိုင်သူဦးရေ ၁၀၀၀ မှ ၃၀၀၀ အထိ သားဆ မြှင့်တင်ရန် ရည်ရွယ်ထားသည်။ ၂၀၁၄ ခုနှစ် မာရသွန်ပြိုင်ပွဲအတွက် ပွဲစဉ်များမှာ အပြည့်မာရသွန် (Full Marathon) ၄၂ ကီလိုမီတာ၊ တစ်ဝက်မာရသွန် (Half Marathon)၂၁ ကီလိုမီတာနှင့် အပျော်တမ်း အပြေးပြိုင်ပွဲ (Fun Run) အကွာအဝေး မသတ်မှတ်ရသေးကြောင်း သိရသည်။ ရရှိသော ပြိုင်ပွဲဝင်ကြေးများကို ပရဟိတလုပ်ငန်းများတွင် လှူဒါန်းသွားမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် အကြီးမားဆုံး အပြေးပြိုင်ပွဲနှင့် မြို့တော်၏ တစ်ခုတည်းသော မာရသွန်ပြိုင်ပွဲဖြစ်သည့်အလျောက် ပြည်တွင်းနှင့် နိုင်ငံတကာရှိ အားကစားသမား[illegible] ပတ်ဝန်းကျင် [illegible] အပြေးပြိုင်ပွဲ ပြုလုပ်ပေးခြင်းဖြင့် မြန်မာနိုင်ငံမှ ပြည်သူများ အားကစားသမားစိတ်ဓာတ်နှင့် အားကစား အသိအမြင် ဗဟုသုတများ ပိုမို ကြွယ်ဝလာစေရန်၊ မြန်မာနိုင်ငံ၏ [illegible]မြင်ကွင်းများကို အပြည်ပြည်ဆိုင်ရာမှ ပိုမိုသိရှိလာကာ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် [illegible] ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် အပြည့်မာရသွန် (အမျိုးသား)ပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ ဗိုလ်စွဲခဲ့ပြီး အမျိုးသမီးပွဲစဉ်[illegible] စွဲခဲ့ကြောင်း သိရသည်။ အလားတူ ၁၀ ကီလိုမီတာပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဖြူဝါသက်က ဗိုလ်စွဲခဲ့ကြောင်း သိရသည်။

စာရင်းပေးသွင်းနိုင်

Yoma Yangon အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ ပါဝင် ယှဉ်ပြိုင်လိုသူများသည် အင်တာနက်ရှိ www.Yomayangon marathon.com တွင် လည်းကောင်း၊ အမှတ် ၃၈၀ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန် FMI Centre တွင် လည်းကောင်း စာရင်း[illegible]ကြောင်း သိရသည်။ [illegible] ပြိုင်ပွဲဝင်များအတွက် ပြိုင်ပွဲဝင်ကြေးများကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားပြီး မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်များအတွက် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ပြိုင်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက် နံနက် ၅ နာရီထွင် သုဝဏ္ဏ အားကစားရုံမှ စတင် တာထွက်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲချိန်ကို နံနက် ၅ နာရီမှ ၁၁ နာရီအထိ သတ်မှတ်ထားကြောင်း စာရင်းပေးသွင်းမှုက ၂၀၁၃ ခုနှစ် အကုန်ပိုင်းတွင် ပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ပြည်မြို့၌ သန်းခေါင်စာရင်းဆိုင်ရာများ ပြည်သူများသို့ အသိပညာပေး ဟောပြော

ပြည် ဒီဇင်ဘာ ၇

[illegible] ၃ပရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လဝက်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာများကို ပြည်သူများသို့ အသိပညာပေး ဟောပြောခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီက ပြည်ခရိုင် ပေါင်းတလည်မြို့နယ် အတ်ဆွဲကျေးရွာအုပ်စု အတ်ဆွဲကျေးရွာ အလယ်တန်းကျောင်း(ခွဲ) ခန်းမ၌ ကျင်းပရာ ပြည်မြို့ လဝက်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ [illegible] အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ မြို့နယ်ဦးစီးဌာနမှူး ဦးဇော်ဇော်ဦး၊ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ခင်မေဦးနှင့် ဝန်ထမ်းများ၊ အတ်ဆွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်နှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ ကျေးရွာ အထောက်အကူပြုကော်မတီဝင်များ၊ ဝင်တင်ဆိပ်၊ လက်ပံပု၊ ရေကြည်ကုန်း၊ အတ်ဆွဲကျေးရွာများမှ ဒေသခံပြည်သူ ၂၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးစီးအရာရှိ မြို့နယ်ဦးစီးဌာနမှူး ဦးဇော်ဇော်ဦးက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာများကို လည်းကောင်း၊ ဒုလက်ထောက်ဦးစီးမှူး ဒေါ်ခင်မေဦးက နိုင်ငံသားလုပ်ငန်း ဆောင်ရွက်ချက်များကိုလည်းကောင်း ဒေသခံပြည်သူများ သိရှိစေရန် ရှင်းလင်းပြောကြားသည်။

ပြောကြား

ထို့နောက် တက်ရောက်လာသူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **(၀၁၉)**

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကွင်းဆင်းဆွေးနွေး

ကျောက်တန်း ဒီဇင်ဘာ ၇

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမြင့်လင်၊ ဦးကျော်ကျော်တိုးနှင့်အတူ ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းက သန်လျင်မြို့နယ်ရုံးတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ စိုက်ပျိုးရေးဝန်ထမ်းများအား တွေ့ဆုံ၍ ဒေသရေမြေနှင့် ကိုက်ညီသည့်သီးနှံမျိုးများ၊ စိုက်စနစ်များ၊ တောင်သူဝင်ငွေကိုက်သည့် သီးနှံများရရှိရေးအတွက် လက်လမ်းမီ သုတေသနလုပ်ငန်းအဖြစ် စံပြကွက်၊ စမ်းသပ်ကွက်များ ဖော်ဆောင်ပြီး တောင်သူများ သိရှိလိုက်နာကျင့်သုံးရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ ကွင်းဆင်းပညာပေးဆွေးနွေးခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၂ ရက်က မှော်ဘီမြို့နယ် မြန်မာ့ဆန်စပါးသုတေသနဌာနနှင့် မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူးမြို့နယ်တို့မှ စိုက်ပျိုးရေးဝန်ထမ်းများနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ်မြို့နယ်ရှိ ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်လည်းကောင်း ကွင်းဆင်းစစ်ဆေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၀၁၉)**

သန်းခေါင်စာရင်းကောက်ယူရေး ကွင်းဆင်းညှိနှိုင်း

နတ်မောက် ဒီဇင်ဘာ ၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ လဝက်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နတ်မောက်မြို့နယ်ရုံး ဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများသည် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ကွင်းဆင်းဆွေးနွေးအသိပေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ မြို့နယ်ဦးစီးဌာနမှူးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁ ရက်က နတ်မောက်မြို့နယ် အမှတ်(၁) နယ်မြေတွင်ပါဝင်သော ရပ်ကွက်၊ ကျေးရွာအုပ်စုများကို ဘုန်းတော်ပြည်အုပ်စု၌လည်းကောင်း၊ ဒီဇင်ဘာ၂ ရက်က အမှတ်(၅) နယ်မြေတွင် ပါဝင်သော ရပ်ကွက်၊ ကျေးရွာအုပ်စုများကို အင်းကုန်းကျေးရွာအုပ်စု၌ လည်းကောင်း ကွင်းဆင်းဆွေးနွေးညှိနှိုင်းခဲ့သည်။

အဆိုပါ ကွင်းဆင်းဆွေးနွေး အသိပေးညှိနှိုင်းပွဲသို့ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ အုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာစာရေးဝန်ထမ်းများ တက်ရောက်ကြပြီး ကျန်နယ်မြေများရှိ ကျေးရွာအုပ်စုများသို့ ထပ်မံကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၂၇)**

မော်လမြိုင်ခရိုင်တရားသူကြီး မြို့မရဲစခန်းနှင့် မော်လမြိုင် အကျဉ်းထောင် စစ်ဆေး

မော်လမြိုင် ဒီဇင်ဘာ ၇

မော်လမြိုင်ခရိုင် တရားသူကြီး ဒေါ်တင်မြသည် နိုဝင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက ဒုတိယခရိုင် တရားသူကြီး ဦးညိုထွန်း၊ ဒုတိယဦးစီးမှူး ဒေါ်ဝင်းမြင့်တို့နှင့်အတူ မော်လမြိုင်မြို့ မြို့မရဲစခန်းသို့ လည်းကောင်း၊ ညနေ ၃ နာရီတွင် မော်လမြိုင်အကျဉ်းထောင်သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး အချုပ်သားများ၊ အကျဉ်းသား၊ အကျဉ်းသူများ၏ နေရာထိုင်ခင်း သက်သာချောင်ချိမှု၊ သန့်ရှင်းစွာထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် ဥပဒေပါအခွင့်အရေးများ ရရှိမှု အခြေအနေတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ စည်းဝေး

တာချီလိတ် ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ဒီဇင်ဘာ ၃ ရက် ညနေ ၄ နာရီမှ ၅ နာရီအထိ တာချီလိတ်မြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာမြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်၊ မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် ရပ်ကွက်၊ ကျေးရွာ မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ထို့နောက် အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးစိုင်းဆာလုက [illegible] ပတ်သက်၍ ရှင်းလင်း[illegible]ကြောင်းသိရသည်။

မြင့်မိုရ်(တာချီလိတ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

[illegible] ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှကျောက်ဆည်ဒေသတွင်တည်ဆောက်မည့် Gas Engine သဘာဝဓာတ်ငွေ့ပိုက်သွယ်တန်းရန်အတွက် လိုအပ်သောပိုက်နှင့် ပိုက်ဆက်ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	- ၉-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	- ၉-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂:၀၀ [illegible]

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ [illegible] (၂၄၀)မဂ္ဂါဝပ်တိုးချဲ့စီမံကိန်းအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ပိုက်နှင့် Ball Valve [illegible] နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	၉-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	၉-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန်	၁၂:၀၀ [illegible]

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။	**တင်ဒါပုံစံတင်ရောင်းချမည့်ရက်**	- ၉-၁၂-၂၀၁၃ ရက်
၃။	**တင်ဒါပိတ်မည့်ရက်**	- ၁၂-၁၂-၂၀၁၃ ရက်
၄။	**တင်ဒါပိတ်မည့်အချိန်**	- ၁၂:၀၀နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ နန်းဟူးကျေးရွာအုပ်စု၊ ပလီလင်းရွာ၊ ဇလဲလမ်းမ၊ အမှတ် ပလလ/၁၃နေ ဦးခွန်ထွန်းဖံ ၁၃/တကန(နိုင်)၁၁၅၅၃၂ လက်ဝယ်ပိုင်ဆိုင်သော ဦးပိုင်အမှတ် ၁၃၊ ကွင်းအမှတ် ၁၉၃၊ ဂနိုင်ရှည်မြောက် ဘန့်ကွေးကျေးရွာ၊ တောင်ကြီးမြို့နယ်ရှိ မြေအမျိုးအစားယာမြေ၊ စုစုပေါင်းဧရိယာ ၁၄ ဒသမ ၆၂ ဧကကို အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့် လူကိုယ်တိုင် ယနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ရောင်းဝယ်ခြင်းကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်အေး B.A (Law), LL.B တရားလွှတ်တော်ရှေ့နေ
၄၀၆၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပ
ဖုန်း-၅၆၆၈၆၄၊ ၅၇၇၂၀၁

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
အထွေထွေဘာသာဗေဒမဟာမန်း ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အထွေထွေဘာသာဗေဒ(General Linguistics)ဒီပလိုမာအချိန်ပိုင်းနှစ်နှစ်သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထွေထွေဘာသာဗေဒသင်တန်းကို တစ်ပတ်လျှင်ငါးရက်(တနင်္လာနေ့မှ သောကြာနေ့အထိ) နံနက် ၇:၀၀နာရီမှ ၈:၅၀နာရီအထိပို့ချပါမည်။

၃။ သင်တန်းဝင်ခွင့်အတွက် လိုအပ်ချက်များမှာ-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။

(ဂ) အထွေထွေဘာသာဗေဒသင်တန်းအတွက နိုင်ငံတော်က အသိအမှတ်ပြုထားသော ဝိဇ္ဇာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ ဝိဇ္ဇာဘွဲ့မရသော်လည်း ဤဘာသာရပ်နှင့် ဆက်စပ်နီးနွယ်သည့်လုပ်ငန်းလုပ်ကိုင်သူများ(ဘာသာပြန်/စကားပြန်ပြုလုပ်သူများ၊ ဘာသာစကားသင်ကြားသူများ၊ သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်နေသူများ) လည်း လျှောက်ထားနိုင်သည်။

၄။ သင်တန်းဝင်ခွင့်လျှောက်လွှာကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၉ရက်မှ ၁၃ ရက်အထိ တင်သွင်းကြရပါမည်။ သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုရပါမည်။ သင်တန်းဝင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မော်ကွန်းထိန်းရုံးခန်း(စာမေးပွဲဌာန)တွင် လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြည်မြို့အထက်နိဗ္ဗိန္ဒတောင်တောရကျောင်းတိုက်ကြီး၏ နှစ်(၁၀၀)ရာပြည့် ရာပြည့်ပွဲကျင်းပမည်

ပြည် ဒီဇင်ဘာ ၇

၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁၃ ရက် ဒီဇင်ဘာ ၁၅ ရက် (တနင်္ဂနွေနေ့) တွင် အထက်နိဗ္ဗိန္ဒ တောရကျောင်းတိုက်ကြီး၏ နှစ် (၁၀၀) ရာပြည့်ပွဲ ကျင်းပမည်။

မြန်မာနိုင်ငံမှာ "ဆင်ကြီးနှင့် ခြင်ကြီး" တို၏ ပြယုဂ်ကို ထုတ်ဖော်၍ "ဆင်ဆင်ခြင်ခြင်" နေထိုင်ရန် ဆုံးမတော်မူသည် ဆရာတော်ကြီး ဦးသီရိမာလာ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို မန်းကာဖြင့် ပင်သဃာ ၁၅၀ ကျော်နှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်း၊ သင်္ကန်းစသော လှူဖွယ်ဝတ္ထုအစုစုတ်ဖြင့် လှူဒါန်းမည်ဖြစ်သည်။

အကြိုတရားပွဲများအဖြစ် ဒီဇင်ဘာ ၁၁ရက် (ဗုဒ္ဓဟူးနေ့)၌ ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ သာသနာ့ဓဇမောစရိယ၊ စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယ၊ ဂဏဝါစက၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ထေးမျက်နှာမဟာစည်သာသနာ့ရိပ်သာ၊ မြန်အောင်မြို့၊ ဒီဇင်ဘာ ၁၂ ရက် (ကြာသပတေးနေ့) ည တတေးအရှင်ဝက္ကန္တက၊ ဓမ္မကထိကဗဟုဇနဟိတရေ သိရိမင်္ဂလာ မဟာစည်ရိပ်သာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့နှင့် ဒီဇင်ဘာ၁၃ရက် (သောကြာနေ့)ည အရှင်သဇာတ၊ ဂဏဝါစက၊ သာသနာလင်္ကာရ သာမဏေကျော်၊ သာသနဓဇမောစရိယ၊ မဟာစည်နယ်လှည့် ဓမ္မကထိက ပြည်တွင်း ပြည်ပ ကမ္မဋ္ဌာနာစရိယ၊ မေတ္တာအေးဆရာတော်၊ မေတ္တာအေးမဟာ စည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့ နိုင်ငံတော်ဓမ္မကထိကများဖြစ်သည့် ဆရာတော်ကြီးများက နိဗ္ဗာနရောက်ကြောင်း တရားတော်များကို ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(၁၀၅)**

မေတ္တာရိပ်မြုကလေးသူငယ် ပြုစုပျိုးထောင်ရေး အဆောက်အအုံသစ် ဖွင့်

ဒီဇင်ဘာ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၃) ရပ်ကွက် မလိခလမ်းနှင့် မြနဒီလမ်းထောင့်၌ နိုဝင်ဘာ ၃၀ ရက် နံနက်က မေတ္တာရိပ်မြုကလေးသူငယ် ပြုစုပျိုးထောင်ရေးအဆောက်အအုံသစ်ဂေဟာဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလကြည်၊ NGO World Vision မန်နေဂျာ ဦးစိုးသန်း၊ Education For Every one အဖွဲ့ဝင်ကိုယ်စား Mister Victoria Great တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

၄င်းနောက် အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားပြီး E.F.E အဖွဲ့ဝင် နိုင်ငံပေါင်းစုံမှ နိုင်ငံခြားသား ၂၂ ယောက်၏ ကိုယ်စား Mister Victoria Great က ကလေးသူငယ်များ ပညာရေးဝန်ဆောင်မှုနှင့် အထောက်အကူပြု ကူညီပံ့ပိုးထောက်ပံ့ရန်ရည်ရွယ်၍ မြန်မာနိုင်ငံကိုရောက်ရှိလာရခြင်းဖြစ်ကြောင်း ပြောကြားသည်။

တနောက် NGO World Vision မှ ဦးစိုးသန်းက အနာဂတ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးအတွက် ပေ ၃၀ ပတ်လည် အုတ်ကာ၊ သပ်မိုး၊ အုတ်၊ ဘိလပ်မြေခင်း မြေညီထပ် ကျောင်းဂေဟာသစ်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်က ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(၈၀၁)**

ကျိုင်းတုံမြို့၌ ရှမ်းနှစ်သစ်ကူး ကောက်သစ် လှူဒါန်းပွဲကျင်းပ

ကျိုင်းတုံ ဒီဇင်ဘာ ၇

ရှမ်းတိုင်းရင်းသားတို၏ ရှမ်းနှစ် ၂၁၀၇ ခုနှစ်မှ ၂၁၀၈ နှစ်သစ်ကူး ကောက်သစ် လှူဒါန်းပွဲတော်နှင့် သင်္ကြန်ပူဇော်ပွဲကို ကျိုင်းတုံမြို့ မိုင်းလီ ပိန်းစိုင်းကျောင်းတိုက်တွင် ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲက ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဦးဆောင်၍ ကျင်းပသည်။

အခမ်းအနားကို ဓမ္မောဒယ စာသင်တိုက ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တအာဇေယျ ကြရောက်ချီးမြှင့်တော်မူပြီး တြိဂံဒေသစစ်ဌာနချုပ်တိုင်းမှူးနှင့်ဌာနဆိုင်ရာများ၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှု အဖွဲ့များ တက်ရောက်ကြသည်။

တက်ရောက်

ရှေးဦးစွာ အခမ်းအနား တက်ရောက်လာကြသူများကငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်ကြီး၏ နှစ်သစ်မင်္ဂလာတရားတော်နာယူကြပြီး ရေစက်ချအမျှပေးဝေကြသည်။

ထိုနောက် ဆရာတော်၊ သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကန်တော့၍ သင်္ကြန်ဘုံဘွားများကို လက်ဆောင်ပစ္စည်းများလှူဒါန်းခဲ့ကြောင်း သိရသည်။

မောင်မောင်နိုင်(ıprd)

စာအုပ်စာပေ လူ့မိတ်ဆွေ

အထင်ကရနေရာများ တည်နေရာပြ လမ်းညွှန်မြေပုံပါလက်ကမ်းကြော်ငြာများဖြန့်ဝေသွားမည်

မန္တလေး ဒီဇင်ဘာ ၇

မန္တလေးမြို့သို လာရောက်ကြမည် ပြည်တွင်းပြည်ပ ဧည့်သည်များအားကစားဝါသနာရှင်များ သိရှိနိုင်ရန်အတွက် သွားရောက်လေ့လာလည်ပတ်သင့်သည့် စိတ်ဝင်စားဖွယ် အထင်ကရနေရာများ တည်နေရာပြ လမ်းညွှန်မြေပုံပါ လမ်းကမ်းကြော်ငြာများက မန္တလေးတိုင်းဒေသကြီး သယယပို့ဆောင်ရေးလုပ်ငန်းကော်မတီ၏ကြီးကြပ်မှုဖြင့် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ (မြို့တွင်း)မ ပြေး ကားကင်းများတွင် ဖြန့်ဝေသွားမည် ဖြစ်ကြောင်း သိရသည်။

မန္တလာသီရိအဆင့်မြင့် အားကစားကွင်း၌ စငးလုံးငှား တက္ကစီယာဉ်အသင်းများဖြစ်သည့် Win & SPAN စငးလုံးငှားယာဉ်အသင်းမှ Probox Van ယာဉ် ၂၅ စီး၊ Best Auto စငးလုံးငှားယာဉ်အသင်းမ Probox AD Van ယာဉ် ၂၅ စီး၊ မန္တလေးဂုဏ် စငးလုံးငှားယာဉ်အသင်းမ Vauxall Van ယာဉ်၁၀စီး၊ ရွှေမြန်မာနှစ်စငးလုံးငှားယာဉ်အသင်းမ Mark-II Saloon ယာဉ် ရှစ်စီး တက်စီစဉ်ပေးသွားမည် သိရသည်။

မြို့တွင်းရှိ ဟိုတယ်ကြီးများနှင့် အဆင့်မြင့် ငှားတက္ကစီယာဉ်များက အသင့်ထားရှိမည်ဖြစ်ပြီး ရောက်ရှိ/တည်းခိုသည့်နေရာမ အတွက် ဖုန်းနံပါတ်များပါရှိသည့် လက်ကမ်းကြော်ငြာများကို ပြည်တွင်းပြည်ပ ဧည့်သည်တော်များ သိရှိနိုင်ရန် ဖြင့် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ တက္ကစီဈေးနှုန်းများအနေဖြင့် ယာဉ်ငှားခငွေကျပ် ၁၀၀၀၊ ခရီးတစ်မိုင်နှုန်း ငွေကျပ် ၈၀၀၊ စောင့်ဆိုင်းခတစ်နာရီ ငွေကျပ် ၁၀၀၀ နှုန်းသတ်မှတ်ထားကြောင်း သိရသည်။

ဖြိုးအောင်

ရှမ်းပြည်နယ် နမ့်ခမ်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၇

အမှတ်(၂၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု မဆယ်မတပ်ဖွဲ့ဝင်များပါ သောပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဒီဇင်ဘာ ၄ ရက် နံနက် ၁၁ နာရီခွဲက သက်သေများနှင့်အတူ နမ့်ခမ်း-မန်ဝိန်းကြီး ကားလမ်းကွမ်းလုရွာအထွက် ရွှေလီကြိုးတံတားအနီးတွင် နမ့်ခမ်းမ မန်ဝိန်းကြီးသို နမ့်ခမ်းမြို့နယ် ဟင်လုံကျေးရွာနေ အိုက်လျန်(၂၈နှစ်)မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ၄င်းဝတ်ဆင်ထားသည့် အင်္ကျီအိတ်အတွင်းမ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၊ တန်ဖိုးငွေကျပ် ၂၂၀၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင် အိုက်လျန်အား နမ့်ခမ်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ရှမ်းပြည်နယ် မူဆယ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၇

အမှတ်(၂၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု မူဆယ်မှတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ဒီဇင်ဘာ ၄ ရက် ညနေ ၅ နာရီခွဲက သက်သေများနှင့်အတူ ရှမ်းပြည်နယ် ၁၀၅ မိုင်-ပန်ဆိုင်း(ကြူကုတ်) ကားလမ်း နမ့်ဟူးရွာအဝင်တွင် နမ့်တောင်းကျေးရွာမှနမ့်ခွမ်ကျေးရွာသို့ နမ့်ခွမ်ကျေးရွာနေ အိုက်ယံ(၃၁နှစ်)မောင်းနှင်ပြီး မိုင်းယကျေးရွာနေ အိုက်ရီ (၃၅နှစ်)လိုက်ပါလာ သည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ အိုက်ရီကိုင် ဆောင်ထားသည့ စီးကရက်ဘူးခွံအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြ ရူးသပ်ဆေးပြား ၂၇၆ ပြား၊ တန်ဖိုးငွေကျပ် ၅၅၂၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် အိုက်ယံနှင့်အိုက်ရီတို့နှစ်ဦးအား မူဆယ်မြို့မ ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ကန့်ကွက်နိုင်ပါသည်

(၁၂၁)ရပ်ကွက်၊ အင်းဝလမ်း၊ (၆၄၇)ဟုခေါ်တွင်သော ပါမစ်မြေ၊ ဧရိယာ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဒေါ်လှအေး ၁၂/စခန(နိုင်)၀၁၁၆၄၃ထံမှ ဦးနိုင်လင်း ၁၂/ဒဂတ(နိုင်)၀၂၃၀၅၈က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး၊ အခပေါင်အနှံအရှုပ်အရှင်းကင်းရှင်း၍၄င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး မြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ မည်သူမရှိပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။

ဒေါ်တင်တင်လှိုင် LL.B ဒေါ်ခင်မာနွယ် LL.B, D.B.L ဒေါ်ငွေးငွေးဝင်း LL.B, D.I.L

ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ရေအားလျှပ်စစ်စက်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင် အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 20/21/22/23 HPGE/2013-2014

(က) ဓာတ်အားပေးစက်ရုံသစ်များအတွက်

I. Com TM-800 Mobile Terminal	(5) Sets
Hand Set	(20) Sets
(ခ) တကျစ်အတွက် High Pressure Water Jet Pump	(1) No
(ဂ) Single Cab (Ford Brand)	(5) Nos
(ဃ) SUVs (Ford Brand)	(1) No

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

ရုံးအမှတ်(၃၈)၊ ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ပါ တည်ဆောက်ရေးနှင့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

(က) ဓာတ်ခွဲခန်းသုံးပစ္စည်း (၁၈)မျိုး ဝယ်ယူခြင်း

(ခ) စိုက်ပျိုးရေးသုံးပစ္စည်း (၁၁)မျိုး ဝယ်ယူခြင်း

၂။ **တင်ဒါပုံစရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၃ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၁၂-၂၀၁၃ရက် ၁၃:၀၀နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ လိပ်စာသို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် ၅၀၊

ဖုန်း-၀၆၇-၄၃၁၁၂၀၊ ၀၆၇-၄၃၁၁၀၄

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ပ-၁၄၉၆၊ ဧရိယာ၀ဒသမ ၁၄၆ ဧကရှိ ဦးအုန်းမြင့် အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးအုန်းမြင့် ၁၂/ရကန(နိုင်)၀၁၆၅၅၉ (ဘ) ဦးပါငယ်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် (မြေပုံ)ရာဇဝင်ရေးကူးမှုလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေကွက်အမှတ် ပ-၁၄၉၈၊ ၀ဒသမ ၁၄၆ဧကရှိ ဦးချွန်ဆန်းမြင့် အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးချွန်ဆန်းမြင့် ၁၃/လလန(နိုင်)၀၁၂၉၇ (ဘ)ဦးဝါရလေးမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် (မြေပုံ)ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရေစကြို အထက(၁)၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရေစကြိုမြို့ အထက(၁)၊ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁)၏ မြတမာခန်းမ၌ ဆရာကြီး ဆရာမကြီး ၁၁၆ ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အာစရိယပူဇော်ပွဲကြီးအတွက် အလှူတော်ငွေများနှင့် ဆေးဝါးကုသမှု ထောက်ပံ့ရေးအလှူတော်ငွေများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း-

ရန်ကုန် - ဒေါ်အုံးကြင် ဖုန်း-၀၁-၆၈၀၇၆၀၊ ဖုန်း-၀၉-၅၁၆၁၈၈၀၊ ကိုကျော်ကျော်လွင် ဖုန်း-၀၉-၇၃၁၇၇၇၂၉

မန္တလေး - ဖုန်း-၀၉-၂၀၀၇၃၃၉၊ ဒေါ်ချိုချိုထွန်း ဖုန်း-၀၉-၂၀၀၀၉၃၆

- ကိုတင်အောင်ကျော် ဖုန်း-၀၉-၄၇၂၂၇၄၈

ရေစကြို - ဦးတင်သောင်း ဖုန်း-၀၆၂-၃၀၀၇၃၊ ဦးမြင့်အောင် ဖုန်း-၀၆၂-၃၀၃၇၅၊ ဦးငွေလွင် ဖုန်း-၀၆၂-၃၀၂၇၅

ယာဉ်အမှတ် ၆က/၁၃၆၉ တိုယိုတာ ဟိုင်းလပ်/ပစ်ကပ (၄×၂) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၁၂/သဃက(နိုင်) ၀၂၃၉၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ချိုချိုအေးအေး လိမ္မော်မွှေး

အရောင်အသွေးလှလှ အရွယ်အစားကောင်းကောင်း အရသာ ချိုမြိန်သည့် လိမ္မော်သီး လုံးချောများသည် ဈေးတန်းများမှနေ၍ စားသုံးသူများကို ဆွဲဆောင်နေလေရှိသည်ကို ယခုကဲ့သို့ သစ်သီးများ ပေါများသည့် ရာသီတွင် တွေ့ကြုံရမည်ဖြစ်သည်။ ဈေးဆိုင်ရှေ့ရောက်တိုင်း မည်သူမဆို လိမ္မော်သီးများကို သမင်လည်ပြန် ကြည့်မိလေ့ရှိကြသည်။ သရေစာဖြစ်စေ၊ ဓာတ်စာဖြစ်စေ လိမ္မော်သီးက စားလိုက်ရတိုင်း ချဉ်လျှင်လည်း ချဉ်သည့်အလျောက်၊ ချိုလျှင်လည်း ချိုသည့်အလျောက် စိတ်ကျေနပ်မှု ရစေတတ်သည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာဆေးကျမ်းများ၌ လိမ္မော်သီးသည် မွှေးသောရနံ့ရှိသည်။ အရသာ ချို၊ ချဉ် ရှိတတ်ပြီး နှုတ်ကိုမြိန်စေ၏။ သလိပ်ကိုနိုင်၏။ လေကိုနိုင်၏။ နှလုံးကို ကြည်လင်စေတတ်၏။ အောအန်နာကို ပျောက်စေ၏။ ဆားအနည်းငယ်နှင့် တို့၍စားလျှင် သလိပ်ရှင်ကာ ဆီးများစေသည်။ အချိုဓာတ်များသော လိမ္မော်သီးသည် သလိပ်ကပ်၊ ချောင်းဆိုးနိုင်ပြီး ကိုယ်ပူစေတတ်သည်။ လိမ္မော်သီးတွင် အအေး၊ အာပေါ၊ အသက်ဓာတ်တို့ ပါဝင်ကြောင်း ပြဆိုထားပါသည်။ ထို့အပြင် ကယ်လိုရီ၊ ပရိုတင်း၊ အဆီဓာတ်၊ ကစီဓာတ်၊ ထုံးဓာတ်၊ သံဓာတ်၊ ဗီတာမင် အေ၊ စီ၊ ဘီဝမ်း၊ ဘီတူး၊ နိုင်ယာစင်၊ အမျှင်ဓာတ်၊ သံဓာတ်၊ မဂ္ဂနီဆီယမ်၊ ပိုတက်စီယမ်၊ ကြေးနီဓာတ်၊ သွပ်ဓာတ်၊ ဆလပ်နီယမ်၊ ကယ်လိုရီ၊ ကယ်လ်စီယမ် စသည်တို့ ပါဝင်ကြောင်း သိရသည်။

အစွမ်းထက်

လိမ္မော်သီးကို စားသုံးခြင်းဖြင့် ကိုလက်စထရောက် လျော့ချပေးခြင်း၊ ကျောက်ကပ်တွင် တည်နေသော ကျောက်များကို ပျော်ကျစေခြင်း၊ အူမကြီး ကင်ဆာဖြစ်ပွားခြင်းကို လျော့နည်းစေခြင်း၊ အရေများကို သန့်မာအားကောင်းစေခြင်း၊ သွေးသစ်၊ သွေးသန့် တိုးပွားစေခြင်း၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြောင့် ဆဲလ်များ ပျက်စီးခြင်းမှ ကာကွယ်ခြင်း၊ သွေးတွင်း ဟေမိုဂလိုဘင် ထုတ်လုပ်ခြင်း၊ အစာအိမ်၊ အစာရေမျိုပြွန်၊ ပါးစပ်၊ အူမကြီး ကင်ဆာရောဂါများကို ကောင်းမွန်စေခြင်း၊ နှလုံးသွေးကြောများကို ကောင်းမွန်စေခြင်းစသည့် အကျိုးကျေးဇူးများ ရစေပါသည်။ လိမ္မော်သီးကို တစ်ရက်လျှင် နှစ်လုံးမလေးလုံးခန့် စားခြင်းအားဖြင့် အအေးမိရောဂါ ဖြစ်ပွားခြင်းကို ကာကွယ်နိုင်သည်။

လိမ္မော်ရည်

လိမ္မော်ရည်သည် ခံတွင်းကောင်းစေ၍ အစာကြေစေသည်။ ဝမ်းမှန်စေသည်။ အားအင်ပြည့်ဖြိုးစေသည်။ သွေးကို သန့်စေသည်။ သားဖွား သွေးယိုခြင်းကို ကာကွယ်နိုင်သည်။ ချောင်းခြောက်ဆိုးခြင်း၊ အဆုတ်ရောင်ခြင်း၊ လေပြန်ရောင်ခြင်း၊ လည်ချောင်းနာခြင်း၊ အသည်းရောဂါ၊ နှလုံးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါတို့တွင်လည်း ဆေးအဖြစ် အသုံးပြုနိုင်သည်။

လိမ္မော်ခွံ

လိမ္မော်ခွံခြောက်ကို အစာကြေဆေး၊ ခံတွင်းကောင်းဆေး၊ ဝမ်းပတ်ဆေး၊ လေဆေး စသည်ဖြင့် ဖော်စပ်ရာတွင် အသုံးပြုသည်။ လိမ္မော်ခွံမှ ထုတ်ယူရရှိသော လိမ္မော်ဆီသည် အင်အားတိုးပွားစေ၍ အစာကြေစေသည်။ လိမ္မော်ခွံအတွင်း၌ ကပ်လျက်ရှိနေသော အဖြူရောင်ဖော့သားသည် အသက်စောင့်ဓာတ်နှင့် အခြားကင်ဆာရောဂါများကို တိုက်ဖျက်ပေးနိုင်သည့်ဓာတ်များ ပါရှိသည်။ လိမ္မော်သီးကို အခံမနွာဘဲ လေးစိပ်ခွဲ၍ အရက်နှင့်စိမ်ပြီး နည်းနည်းချင်းသောက်လျှင် အစာကြေ၍ နှုတ်မြိန်စေသည့်အပြင် လေနာ၊ လေချုပ်၊ လေဆန်နာများ ကောင်းမွန်စေရန် အထောက်အကူဖြစ်စေသည်။

လိမ္မော်ခံနှင့် စပျစ်စေ့အမှုန့်များကို ဆတူရော၍ တစ်နေ့သုံးကြိမ် တစ်ခါသောက်ဇွန်းငယ်တစ်ဇွန်းခန့် သောက်ခြင်းဖြင့် ဝမ်းလျှောဝမ်းပျက်ခြင်းကို သက်သာစေနိုင်ပါသည်။ လိမ္မော်အပြင်ခွံနှင့် အမျှင်များတွင် သွေးပေါင်ချိန်နှင့် သွေးတွင်း အဆီဓာတ်ကိုလျော့ကျစေခြင်း၊ အဖောအရောင်ကျစေသော အာနိသင်ရှိခြင်း၊ ရင်ကျပ်ရောဂါအတွက် အကျိုးသက်ရောက်ခြင်း၊ ဝမ်းချုပ်ခြင်းကို သက်သာခြင်း စသည့်ဓာတ်များပါရှိခြင်းကြောင့် လိမ္မော်သီးစားလျှင် အမျှင်ပါစားသင့်ပါသည်။

အရွက်၊ အပွင့်၊ အခေါက်

ဆံရင်းအစပ်တွင် ယားနာပေါက်သူများ လိမ္မော်ရွက်ကို ထုထောင်း၍ ပျားရည်နှင့်ရောစပ်ပြီး ယားနာနေရာ၌ အုံပေးလျှင် သက်သာပျောက်ကင်းနိုင်သည်။ လိမ္မော်ပွင့်အခြောက်ကို တစ်နေ့နှစ်ကြိမ်မှန်မှန်စားလျှင် အကြောအားကောင်း၍ မှတ်ဉာဏ်တိုးစေနိုင်ပါသည်။ လိမ္မော်ပွင့်မှထုတ်ယူရရှိသော အဆီသည် အမွှေးအမော်အတွက် ဆေးကောင်းတစ်လက်ဖြစ်ပါသည်။ လိမ္မော်ပင်အခေါက်အနည်းငယ်ကို သုံးခွက်တစ်ခွက်တင်ကျိုချက်၍ တစ်နေ့နှစ်ကြိမ် ချင့်ချိန်သောက်ခြင်းဖြင့် လေထိုးလေအောင့်ခြင်းကို သက်သာပျောက်ကင်းကြောင်း သိရသည်။

လေလာချက်

ဂျပန်သုတေသန ပညာရှင်များ၏လေလာချက်အရ လိမ္မော်သီး ပမန်စားသုံးသူများသည် နှလုံးသွေးလှတ်ကြောရောဂါ၊ သွေးတိုး၊ ဆီးချိုရောဂါနာရောဂါဖြစ်ပွားမည်းပြီး ဆေးလိပ်နှင့်အရက်ကြောင့်အသည်းရောဂါဖြစ်ပွားသူများအတွက်လည်းကောင်း၊ အသည်းကင်ဆာ၊ အသည်းကြီးခြင်းများအတွက် လည်းကောင်း အထောက်အကူဖြစ်စေသည်။ သုတေသီများ၏လေလာချက်အရ ဆီးကျောက်တည်သူများ လိမ္မော်ရည်သောက်သုံးခြင်းအားဖြင့် ဆီးကျောက် ပြန်မတည်စေရန် အထောက်အကူဖြစ်စေကြောင်း သိရသည်။

လိမ္မော်သီးသည် ဘက်စုံအသုံးကျသည့်အတွက် အသုံးချစရာ နေရာအဖုံဖုံရှိနေပါသည်။ စင်စစ်လိမ္မော်သီးသည် အရသာကောင်းမွန်သော စားစရာ သစ်သီးအနေဖြင့်သာမက ဆေးဖက်ဝင်ဓာတ်စာအနေဖြင့်ပါ အားကိုးလောက်စရာ အာဟာရတစ်မျိုးဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

လပြည့်သော်တာ

ဆောင်းပါးနှင့်နယ်သတင်း

ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ခွဲဝေချထား၍ အသုံးပြုရေး ညှိနှိုင်းဆွေးနွေး

နတ်ဘထင်း ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်ထောင်စုလွှတ်တော်က ချမှတ်ပေးခဲ့သောဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အသုံးစရိတ် ငွေကျပ် သိန်း ၁၀၀၀ ခွဲဝေချထားမှုအပေါ် လမ်းညွှန်မှာကြားမှုက ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကက၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကကီ၊ကျေးရွာ အထောက်အကူပြု ကော်မတီများ တက်ရောက်ကြ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်း... ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦးတို့က ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ သုံးစွဲရခြင်းဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းက ရန်ပုံငွေရရှိမှုအပေါ် ခွဲဝေချထား သုံးစွဲရေး၊ ကျေးရွာ ၈၂ အုပ်စုသို့ ခွဲဝေချထားပေးရေး၊ မြို့နယ်ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ရေးနှင့် ရရှိသော ရန်ပုံငွေမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် လအပ်သည့် ကဏ္ဍအလိုက် စနစ်တကျမှန်မှန်ကန်ကန် တိုင်ပင်နှီးနှော ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗဟိုအဆင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပ

ရေဦး ဒီဇင်ဘာ ၇

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးရုံးမကြီးမှူးကျင်းပသည့် ၂၀၁၃ ခုနှစ် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဆင့်စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ရေဦးမြို့ အထက (၁) ကံကော်ဆောင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်စန်းက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး စံလင်း၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံဌေး၊စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ ပညာရေးနှင့်ကျန်းမာရေး လမှုတာဝန်ခံဦးမောင်ကြည်၊ အထက ကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ အငြိမ်းစား ပညာရေးမှူးများ၊ မြို့နယ်စာရေးဆရာများ၊ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှစ်မြို့နယ်မှ ဦးစီးမှူးများ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် စုစုပေါင်း ၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဗဟိုအဆင့်စာဖတ်ရိန်မြှင့်တင်ရေးပွဲတော် ကဗျာ၊ စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စာပေလေ့လာဖတ်ရှုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့်နှစ်သိမ့်ဆုရရှိခဲ့သူများအား စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဆချီးမြှင့်ပွဲ၊ စာပေဟောပြောပွဲနှင့်မီဒီယာပစ္စည်း ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပမည့် ဒီဇင်ဘာ ၇ ရက်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်(ရေဦး)

သန်လျင်မြို့၊ သမိုင်းစင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးအား ရွှေသက်န်းကပ်လှူရန်အတွက် ရွှေဆိုင်းတင်ဒါများခေါ်ယူခြင်း

၁။ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီ ... ရွှေသက်န်းကပ်လှူရန်အတွက် ဂေါပကအဖွဲ့မှ ရွှေဆိုင်း (မျက်ပါးရွှေဆိုင်း) (၂×၂)ပေ ပတ်လည်ရွှေဆိုင်း ၃၂၀၀ ဆိုင်း ဝယ်ယူမည်ဖြစ်ပါသည်။

၂။ ရွှေအရည်အသွေးကောင်းမွန်ပြီး တင်ဒါဈေးနှုန်းအနည်းဆုံးတင်သွင်းသူကို ရွေးချယ်ပါမည်။

၃။ ရွှေဆိုင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ရရှိသူ ရွှေဆိုင်းတံဆိပ်လုပ်ငန်းရှင်များ၏ တင်ဒါ ဈေးနှုန်းတင်သွင်းလွှာများကိုသာ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်

၄။ ရွှေဆိုင်းတင်ဒါဈေးနှုန်းတင်သွင်းရေးနှင့်ပတ်သက်၍ ... စည်းကမ်းချက်များကို သိရှိလိုပါက ဂေါပကရုံး စီမံရေးရာဌာနတွင် စုံစမ်းပြီး တင်ဒါဈေးနှုန်းတင်သွင်းသည်ပုံစံများကို ဝယ်ယူတင်သွင်းနိုင်ပါသည်။

၅။ ရွှေဆိုင်းတင်ဒါဈေးနှုန်းတင်သွင်းလွှာများကို ၂၀-၁၂-၂၀၁၃ ရက် ညနေ ၁၅:၀၀ ... နောက်ဆုံးထားတင်သွင်းနိုင်ပါသည်။

ဂေါပကအဖွဲ့

ဖုန်း-၀၅၆-၂၁၁၄၃၊ ၀၅၆-၂၂၀၃၂

မိတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

အထက (၃)၊ ဗဟန်း (ယခင် အလက-၄) ဗဟန်း၊ Y.M.B.A ကျောင်း ၁၉၆၁ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် မိတ်ဆရာပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသက်(၆၀)နှင့်အထက်ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ ... ကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းသူငယ်ချင်းများစုံညီစွာ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	၂၉-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန်	-	နံနက် ၈:၃၀နာရီမှ ၁၂:၀၀နာရီအထိ
နေရာ	-	အထက (၃) ဗဟန်း၊ အောင်ဆန်းခန်းမ

လှူဒါန်းလိုသူများဆက်သွယ်ရန်-

ဆရာမဒေါ်ရီရီသန်း	ဖုန်း-၅၅၅၂၂၂၊ အထက (၃)ဗဟန်း
ဆရာမဒေါ်ခင်လှမြင့်	ဖုန်း-၀၉-၇၃၀၄၇၂၅၇
ဆရာမဒေါ်လှခင်	ဖုန်း-၀၉-၄၂၀၁၇၇၅၉
ဦးကိုကိုကြီး(ဆင်မင်းဆပ်ပြာ)	ဖုန်း-၀၉-၇၃၁၅၁၈၅၈
ဦးမြင့်စိုး(တော်ဝင်မြင့်မြတ်သူ Co.,Ltd.)	ဖုန်း-၀၉-၅၁၀၁၄၇၂
ဦးကျော်လှိုင်	ဖုန်း-၀၉-၇၃၂၄၆၇၇၉
မသင်းသင်းလွင်	ဖုန်း-၀၉-၇၃၀၁၆၁၃၈
	ဖုန်း-၀၉-၅၁၆၂၉၁၉

မိတ်ဆရာပူဇော်ပွဲမြစ်မြောက်ရေးကော်မတီ

အဂ္ဂမဟာပဏ္ဍိတဂုဏဝိသိဋ္ဌပူဇာ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အောင်ပန်းတောရပရိယတ္တိ စာသင်တိုက်၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တသုဓာတာဘိဝံသ၏ အဂ္ဂမဟာပဏ္ဍိတ ဂုဏဝိသိဋ္ဌ ပူဇာသဘင်ပွဲတော်ကို (၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁၃ရက်)၁၅-၁၂-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာတော်၏တပည့်သားသံဃာတော်များနှင့်ဆရာတော်အားလေးစားကြည်ညိုကြသော ဒါယကာ ဒါယိကာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်သည်။

ဆက်သွယ်လှူဒါန်းလိုသောပုဂ္ဂိုလ်များသည် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အဂ္ဂပူဇာဖြစ်မြောက်ရေးကော်မတီ
အောင်ဆန်းတောရပရိယတ္တိစာသင်တိုက်
ရွှေဘုန်းရှိန်လမ်း၊ ရွှေပြည်သာမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၆၁၀၀၅၇၊ ၀၉-၈၆၃၃၃၁၀၊
၀၉-၄၂၁၁၃၆၈၂၆၊ ၀၁-၆၁၀၃၀၈

စီးပွားရေးတက္ကသိုလ် ၁၉၇၀ batch အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

၁၉၆၆-၁၉၇၀ ခုနှစ် စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ဇကဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၃၀ နာရီ Western Park Restaurant (1) သခင်မြပန်းခြံ၌ ကျင်းပမည်ဖြစ်ပါ၍ ၁၉၆၆-၇၀ စာသင်နှစ်မှ သူငယ်ချင်းများ စုံညီစွာတက်ရောက်ကြပါရန် နွေးထွေးစွာဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများ ဦးကျော်ညွန့် ဖုန်း-၀၉-၅၁၇၈၇၆၀၊ ဦးခိုင်စိန် ဖုန်း-၀၉-၅၀၃၈၀၁၂၊ ဒေါ်ဆွေတင်ဝင်း ဖုန်း-၀၁၂၃၆၉၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ မဟာအောင်မြေဓမ္မိကာရုံကျောင်းတိုက်၊ မိုးကုတ်ဓမ္မရိပ်သာအဖွဲ့ချုပ်အမှတ် ၁၄၈တွင် ၂၂-၁၂-၂၀၁၃ ရက်မှ ၃၁-၁၂-၂၀၁၃ ရက်အထိ ၁၀ ရက် တရားစခန်းပွဲကျင်းပမည်ဖြစ်ပါသည်။

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ...က ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော် ဦးပညာနှင့် မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက အရှင်အဂ္ဂဓမ္မ (ရှုဝံ) တို့မှ ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များကို ခန္ဓာဉာဏ်ရောက်သဘောပေါက်အောင် ဟောပြောပြသမည်ဖြစ်ပါ၍ တရားစခန်းသို့ ဝင်လိုသော သူတော်စင်ယောဂီများ ၁၁-၁၂-၂၀၁၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပါကြောင်း မေတ္တာရှေ့ထား လေးစား... ဖိတ်ကြားအပ်ပါသည်။

ဖုန်း-၀၉-၅၄၀၄၂၇၅၊ ၀၉-၇၃၁၃၂၃၇၁၊
၀၉-၇၃၀၈၈၃၅၂၊ ၀၉-၄၃၁၇၃၆၇၅

မှုခင်းသတင်းနှင့်ဖော်ပြ

ခိုးမှုဖြစ်ချက်ဟောင်းရှိသူ အမျိုးသမီးနှစ်ဦးအား စစ်ဆေးရာမှ ခိုးမှုဟောင်း တစ်မှုဖော်ထုတ်ရရှိ

ရန်ကုန် ဒီဇင်ဘာ ၇

နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက သာကေတမြို့နယ် ၇ အနောက်ရပ်ကွက် နေ ဒေါ်မမဟန်(ခ)ဒေါ်မေလရှိန်သည် သယ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် ကမာကြည်လမ်းရှိ ၎င်း၏သားဖြစ်သူပိုင် စွယ်စုံဝင်း ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်သို့ ရောက်ရှိပြီး ၎င်း၏မိန်းမကိုင် လက်ကိုင်အိတ်ကို ကောင်တာအနီး ရေကေ့ဇ်ရိုပေါ်တွင် တင်ထားကာ လက်ကိုင်ဖုန်းပြောပြီးနောက် လက်ကိုင်အိတ်ကိုကြည့်ရာ လက်ကိုင်အိတ်နှင့်အိတ်အတွင်းတည့်ထားသော ငွေစက္ကူရောရော ကျပ် ၇၅၀၀၀၀နှင့်လက်ဝတ်ရတနာများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၀၂၉၃၀၀၀မှာ ပျောက်ဆုံးနေ၍ခိုးယူသူအား စုံစမ်းအရေးယူပေးရန် တိုင်တန်းခဲ့သဖြင့် သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်းသိရသည်။ အဆိုပါအမှုဖြစ်စဉ်မှ ခိုးယူသူအားဖမ်းဆီးရမိရေး ဆောင်ရွက်စဉ် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးအကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် ခိုးမှုများကျူးလွန်ပြီး ပြစ်ဒဏ်ကျခံဖူးသူ မသန္တာဇော် (၇၀) ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဝါနု(ခ)မိငယ်(ခ)ခင်မငယ် (၆၉) ရပ်ကွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေသူတို့နှစ်ဦးအား နိုဝင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက ဖမ်းဆီးရမိပြီး အမှုဖြင့်ရီမန်ယူစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ၂၀၁၀ ခုနှစ်အတွင်းက ၎င်းတို့နှစ်ဦးသည် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းမရှိ စတိုးဆိုင်တစ်ဆိုင်မှပစ္စည်းများခိုးယူခဲ့သဖြင့် ထောင်ဒဏ် ခြောက်လ ပြစ်ဒဏ်ကျခံရဖူးကြောင်း၊ နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ၎င်းတို့နှစ်ဦးသည် စွယ်စုံဝင်းဆောက်လုပ်ရေးပစ္စည်း အရောင်းဆိုင်သို့သွားရောက်ကာ ပစ္စည်းအနည်းငယ်ဝယ်ယူပြီး ရှုံးကေ့ပေါ်ရှိ လက်ကိုင်အိတ်ကို ယူဆောင်၍ ပြန်ထွက်လာခဲ့ကြောင်း၊ နေအိမ်တွင် အိတ်အတွင်းပါရှိသောငွေကျပ် ခုနစ်သိန်းကျော်အား တစ်ဝက်စီခွဲယူပြီး လက်ဝတ်ရတနာများကို နေအိမ်တွင်သိမ်းထားကြောင်း စစ်ဆေးဖော်ထုတ်ရရှိသဖြင့် သက်သေခံပစ္စည်းများပြန်လည်သိမ်းဆည်းပြီး အခြားခိုးမှုများနှင့် တိုက်ဆိုင်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

မိုးကောင်း၌ ငွေကျပ် ၉၂၄ သိန်းတန်ဖိုးရှိဘိန်းဖြူများဖမ်းဆီးရမိ

မိုးကောင်း ဒီဇင်ဘာ ၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရဲစခန်းမှ ဒုရဲအုပ်ဇော်ဇော်မိုးဦးစီးသော အဖွဲ့သည် သတင်းအရ ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီခွဲက မိုးကောင်း-ဖားကန့်ကားလမ်း(၈)မိုင်လမ်းဆုံတွင် ယာဉ်မောင်းတင်နိုင်လင်းမောင်းနှင်သည့် ၁ခ/---ပါရာဒိုအနက်ရောင်ယာဉ်ကိုသက်သေများနှင့်အတူ ရှာဖွေစစ်ဆေးရာ ဒေါ်မီးရင် ပင့်သာရှာ မိုးကောင်းမြို့နေသူ၏ဇစ်ဆွဲခရီးဆောင်အိတ်အတွင်းမှ တိပ်များဖြင့်ပတ်၍ဘိန်းဖြူမှန့်များတည်ထားသည့် ရောင်စုံဆပ်ပြာခွက် ၇၇ ခွက်၊ ၉၂၄ ဂရမ် ခန့်မှန်းကာလတန်ဖိုး ငွေကျပ် ၉၂၄ သိန်းကို ဖမ်းဆီးရရှိရာ မိုးကောင်းရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေဘိုတွင် တရားမဝင်တမလန်းသစ် ၁၁၁လုံးဖမ်းဆီးရမိ

ရွှေဘို ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် မြောင်းကြီးတန်ပိုဂိတ်တွင် တရားမဝင် တမလန်းသစ်များ တင်ဆောင်လာသောကားကို ရွှေဘိုမြို့နယ် နယ်တိန်းရဲတပ်ဖွဲ့နှင့်သစ်တောဦးစီးဌာနတို့က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီက ရွှေဘိုမြို့နယ် ရဲတပ်ဖွဲ့မှ နယ်တိန်းခေါင်းဆောင် ဒုရဲအုပ်နေယူမောင်၊ နယ်ထိန်းတပ်ကြပ်ကြီး ကျော်ကျော်နှင့်အဖွဲ့၊ မြို့နယ် သစ်တောအုပ်ကြီး ဦးစိန်ဝင်းနှင့်အဖွဲ့တို့သည် သတင်းအရ ရွှေဘိုမြို့နယ် မြောင်းကြီးဂိတ်မှ အသင့်စောင့်ဆိုင်းနေစဉ် ၄ဃ/---၁၂ဘီးကားကို ရပ်တန့်စစ်ဆေးရာ တရားမဝင်တမလန်းသစ်ခွဲသားများ၊ တိုင်များ စုစုပေါင်း ၁၁၁ လုံး၊ ၈ ဒသမ ၉၀၄၆ တန် ကာလတန်ဖိုးငွေကျပ် သိန်း ၅၀ ကျော်ကိုတွေ့ရှိရသဖြင့် ယာဉ်မောင်းနှင်လာသူ ကိုမြသိန်း (၃၆ နှစ်) ဟိုပင်မြို့၊ ယာဉ်နောက်လိုက် ကိုသိန်းစိုး(၃၆နှစ်) မြစ်သားမြို့နယ်နှင့် သစ်ပိုင်ရှင် ဦးဟိန်းထိုက်လွင်(၃၈နှစ်)တို့အားသက်သေခံသစ်၊ယာဉ်များနှင့်အတူ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **(အဝေါ်ပုံ)**

ဆောင်ဘုန်းညို(ရွှေဘို)

သူငယ်ချင်းနှစ်ဦး စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

ရေကြည် ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ရေကြည်မြို့နယ်ကြာကန်ကျေးရွာအုပ်စု ဇရပ်ဝိုင်းကျေးရွာနေ မသန်းသန်းအေးက ဒီဇင်ဘာ ၃ ရက် ညနေ ၅ နာရီက နေအိမ်၌ရှိနေစဉ် တူဖြစ်သူ သန့်ဇော်အောင်ရောက်လာပြီး ခင်ပွန်းဖြစ်သူ ကိုရဲထွန်းဝင်းအား တစ်ရွာတည်းနေ ချိုဝင်းလတ်(ခ) ဖိုးချိုက အုတ်ခဲနှင့်ထု၊ ဝါးတုတ်ဖြင့်ရိုက်၍ တစ်ရွာတည်းနေ ဒေါ်တင်ဥ နေအိမ်ရှေ့ ခြံဝင်းတဲတွင် သွေးများ ထွက်ပြီးလဲနေကြောင်း ပြောပြသဖြင့် သွားရောက်ကြည့်ရှုရာကိုရဲထွန်းဝင်းမှာ သေဆုံးနေသည်ကို တွေ့ရသဖြင့် ဖိုးချို(ခ) ချိုဝင်းလတ်အား အရေးယူပေးပါရန် ဒေါ်သန်းသန်းအေးက မြို့မရဲစခန်းသို့အကြောင်းကြားခဲ့သည်။ ယင်းဖြစ်စဉ်တွင် ဖိုးချို (ခ)ချိုဝင်းလတ်(၃၂နှစ်)၊ ရဲထွန်းဝင်း (၃၅နှစ်) ဇရပ်ဝိုင်းကျေးရွာနေသူတို့သည် အချင်းချင်းစကားများရန်ဖြစ်ရာ ဖိုးချိုက ဒေါသမထိန်းနိုင်ဘဲ အုတ်ခဲ၊ ဝါးတုတ်တို့ဖြင့်တရိုက်သဖြင့် အခင်းဖြစ်ပွားရာနေရာ၌သေဆုံးခဲ့သည်။ တို့ကြောင့် ဖိုးချိုအား ရေကြည်ဘူတာတွင် ရေကြည်မြို့မရဲစခန်းမှူး ဒုတိယ ရဲမှူးတင်မောင်နိုင်နှင့် နယ်တိန်းခေါင်းဆောင် ဒုတိယရဲအုပ် ဇော်မင်းသိန်းအဖွဲ့က ပိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည့်။

မင်းဇော်ဦး(ရေကြည်)

ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေးသင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်တောင်ကြီးမြို့ ပြည်နယ်အရန်တပ်ခွဲ ရဲသူရခန်းမ၌ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်ကယားဒေသ ၂၀၁၃-၂၀၁၄ တရားမဝင် ဘိန်းစိုက်ပျိုးမှုမြေပြင်စာရင်းကောက်ယူရေးသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပရာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ဦးစီး(ပ)ဒုတိယရဲမှူးကြီး လိုင်တင့်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကျော်ကျော်မင်းက သင်တန်းနှင့်ပတ်သက်သည် ကိစ္စရပ်ကိုများပြောကြားသည်။ ဆက်လက်၍UN-ODC ရုံးညှိနှိုင်းရေးမှူး ဦးစန်းလွင်ထွေးက မြေပြင်စာရင်းကောက်ယူမည်လုပ်ငန်းစဉ်များ မိတ်ဆက်ပြောကြားသည်။ သင်တန်းသို့မြန်မာနိုင်ငံရဲတပ်ဖွဲ့မှရဲအရာရှိ၁၉ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှစာရေးဝန်တမ်း(၁)၊ အငယ်တန်းစာရေး၊ ရပ်ကွက်/ကျေးရွာစာရေး၁၉ဦး၊မြေစာရင်းဦးစီးဌာနမှလက်ထောက်ဦးစီးမှူး/မြေတိုင်း (၄/၅) အဆင့် ၁၉ ဦး စုစုပေါင်း ၅၇ ဦးတက်ရောက်ကြကြောင်း သိရသည်။ **ကိုရဲ**

အဆင့်နိမ့်အဝတ်ဘိန်းများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၇

ကချင်ပြည်နယ် ကာမိုင်းမြို့နယ်ခွဲ ယဇနကူမဏီ လမ်းခွဲ၊ ဖားကန့်-တနိုင်းကားလမ်းပေါ်တွင် တပ်မတော်သားများ လုံခြုံရေးဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၄ရက် ညနေ ၃နာရီ ၄၅မိနစ်က ထနိုင်းမှ ဖားကန့်သို့ မိုးကောင်းမြို့ ကျွန်းတောရပ်ကွက်နေ ဘရန်အောင် (၂၄နှစ်) မောင်းနှင်ပြီး မဆွတ်ယန်ရွာနေ ဇော်ဖန် (၄၆နှစ်) လိုက်ပါလာသည် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေရာ ၎င်းတို့သယ်ဆောင်လာသည် ဂျင်းကျောပိုးအိတ်အတွင်းမှအဆင့်နိမ့်အဝတ်ဘိန်း ၈၃၆၀ ဒသမ ၆၁၆၉၆ ဂရမ် တန်ဖိုးငွေကျပ် ၈၃၆၀၆၁၆ ဒသမ ၉၆သိမ်းဆည်းရမိခဲ့သဖြင့် ဘရန်အောင်နှင့်ဇော်ဖန်တို့ နှစ်ဦးအား ကာမိုင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **ကိုရဲ**

တာချီလိတ်၌ ဘိန်းဖြူမှုန့်ဖမ်းဆီးရမိ

တာချီလိတ် ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ဒီဇင်ဘာ ၄ရက် ညနေ ၅နာရီက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ဒုရဲအုပ်ကြည်လွင် ဦးစီးပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်အနီး လွယ်တော်ခမ်းတံတားတွင် ၄က်ပျောတောရွာဘက်မှ တာချီလိတ်ဘက်သို့ လမ်းလျှောက်လာသည် ကျစိုးအား စစ်ဆေးရှာဖွေရာ ဘိန်းဖြူမှန့် အလေးချိန် ဝ ဒသမ ၆ ဂရမ်ပါ နှစ်ဘူး စုစုပေါင်းအလေးချိန် ၁ ဒသမ ၂ ဂရမ်၊ ကာလတန်ဖိုး တစ်ဂရမ်လျှင် ငွေကျပ် ၁၆၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၉၂၀၀ခန့်ကို ရှာဖွေတွေ့ရှိသဖြင့် ကျစိုး(၅၃နှစ်)လွယ်တော်ခမ်းကျေးရွာ တာချီလိတ်မြို့နယ်နေသူအား တာချီလိတ်မြို့မရဲစခန်းက အရေးယူထားကြောင်းသိရသည်။ **(အောက်ပုံ) မြင့်မိုရ်(တာချီလိတ်)**

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)

နှစ်ပတ်လည်တွေ့ဆုံပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ဖိတ်ကြားလွှာ

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်) နှစ်ပတ်လည်တွေ့ဆုံပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၁၅-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ဆုံးခါးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည် ရန်ကုန်မြို့နေ အသင်းဝင်များ၏ သားသမီးများ အမည်စာရင်းနှင့် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးအပူဇော်ခံ ပုဂ္ဂိုလ်များအနေဖြင့် အထောက်အထားမိတ္တူများကို ၁၂-၁၂- ၂၀၁၃ ရက် နောက်ဆုံးထားပြီး ပေးပို့ကြပါရန်နှင့် ဆက်သွယ်မေးမြန်းရန်လိုအပ်ပါက ဦးမောင်မောင်ကြီး (ဥက္ကဋ္ဌ)ဖုန်း-၀၉-၇၃၂၃၉၇၆၀၊ ဦးမောင်မောင်လင်း ဖုန်း-၀၉-၅၀၀၂၅၀၂၊ ဦးခင်ထွန်း ဖုန်း-၀၉-၅၁၇၀၃၂၉၊ ဦးမြင့်ဦး ဖုန်း-၀၉-၄၂၀၁၅၆၅၀၅ တို့ထံ ဆက်သွယ်နိုင်ပါသည်။

နှစ်ပတ်လည်တွေ့ဆုံပွဲတက်ရောက်ကြသည့် အသင်းဝင်များကို ၂၀၁၄ ခုနှစ် ဆင်ဖြူကျွန်းအသင်း ပြက္ခဒိန်အား မေတ္တာလက်ဆောင်ပေးမည်ဖြစ်ပြီး ၂၀၁၄ ဆင်ဖြူကျွန်းမဂ္ဂဇင်းအမှတ်(၃)အား တစ်အုပ်လျှင် ၁၂၀၀/-နှုန်းဖြင့် ရောင်းချမည်ဖြစ်ပါသည်။

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)၏ အသင်းဝင်များ၊ ဆင်ဖြူကျွန်းဒေသဖွား အသင်းမဝင်ရသေးသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက် စုံစုံညီညီ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားပါသည်။

အမှုဆောင်အဖွဲ့၊ ဆင်ဖြူကျွန်းအသင်း (ရန်ကုန်)

ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၆-၂၀၁၂ရက် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ (၁၇) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ် (၁၇) ဒေါ်တင်သန်း+၁၏ အမည်ပြောင်းတွင်လျှောက်ထားသူအမည် ဒေါ်တင်သန်း+၁အစား ဒေါ်တင်သန်း+၂ ဟုပြင်ဆင်ဖတ်ရှုပါရန်။

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)

တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး

၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် လူချွန်စွာ အောင်မြင်ခဲ့သူ၊ရာသက်ပန်အသင်းဝင်များ၏ သားသမီးများအနက် သတ်မှတ်စည်းကမ်းချက် ညီညွတ်သူများအား ၂၀၁၃- ၂၀၁၄ခုနှစ်၊ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးချီးမြှင့်မည်ဖြစ်ရာ ရန်ကုန်မြို့တွင် ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း-၅၄၁၈၀၆၊ ဒုတိယဥက္ကဋ္ဌဦးရွှေလှိုင် ဖုန်း-၀၉-၄၉၂၂၉၃၈၅၊ အတွင်းရေးမှူး ဦးသန်းထွန်း ဖုန်း-၀၉-၄၄၈၀၀၉၆၃၃၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၀၉-၅၁၅၅၃၉၉၊ ဘဏ္ဍာရေးမှူး ဦးအမိုင် ဖုန်း-၀၉-၅၀၁၃၄၃၃၊ အသင်းတိုက်ရုံး ဖုန်း-၂၂၂၀၈၈၊ လပွတ္တာမြို့တွင် ဌာနေအမှုဆောင် ဦးတင်ဦး၊ ဦးပြတ်စိုးတို့ထံ ၂၀-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

အမှုဆောင် အဖွဲ့

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်)

လူပျောက်

ဖော်ပြပါဓာတ်ပုံရှင် မဆွေဇင်ဝင်း နဝမတန်း(C) အထက(၂) ဒဂုံဆိပ်ကမ်းသည် ၁၄-၆-၂၀၁၃ရက်တွင် စာအုပ်သွားငှားရင်း ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးစေလိုပါသည်။ သွေးဆောင်ဖြားယောင်းပြီး လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားပါမည်။ တွေ့ရှိ၍ အကြောင်းကြားပေးသူအား ကျေးဇူးဆပ်ပါမည်။

ဒေါ်စုစုဝင်း ၁၂/ဒပန(နိုင်)၀၃၃၀၁၉

ဖုန်း-၀၉-၄၂၈၀၂၄၄၆၀၊ ၀၉-၄၂၈၀၂၄၄၆၆

ဒေါ်သောင်းနှင့် အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ယုသန္တာဝင်း ၉/ကပတ(နိုင်)၁၈၃၂၂၇သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄(စီမံကိန်း-၁)၊မြေကွက်အမှတ် ၄၈၄၊ မြေဧရိယာပေ(၄၃×၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်တစ်လုံးအား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်သောင်း ၁၂/ဥကတ(နိုင်)၁၀၀၃၈၂ဆိုသူထံမှ ၆-၁၀-၂၀၀၇ရက်စွဲပါအရောင်းအဝယ်သဘောတူစာချုပ်ဖြင့်လွှဲပြောင်းဝယ်ယူပြီးလက်ရောက်ရရှိခဲ့ပါသည်။

ဖော်ပြပါအမည်ပေါက်ပိုင်ရှင် ဒေါ်သောင်းသည် အရောင်းအဝယ်စာချုပ်တွင် ဝယ်သူမှတောင်းဆိုသည့်ရက်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် စာတမ်းချုပ်ဆိုပေးရန်ကတိဝန်ခံချက် ပါရှိပါသည်။ ဝယ်သူ ဒေါ်ယုသန္တာဝင်းအနေဖြင့် ဖော်ပြပါ ရောင်းချသူ ဒေါ်သောင်းအား စုံစမ်းရှာဖွေသော်လည်း ယနေ့တိုင် အဆက်အသွယ်မရရှိဘဲ နေပါသည်။

သို့ဖြစ်ပါ၍ ဒေါ်သောင်းသည် ယနေ့ကြော်ငြာပါရှိသည်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ ဒေါ်ယုသန္တာဝင်းထံသို့ဖြစ်စေ လာရောက်ဆက်သွယ်ပြီး ဖော်ပြပါပစ္စည်းအား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန် တောင်းဆိုအပ်ပါသည်။ ယင်းမြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါကလည်း ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်နီလာခင်	**ဒေါ်ထက်ထက်ပိုင်**	**ဒေါ်နိုင်ငြိမ်းဆွေ**	**ဒေါ်မေဝင်းမော်**
LL.B, D.B.L	LL.B	LL.B	LL.B
(စဉ်-၂၄၃၀၃)	(စဉ်-၂၈၆၇၀)	(စဉ်-၃၁၄၇၅)	(စဉ်-၃၃၂၃၂)

အမှတ် ၅၀၊ အခန်း အေ-၅၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၁၁၃၉၁၇၊ ၄၂၀၀၂၉၃၇၃၊ ၀၉-၇၃၀၄၉၅၅၁၊ ၀၉-၄၄၈၀၂၀၀၄၃

ဖနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မဥမ္မာထွန်း ၁၂/တမန(နိုင်)၀၀၂၀၇၉သည် ကျွန်တော်အလုပ်ကိစ္စဖြင့် နေအိမ်တွင်မရှိခိုက် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိသားစုဂုဏ်သိက္ခာကို ထိခိုက်သိုးနွမ်းစေသည် အလုပ်များပြုလုပ်သည်အပြင် အရွယ်မရောက်သေးသည့်သမီးငယ်လေးသုံးဦးကို တာဝန်မဲ့စွာထားရစ်ခဲ့ပြီး ၂၂-၄-၂၀၁၃ရက်တွင် မိမိ၏ သဘောဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့် ထိုနေ့မှစ၍ ဇနီးအဖြစ်မှအပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

မဥမ္မာထွန်းနှင့်ပတ်သက်သည်မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

သူရအောင် ၁၂/မရက(နိုင်)၀၄၁၂၃၃

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ စည်ပင်သာယာရေးကော်မတီများလုပ်ငန်းညှိနှိုင်းစည်းဝေး

ကျိုင်းတုံ ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ စည်ပင်သာယာရေးကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၈ရက် နနက် ၉ နာရီက ကျိုင်းတုံမြို့စည်ပင်သာယာရေးခန်းမတင် ပြုလုပ်သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာမြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက တစ်ဦးချင်းမိတ်ဆက်ပြီး ပြည်နယ်ဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလုဝင်းက ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီဖွဲ့စည်းဆောင်ရွက်မခြအနေများကိုရှင်းလင်းသည်။ဆက်လက်၍ ပြည်နယ်ဥပဒေချုပ်ဦးမောင်မောင်ကရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပြည်နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးက ပြည်နယ်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မဆိုင်ရာများကိုရှင်းလင်းတင်ပြသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးက ရေးမှူး ဦးထူးလင်းထံသို့ ဌာနဆိုင်ရာများကိုယ်စား စည်ပင်သာယာရေးဥပဒေစာအုပ်များပေးအပ်သည်။ဆက်လက်၍ ပြည်နယ်ကော်မတီ အတွင်းရေးမှူးက ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့် လုပ်ထုံးလုပ်နည်း စာအုပ်များက မြို့နယ်ကော်မတီများသို့ ပေးအပ်သည်။

နေ့လယ်ပိုင်းတွင် ပြည်နယ်ကော်မတီအတွင်းရေးမှူးနှင့် ပြည်နယ်စည်ပင်သာယာရေးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က လုပ်ငန်းတာဝန်များရှင်းလင်းပြီး မြို့နယ်ကော်မတီတို့က တင်ပြဆွေးနွေးကြသည်။ ထို့နောက် ပြည်နယ်ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က တင်ပြဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

မောင်မောင်နိုင်(iprd)

တရားလွှတ်တော်တရားသူကြီးချုပ် ဒိုက်ဦးမြို့နယ် ရုံးခန်း အချုပ်ခန်းကြည့်ရှုစစ်ဆေး

ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် ပဲခူးခရိုင်တရားသူကြီး၊ ဒိုက်ဦးမြို့နယ်၊ တရားသူကြီးတို့ လိုက်ပါလျက် နိုဝင်ဘာ၂၉ရက် နနက်၉နာရီခဲက ဒိုက်ဦးမြို့နယ်ရုံးခန်း၊အချုပ်ခန်းကို ကြည့်ရှုစစ်ဆေးပြီးအချုပ်သားများ ဥပဒေပါ အခွင့်အရေး ရရှိခြင်းရှိ မရှိ၊ ကျန်းမာရေးအခြေအနေနှင့် နေထိုင်စားသောက်မှု လလောက် သင့်တင့်မှုရှိ၊ မရှိစသည်များ စစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များအား ညွှန်ကြားသွားကြောင်း သိရသည်။

ကျော်ကျော် (IPRD)

ကျေးရွာအုပ်စု ... ရေးဆွဲခြင်းသင်တန်းဖွင့်

ဖလမ်း ဒီဇင်ဘာ ၇

ကလသမဂ ဖွံ့ဖြိုးမှုအစီအစဉ် ဒေသနရ အုပ်ချုပ်ရေးလုပ်ငန်းစဉ် ကျေးလက်ပူးပေါင်း သေလာအကဲဖြတ်နည်းဖြင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းသင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုးဆွမ်းကသင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

အာဆီယံမီဒီယာ ကျင့်ဝတ်ဆိုင်ရာ ဒေသတွင်းအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

ဗန်ကောက် ဒီဇင်ဘာ ၇

တင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Chaophya Park Hotel ၌ ကျင်းပလျက်ရှိသည့် အာဆီယံမီဒီယာကျင့်ဝတ်ဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ရက် နံနက် ၉နာရီ က ဆက်လက်ကျင်းပခဲ့ပြီး အာဆီယံ မီဒီယာကျင့်ဝတ်များသတ်မှတ်နိုင်ရေးအတွက် ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ လူမှုမီဒီယာ၊ပညာရပ်ပိုင်းဆိုင်ရာအဖွဲ့ အဖွဲ့လေးဖွဲ့ခွဲ ဆွေးနွေးကာသက်ဆိုင်ရာ မီဒီယာကဏ္ဍအလိုက မီဒီယာကျင့်ဝတ်များ အဖြေရှာကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ မီဒီယာကျင့်ဝတ်နှင့် ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မီဒီယာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ၊ ပညာရှင်များနှင့်ဌာနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူများတွေ့ဆုံကာ ဗဟုသုတနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ရန် ၊ အတွေ့အကြုံနှင့် ဗဟုသုတများမှတစ်ဆင့်ဒေသတွင်းကွန်ရက်တည်ဆောက်နိုင်ရန်နှင့် ၂၀၁၅ခုနှစ်တွင် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းဖြစ်ပေါ်လာသောအခါ ပိုမိုနီးကပ်စွာ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်နိုင် သည်။ **(၀၀၉)**

ထားဝယ်ခရိုင်ရုံးအရှေ့၌ အများပြည်သူစာဖတ်ခန်း တိုးချဲ့ဖွင့်လှစ်

ထားဝယ် ဒီဇင်ဘာ ၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထားဝယ်ခရိုင်ရုံးသည် ထားဝယ်မြို့၏ မြို့လယ်လမ်းမကြီးဖြစ်သည် အာဇာနည်လမ်းနှင့် ဦးကျော်ရင်လမ်းထောင့်တွင်တည်ရှိပြီး ရုံး၏မျက်နှာစာရှိ အာဇာနည်လမ်းဘက်တင်စည်ပင်သာယာဈေးကြီးနှင့် ရုံး၏အရှေ့ဘက် ဦးကျော်ရင်လမ်းဘက်တင်မင်္ဂလာနှစ်ထပ်ဈေးကြီးတည်ရှိရာရုံး၏အနီးပတ်ဝန်းကျင်တင်လည်း ဒေသအတွင်းသ ပြေးဆွဲနေသည့် သုံးဘီးယာဉ်လိုင်းကားဂိတ်များလည်း တည်ရှိသည်။

ဒေသအတွင်းမှ ပြည်သူများအနေဖြင့် ထားဝယ်မြို့သို့ မိမိလုပ်ငန်းကိစ္စများဖြင့် လည်းကောင်း၊ အထင်ကရဈေးကြီးနှစ်ခုသို့ လာရောက်၍ဈေးဝယ်ကြသည်အခါတင်လည်းကောင်၊အပြန်တွင် ကားဂိတ်၌ ကားစောင့်ရင်းမှ စာဖတ်ခန်းအတွင်း၌ အပန်းဖြေနားနေရင်းဖြင့် စာပေလေလာဖတ်ရှုနိုင်ရန်အတွက ရုံးရှေ့မျက်နှာစာတင် အများပြည်သူစာဖတ်ခန်းတစ်ခုက နိုဝင်ဘာ ၂၈ ရက် နနက်၁၁နာရီ က ဖွင့်လှစ်ပေးထားသည်။

အဆိုပါအများပြည်သူ စာဖတ်ခန်းတွင် ခရိုင်ရုံး၏ အစီအစဉ်ဖြင့် အယျုခရရှိထားသော စာပေရေချမ်းစင်(အကြီး)ကိုလည်း သတ/ရသ စာပေများ စုံလင်စွာဖြင့် ထားရှိပေးထားရာဖွင့်လှစ်သည့်နေ့မှာပင်အငှားကားယာဉ်မောင်းများ၊ ဆိုင်ကယ်ကယ်ရီသမားများ၊ကားစောင့်သည့်ခရီးသည်များသည်အများပြည်သူစာဖတ်ခန်းအတွင်း၌ စာပေလေ့လာဖတ်ရှုခြင်း၊ ခရီးတစ်ထောင့်နားခိုခြင်းနှင့် Wifi ဖြင့် အင်တာနက်အသုံးပြုခြင်း စသည်တဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံပေးအပ်

ကျောက်မဲ ဒီဇင်ဘာ ၇

ကျောက်မဲမြို့နယ် မီးသတ်ဦးစီးဌာနက အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တညီဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက်က ကျောက်မဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်မီးဘေး တားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဌေး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုကြီးတို့က ကျောက်မဲမြို့ပေါ် (၉)ရပ်ကွက်နှင့် ကျေးရွာပေါင်း ၁၈ ရွာတို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တညီဝတ်စုံ ၃၈၇စုံကိုပေးအပ်ကြကြောင်း သိရသည်။

မထက်(ကျောက်မဲ)

လက်ထပ်မင်္ဂလာညစာခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဆင်မင်းလမ်း၊ အမှတ်(၁)မီးရထားဆိုင်ခန်းနေ ဦးဇော်မင်းထွန်း(ခ)ဦးထွန်း-ဒေါ်မြင့်မေ(စက်မှုကုန်ကြမ်းအမျိုးမျိုးရောင်းဝယ်ရေး)တို့၏ တစ်ဦးတည်းသောသား၊ မဟောမာစနး (Forever Group Co.,Ltd, MRTV-4)၏မောင်၊ မခိုင်သဉ္ဇာထွန်း၏အစ်ကို

မောင်နေဇော်ထက်

English (First Year)

နှင့်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ မြို့မ(၄)ရပ်ကွက်၊ ၁၂ လမ်း၊ ၁နေ (ဦးချစ်ဝင်း)-ဒေါ်တင်တင်မော်(မြတ်ရတနာစတိုး)တို့၏ တစ်ဦးတည်းသောသမီး မောင်ကောင်းမြတ်ချစ် (ခေတ္တစင်ကာပူ)

မသနစ

Zoology (Second Year)

တို့၏ ၂၀၁၃ခုနှစ် နိုဝင်ဘာ၂၈ရက် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး(၁) ဒေါ်တင်နီလာထွန်း လက်မှတ်ရေးထိုးပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ တြည်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်းရှိ **မဟာပုညောပကာရမွှောရုံ**၌ကျင်းပပြုလုပ်ခဲ့သောမင်္ဂလာဦးဆွမ်းကျွေးညစာခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် အဘက်ဘက်မှပိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင် သည်။

နှစ်ဖက်မိဘများနှင့်
မောင်နေဇော်ထက်-မသနစ

သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁)အစိုးရအလယ်တန်းကျောင်း(မြို့လယ်ကျောင်း)ကျောင်းသူ ကျောင်းသား ဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၄-၁-၂၀၁၄ ရက် (စနေနေ့) မွန်းလွဲ ၁း၀၀နာရီတွင် အလက(၁) အလယ်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်း ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဆရာမကြီးများအား ဂါရဝပြုလိုသူများ တက်ရောက်နိုင်ရန်နှင့် ပစ္စည်းနှင့်အလှူငွေများထည့်ဝင်လိုပါက အောက်ပါသူငယ်ချင်းများထံတွင် ထည့်ဝင်လှူဒါန်းနိုင်ကြောင်း လေးစားစွာဖြင့် အသိပေးဖိတ်ကြားအပ်ပါသည်။

	ဖုန်း-၀၉-၃၃၁၃၀၁၃၆	စောမြင့်မြင့်မော်	ဖုန်း-၀၉-၂၂၁၅၀၅၈
ကိုမြင့်အောင်	ဖုန်း-၀၉-၄၄၄၀၃၄၈၈၂	နှင်းနှင်း(ပဒေသာ)	ဖုန်း-၀၉-၅၁၇၁၅၃၄
ကိုအောင်နိုင်ဆွေ	ဖုန်း-၀၉-၄၀၂၆၉၁၄၅၅	သီတာစမ်း(ပို့/ဆက်)	ဖုန်း-၀၉-၄၄၄၀၄၆၂၁၅
သက်ဆွေ	ဖုန်း-၀၉-၆၈၀၀၈၈၅		ဖုန်း-၀၉-၂၂၁၅၇၉၃
	ဖုန်း-၀၉-၃၃၁၃၂၄၄၇	ဆွေဆွေမြင့်(နဂါးဆေးတိုက်)	ဖုန်း-၀၆၆၃၀၃၃၉
သက်ခိုင်ဦး	ဖုန်း-၀၉-၄၃၁၀၀၁၂၃	ဝါဝါလတ်	ဖုန်း-၀၉-၃၃၁၃၀၀၁၅
	ဖုန်း-၀၉-၄၀၂၇၈၃၃၉၁		ဖုန်း-၀၉-၃၃၀၀၆၀၉၀
ဇော်ထွန်း	ဖုန်း-၀၉-၂၂၁၂၅၇၂	ခင်မိုးဟန်	ဖုန်း-၀၉-၂၂၁၆၅၆၅
	ဖုန်း-၀၉-၂၂၁၅၂၆၄	လှလှဝင်း	ဖုန်း-၀၉-၂၂၁၂၁၄၃
ဝင်းရှိန်	ဖုန်း-၀၉-၃၃၀၀၆၂၃၉	ယဉ်ယဉ်မြင့်	ဖုန်း-၀၉-၂၂၁၅၂၃၅
အောင်ပြည့်မြိုး	ဖုန်း-၀၉-၂၂၁၅၀၃၇		

သမီးလေးအမည်ပြောင်းလဲခေါ်ဝေါ်ခြင်း

ဖေဖေ ဦးမျိုးမင်းကျော်၊ မေမေဒေါ်ထက်ထက်လှိုင်တို့၏သမီး မသီရိထက်ကျော်သည် ၁၇-၁၂-၂၀၁၀ ရက်တွင် ယနေ့(၃)နှစ်ပြည့်သောနေ့မှစ၍ မသီရိထက်စံဟု အမည်ပြောင်းလဲ ခေါ်ဝေါ်စေပါကြောင်း။

ချစ်သောသမီးလေး မြီးပြည့်စုံသောမိသားစုဘဝပိုင်ဆိုင်နိုင်ပါစေ။

ချစ်သောဖေဖေ-အားတီနှင့် မေမေ-နောင်နောင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Housing Project အိမ်ရာစမံကိန်း တိုက်အမှတ် ၄/၇၊ အခန်းအမှတ် ၁၂ ကို မူလအမည်ပေါက်ပိုင်ရှင် ဗိုလ်မှူးကြီးမျိုးသန့်ထံမှ ဒေါ်ကေသီခိုင် ၁၂/ရကန(နိုင်)၀၂၀၇၃၀က တရားဝင်စာချုပ်စာတမ်းဖြင့်ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့်တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာကျေးရွာ၊ ရွှေသောင်ယံ-ချောင်းသာကားလမ်း၊ ကွင်းအမှတ် ၁၉၉၀/ပြင် ချောင်းသာပြင်ကွင်း၊ ဦးပိုင်အမှတ် ည-၇၊ ဧရိယာ ၂ ဒသမ ၁၀၀ဧကရှိ ဦးအောင်သက်မန်း အမည်ပေါက်ရန်မြေကို မူရင်းခွဲဂရန်ထုတ်ပေးပါရန် လျှောက်ထားလာခဲ့ရာ ဦးအောင်သက်မန်း၏ မူလဖြေဌာဂရန်ပျောက်ဆုံးကြောင်း ဖြေစာရင်းပုစ (၁၀၅/၁၀၆)တို့နှင့်အတူ လျှောက်ထားလာခဲ့ရာ ၁၅ ရက်အတွင်း ကန့်ကွက်နိုင် သည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း
ပခုက္ကူမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်း စာရင်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	
၁။	Computer Table	(20) လုံး
၂။	Notic board (6' × 4')	(2) ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း (ပခုက္ကူ)တွင် လာရောက်ယူနိုင်ပြီး ၁၈-၁၂-၂၀၁၃ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများကို တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း (ပခုက္ကူ) ဖုန်း-၀၆၂-၂၂၀၆၆နှင့် ၀၉-၄၀၁၅၀၃၃၀၄ တို့တွင် စုံစမ်းနိုင်ပါသည်။

အစိုးရနည်းပညာအထက်တန်းကျောင်း
ပခုက္ကူမြို့

ဦးအောင်သန်း-ဒေါ်ဌေးဌေး
ဒေါက်တာစည်သူအောင်
ဦးစီးသော
အရာရှိပေါင်းများစွာမွေးထုတ်ပေးနေသော
စွမ်းအား
ရာထူးဝင်ခွင့်သင်တန်း

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-ဒုဦးစီးမှူး (၃၅၆)နေရာ
၁၄-၁၂-၂၀၁၃ရက် စတင်သင်ကြားမည်။
၂၀၁၄ခုနှစ် မတ်လတွင် မြေဆိုမည်ဦးစီးအရာရှိ တန်းခွဲသစ်များကို
၇-၁၂-၂၀၁၃ရက်တွင် စတင်သင်ကြားမည်။
မေးခွန်းဖြေ၊ နှုတ်မြေများကို သေချာပိုင်နိုင်စွာသင်ကြားပေးနေပြီ။

အမှတ် (၁၁/၄၉)၊ အမှတ် ၄၆၀၊ ဗိုလ်လက်ျာလမ်းနှင့်ဘုရားလမ်းထောင့်၊
ရန်အောင် (၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊
ဖုန်း-၀၆၇-၂၁၆၁၄၊ ၂၃၆၉၄၊ ၀၉-၈၃၀၂၀၀၉၊ ၀၉-၄၉၃၂၃၃၁၁

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုစဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၁၁

ဦးစံဝင်း	နှင့်	၁။ ဦးဝင်းမောင်
အမှတ် (၁၀၉)၊ မြစ်ငယ်လမ်း၊		ဝေဘာဂီရဲစခန်းဝင်း၊ အရာရှိရပ်သာ၊
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။		မြောက်ဥက္ကလာပမြို့နယ် (ယခင်လိပ်စာ)
		၂။ ဒေါ်ခင်မာညို
		အခန်း (၂)၊ အိမ်ထောင်သည်ရဲလိုင်း၊
		လှိုင်မြို့နယ် (ယခင်လိပ်စာ)
တရားလို		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အရာရှိရပ်သာ၊ ဝေဘာဂီရဲစခန်းဝင်းနေ ၁။ တရားပြိုင် ဦးဝင်းမောင် (ယခုနေရပ်လိပ်စာမသိ)၊ လှိုင်မြို့နယ်၊ အိမ်ထောင်သည်ရဲလိုင်း၊ အခန်း (၂)နေ ၂။ တရားပြိုင် ဒေါ်ခင်မာညို (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ ဦးစံဝင်းက အချင်းဖြစ်မြေနှင့်နေအိမ်သည် တရားလို့ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၇ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ရက်) မွန်းမတည်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြလိုသည် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောစံလှညို)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

လူပျောက်ကြော်ငြာ

ဟိုပန်မြို့၊ ဗိုလ်မင်းရောင်လမ်း၊ ဈေးရပ်ကွက်၊ အိမ်အမှတ် ၆၈နေ ဦးဆန်ဆု-ဒေါ်အီကပ်တို့၏သား စိုင်းထွန်းလူ အသက်(၂၃)နှစ် လားရှိုးတက္ကသိုလ်(ဒု-နှစ် သချာ်)တွင် ပညာသင်ကြားနေပြီး ၁-၅-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက်ပါလိပ်စာအတိုင်း အကြောင်းကြားပါရန်။ (တွေ့ရှိအကြောင်းကြားပါက ကျေးဇူးဆပ်ပါမည်။)

ဒေါ်အီကပ် (ဟိုပန်မြို့)
ဖုန်း-၀၉-၄၀၃၇၂၆၄၃၉၊ ၀၉-၄၇၃၂၅၅၀၈

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်လှိုင် ၅/ကဘလ(နိုင်)၁၃၀၀၂၉၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ တိုက်အမှတ် ၄၅၉ တည်ရှိရာ အကွက်အမှတ် (၁၆-က)/၃-ခ၊ မြေမြင့်၊ ဦးပိုင်အမှတ် ၄၇/၁၊ အကျယ်အဝန်း (၁၀၇×၄၅)ပေရှိ မြစ်ကြီးနားခရိုင် ဂရန်အမှတ်အမှတ် Dorp-No.140/V(90-91) အရ ဒေါ်ခင်စန်းမြင့်အမည်ပေါက် နှစ် ၃၀ဂရန်မြေကွက်နှင့် မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ အကွက်အမှတ် ၁၆-က/၃-ခ ဦးပိုင်အမှတ် ၃၀၊ အကျယ်အဝန်းပေ(၁၀၀×၃၀)ရှိမြေကွက်၊ မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ ကွက်သစ်အကျယ်အဝန်း ပေ(၈၀×၆၀)ရှိ မြေကွက်အမှတ် ၈၅၅ တို့မှာ မူလပိုင်ရှင်များထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်သော မြေကွက်များဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်များကို ကျွန်ုပ်၏မိတ်ဆွေဦးမြင့်လှိုင်၏သဘောတူခွင့်ပြုချက်မရဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းစသည် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုရန်အတွက် သတိပေးတားမြစ်ပါသည်။

မည်သူမဆို အထက်ပါဆောင်ရွက်မှုတစ်ခုခုကိုပြုခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ကျွန်ုပ်အား ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်သန်း(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၃၅)
အမှတ် ၄၆၆၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့

အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)အတွက်
မော်တော်ယာဉ်များဝယ်ယူရန်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က)	Saloon	၆ စီး
(ခ)	Light Truck	၄ စီး
(ဂ)	Wagon	၁ စီး
(ဃ)	သုံးဘီးဆိုင်ကယ်	၁ စီး

တင်ဒါပုံစံရောင်းချမည့်ရက်/အချိန် - ၉-၁၂-၂၀၁၃ ရက်မှ ၂၃-၁၂-၂၀၁၃ ရက်အထိ ၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၃၀-၁၂-၂၀၁၃ ရက် ၁၆:၃၀ နာရီ
တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - အဆင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)၊ လမ်း ၈၀၊ (၃၄×၃၅)ကြား

၂။ ဈေးပြိုင် အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား မော်တော်ယာဉ်တင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီအဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၄င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ရုံးချုပ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းရာတွင် ဌာနမှ တရားဝင်ဝယ်ယူထားသည့် အဆိုပြုလွှာများကိုသာ လက်ခံမည်။

၅။ ဈေးပြိုင် အဆိုပြုလွှာဖွင့်ပွဲကို ၂-၁-၂၀၁၄ ရက် ၁၀ နာရီတွင် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ရုံးချုပ်တွင် ဆောင်ရွက်မည်ဖြစ်ပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီအနေဖြင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သို့အရောက် အမည်ပေါက်ပေးသွင်းရမည်။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၆၀၃၇၁နှင့် ၀၂-၆၀၃၇၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၂ကံဘဲ့၊ မြေကွက်အမှတ် ၁၆/ခ+၁၆/ဃ+၁၅/ဃ၊ မြေကွက်တည်နေရာအမှတ် ၁၆၊ ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်တင်တင်လှိုင်အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် မိခင် ဒေါ်တင်တင်လှိုင် နှင့်ဖခင် ဦးစိန်လွင်တို့ ကွယ်လွန်သဖြင့် ဦးမင်းလွင်ဦး ၁၂/ဒဂန(နိုင်)၀၁၇၉၂၂၊ ဒေါ်ချိုလွင်ဦး ၁၂/မရက(နိုင်)၀၀၆၉၅၈၊ ဦးယုလွင်ဦး ၁၂/မရက(နိုင်)၀၀၅၁၅၄၊ ဒေါ်စောသူမာလာလွင်ဦး ၁၂/မရက(နိုင်)၀၀၅၁၅၅၊ ဒေါ်ဇင်မာအောင် ၁၂/လကန(နိုင်)၁၆၄၇၇၈တို့၏ G/P ၇၃၃၃/၁၃၊ ၇၃၃၆/၁၃၊ ၇၃၃၄/၁၃၊ ၇၃၃၅/၁၃၊ (၉-၅-၂၀၁၃) ရရှိသူ ဒေါ်ချိုလွင်ဦးတို့မှ သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်း၊ G/P တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဝါးခယ်မမြို့နယ်၊ ကျုံမငေး မြို့မလမ်း၊ အမှတ်(၂၃)နေ ဒေါ်တင်တင်လှ ၁၄/ဝခမ(နိုင်)၁၂၈၈၀၁မှ မြေစာရင်းရပ်ကွက်အမှတ် (၇-ခ)၊ ဂင်္ဂါရာမ၊ ဦးပိုင်အမှတ် (၅၆)၊ ဧရိယာ ၀ဒသမ၀၅၅ဧကေ၊ မြေစာရင်းရပ်ကွက်အမှတ် (၇-ခ) ဂင်္ဂါရာမ၊ ဦးပိုင်အမှတ် (၉၈)၊ ဧရိယာ၀ဒသမ၀၅၅ဧကေ၊ မြေစာရင်းရပ်ကွက်အမှတ်(၇-ခ) ဂင်္ဂါရာမ၊ ဦးပိုင်အမှတ်(၁၂၄)၊ ဧရိယာ ၀ဒသမ၁၈၉ဧကရှိမြေအား လူနေထိုင်ရန်အတွက် ဂရန်သက်တမ်းတိုးအမည်ပြောင်းနှင့် မြေစာရင်းရပ်ကွက်အမှတ် (၇-ခ)ဂင်္ဂါရာမ၊ ဦးပိုင်အမှတ်(၁၂၆)၊ ဧရိယာ ၀ဒသမ၂၁၈ဧကရှိမြေအား လူနေထိုင်ရန်နှင့် စပါးသိုလှောင်ရန် ဂရန်သက်တမ်းတိုးအမည်ပြောင်းကို လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက အထောက်အထားခိုင်မာပြည့်စုံစွာဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ လာရောက်ကန့်ကွက်ခြင်းကို မည်သည့်အကြောင်းနှင့်မျှ လက်ခံစဉ်းစားမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဝါးခယ်မမြို့

ဖနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီး မသင်းမဋ္ဌုအောင် ၉/မထလ(နိုင်)၂၅၉၆၄၉သည် ကျွန်တော် အာကာမှူး နိုင်ငံခြားသို့ပညာတော်သင်သွားရောက်နေစဉ် ကျွန်တော်မသိဘဲ မသင်းမဋ္ဌုအောင်သည် မိမိသဘောဆန္ဒအလျောက်တိုင်ပင်ညှိနှိုင်းခြင်းမရှိဘဲ သူ့သဘောဆန္ဒအတိုင်း သူလုပ်ချင်သော အလုပ်ကို လုပ်သွားပါသည်။ ထိုအလုပ်သည် သည်းခံခွင့်လွှတ်နိုင်သော အခြေအနေမဟုတ်ပါ။ ထို့ကြောင့် နောက်နောင်တွင် အရှုပ်အရှင်းတစ်စုံတစ်ရာဖြစ်ပေါ်ပါက လုံးဝဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ကျွန်တော်နှင့် လုံးဝမသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၄င်းနှင့်ပတ်သက်သောကိစ္စများအား စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

အာကာမှူး
၉/မထလ(နိုင်)၂၅၆၄၄၄

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ပန်းခင်း ၁၊ အိမ်အမှတ် ၈/၁၉၇ နေ ဦးခွေး ၉/ပမန(နိုင်)၀၅၆၉၆၃-ဒေါ်အိမ်မြဲ ၉/ပမန(နိုင်)၀၅၅၄၀၀တို့၏သား ကိုကျော်ဆန်းဝင်း ၉/ပမန(နိုင်)၁၆၆၉၃၅သည် မိဘနှစ်ဦး၏ ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ကိုကျော်ဆန်းဝင်းနှင့်ပတ်သက်သည်ကိစ္စအရပ်ရပ်တို့ကို မိဘနှစ်ဦးက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးခွေး-ဒေါ်အိမ်မြဲ

လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးမြင့်ဦး LL.B	**ဒေါ်သူဇာသိန်း** LL.M	**ဒေါ်စန္ဒာ** LL.B
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၄၀၅၇/၈၇)	**(စဉ်-၃၈၁၄၈/၁၁)၊**	**(စဉ်-၄၀၂၉/၁၂)**

အိမ်အမှတ် ၁၆၃၊ အောင်မင်္ဂလာရပ်၊ ပျဉ်းမနားမြို့၊
ဖုန်း-၀၉-၄၉၃၃၁၇၂၇၊ ၀၆၇-၂၄၄၀၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ဖွဲ့စည်းရန်
ဖိတ်ခေါ်ခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ INGOs, NGOs များ၊ ပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် နေပြည်တော်၌ နိုင်ငံတော်သမ္မတမှဦးဆောင်၍ ကျေးလက်ဖွံ့ဖြိုးရေးမဟာဗျူဟာ မူဘောင်အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါဆွေးနွေးဖော်ထုတ်ချက် ငါးချက်ရရှိခဲ့ပါသည်-

(က) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်ရန်၊
(ခ) အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုချက်များအပေါ် အခြေခံ၍ မဟာဗျူဟာမူဘောင်ကို ပြင်ဆင်ဖြည့်စွက်ရန်၊
(ဂ) Stakeholder အားလုံးပါဝင်မှုဖြင့် လုပ်ငန်းအစီအစဉ်များ၊ စီမံချက်များ ရေးဆွဲရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍနှင့် တန်ဖိုးမြင့်ပစ္စည်းများထုတ်လုပ်နိုင်ရေး ထည့်သွင်းစဉ်းစားရန်၊
(ဃ) Framework for Economic and Social Reform(FESR) အောက်ရှိ Sectoral Working Group များနှင့် ဆက်စပ်အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းဆုံးဖြတ်ရန်၊
(င) လိုအပ်သော ဘဏ္ဍာရေးအစီအစဉ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒနှင့်လမ်းညွှန်ချက်များ ချမှတ်ရန်။

၂။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာမူဘောင်များချမှတ်ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများဖွဲ့စည်းရန်ရှိပါသဖြင့်ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ INGOs, NGOs များ၊ ပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် ဝန်ကြီးဌာနသို့ ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၁၃

ဦးမြင့်သောင်း	နှင့်	၁။ ဒေါ်အေးရင်
(၄င်း၏ကိုယ်စားလှယ်လွှဲစာရရှိသူ		၂။ ဦးသန့်ဇော်ဝင်း
ဦးတင်ဝင်း)		
တရားလို		**တရားပြိုင်များ**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဣန္ဒာ၉လမ်း၊အမှတ်၇၅၆-နေ (၁)တရားပြိုင်ဒေါ်အေးရင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်နှင့် ဦးသန့်ဇော်ဝင်းတို့အပေါ်၌ ဦးမြင့်သောင်း(၄င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတင်ဝင်း)က အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၈ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၁ရက်) မွန်းမတည်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သိစေရမည်မှာ အထက်က ဆိုခဲ့သည်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည်စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြလိုသည် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဝင်းဌေး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
အယူတော်ခံတရားခံသို့ ကြားသိစေသည်
အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုစဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
မန္တလေးခရိုင်တရားရုံး နယ်တရားမရုံးတော်၌
၂၀၁၃နှစ် တရားမအယူခံမှုအမှတ်-၁၂၄

မဝင်းမာနီ	နှင့်	၁။ ဒေါ်ဖြူဖြူ(ခ)ဒေါ်လှမျိုးသီ
		၂။ ကိုဝင်းသွင်
အယူခံတရားလို		**အယူခံတရားခံများ**

၂၀၁၃ခုနှစ် ဩဂုတ် ၂၀ရက်စွဲပါ အမရပူရမြို့နယ် နယ်တရားမရုံးတော်မှ စီရင်ချက်နှင့် ဒီကရီကိုအယူတော်ခံမှု။

အယူတော်ခံတရားခံ မောင်ဝင်းထွဋ် (ဘ) ဦးအုံးတြီး ရွှေဂုံရပ်၊ ငယ်တိုးကျေးရွာအုပ်စု၊ အမရပူရမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် အမရပူရမြို့နယ် တရားမရုံးတော်က ချပေးသည့်ဒီကရီကို မဝင်းမာနီကအယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၃ရက် (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၁၁ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

[illegible]

KBZ Bank (Account No. [illegible])

ဖြူးဆရာတော်ကြီး၏ တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ M.A, Ph.D (Thesis) အရှင်သူမြတ်သည် ၆-၁၂-၂၀၁၃ရက် ဖြူးမြို့နယ်၊ ဖြူးချောင်း စီမံကိန်း၊ ဆည်မြောင်းဦးစီးဌာန၊ ပဋ္ဌာန်းသိမ်းအောင်ပွဲ၊ ၉-၁၂-၂၀၁၃ရက် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ၁၁ လမ်း ဓမ္မသဘင်၊ ၁၆-၁၂-၂၀၁၃ရက် ပျော်ဘွယ်မြို့ ဓမ္မသဘင်၊ ၁၇-၁၂-၂၀၁၃ရက် ဖြူးမြို့မဟာစည်ရိပ်သာ၊ ဖြူးဆရာတော် (၄)နှစ်ပြည့်ဓမ္မသဘင်ပွဲ၊ ၁၉-၁၂-၂၀၁၃ရက် ပြည်စုံအေးမဟာစည်ရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်ဓမ္မသဘင်၊ ၂၃-၁၂-၂၀၁၃ရက် ရေနံမကျေးရွာ၊ မင်းလှမြို့နယ်ဓမ္မသဘင်၊ ၂၈-၁၂-၂၀၁၃ရက် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက် ဓမ္မသဘင်၊ ၂၉-၁၂-၂၀၁၃ ရက် ပုသိမ်မြို့၊ နှစ်ဦးဓမ္မသဘင်၊ ၇-၁-၂၀၁၄ရက် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်၊ ကျောင်းရေစက်ချဓမ္မသဘင်ပွဲ၊ ၉-၁-၂၀၁၄ရက် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အောင်တော်မူဆုတောင်းပြည့်ဘုရား၊ ငါးဆူတန်ဆောင်းတော်ကြီး ဓမ္မသဘင်၊ ၁၁-၁-၂၀၁၄ရက် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အိမ်တော်ရာဘုရားဓမ္မသဘင်ပွဲ၊ ၁၂-၁-၂၀၁၄ရက် ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မိဘကျေးဇူးဆပ် အထူးတရားပွဲ၊ ၁၄-၁-၂၀၁၄ရက်မှ ၁၅-၁-၂၀၁၄ရက် မော်လမြိုင်မြို့၊ ဓမ္မာဇ ဓမ္မသဘင်၊ ၂၃-၁-၂၀၁၄ရက် သာကေတမြို့နယ်၊ (၂)ရပ်ကွက်၊ မြောက် ၂၈ဆူ ဗဟိုဓမ္မာရုံ ဓမ္မသဘင်၊ ၂၆-၁-၂၀၁၄ ရက် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့၊ ရွှေပေါက်ကံ၊ ဓေယျသိဒ္ဓိမာန်အောင်စေတီတော်တရားပွဲ၊ ၂၈-၁-၂၀၁၄ ရက် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (စ)ရပ်ကွက်၊ ဖြူးမဟာစည်ဆွမ်းပဒေသာပင် အလှူ ဓမ္မသဘင်၊ ၁-၂-၂၀၁၄ ရက် သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ ဓောတာရုံ လမ်းဓမ္မာရုံ(ဒု-ကြိမ်ဆွမ်းသိမ်းအောင်ပွဲ)ဓမ္မသဘင်၊ ၈-၂-၂၀၁၄ရက်မှ ၉-၂-၂၀၁၄ ရက် ဖြူးမြို့နယ်လုံးဆိုင်ရာ စာပြန်ပွဲဓမ္မသဘင်၊ ၁၁-၂-၂၀၁၄ရက် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဖြူစင်မေတ္တာနာရေးကူညီမှုအသင်းဓမ္မသဘင်၊ ၁၂-၂-၂၀၁၄ရက် မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီလမ်း၊ ဆုတောင်းပြည့် ဓာတ်တော်ကျေ စေတီတော်ဓမ္မသဘင်၊ ၂၁-၂-၂၀၁၄ ရက်မှ ၂၂-၂-၂၀၁၄ရက် တောင်ငူမြို့နယ် လုံးဆိုင်ရာ ပရိယတ္တိမူလစာမေးပွဲကြီးဓမ္မသဘင်၊ ၁၅-၃-၂၀၁၄ရက် ကျိုက္ခမီမြို့နယ်၊ ခနောင်ရွာ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြား ချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂တို့သို့ ဆက်သွယ်နိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် ပဲခူးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

လုပ်ငန်းအမည်

(က) ပဲခူးမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ
သစ်သားရေစင်၊ နှစ်လက်မစက်ရေတွင်း၊ အုတ်ရေကန်အပါအဝင်

(ခ) ကဝမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ
နှစ်လက်မစက်ရေတွင်း၊ ရေစက်ရုံ၊ ရေစင်၊ အုတ်ရေကန်၊ လျှပ်စစ်မီးအပါအဝင်

(ဂ) အုတ်ဖိုမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ
ခြံစည်းရိုး၊ ရေစင်၊ ရေကန်၊ လျှပ်စစ်မီး အပါအဝင်

(ဃ) ပန်းတောင်းမြို့နယ် တရားရုံးဝန်ထမ်းအိမ်ရာ
လျှပ်စစ်မီး၊ အိမ်တွင်းရေသွယ်တန်းခြင်း၊ ရေလှောင်ကန်၊ မိလ္လာကန်အပါအဝင်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၁၂-၂၀၁၃ ရက် စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၄-၁၂-၂၀၁၃ ရက် ၁၆:၃၀ နာရီနောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါပေးသွင်းသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေး ပေးသွင်းလွှာနှင့်အတူ တင်သွင်းရမည်။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည်လိပ်စာနှင့် တင်သွင်းရမည် လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး (စီမံဌာန)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၅၉၇၁ ယာဉ်လက်ဝယ်ရှိသူ ဦးသီဟကျော် ၅/ကလထ(နိုင်)၁၆၂၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကလေးမြို့)

ကျေးဇူးဆပ်ပါမည်

၃-၁၂-၂၀၁၃ရက်တွင် အရေးကြီးသည့် စာရွက်စာတမ်းများ ထည့်ထားသည့်အိတ် မိတ္တူကူးရန် ကားပေါ်မှအဆင်း အင်းစိန်လမ်းမကြီးနှင့် ကျိုက်ဝိုင်းဘုရားလမ်းကွေ့ မှတ်တိုင်အတွင်းကျကျန်ခဲ့ပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။ **ဦးကုမုဒသာရ ပညာရာမိကဆရာတော်ကြီးကျောင်းတိုက် ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**

ဖုန်း-၀၉-၇၃၀၆၀၆၆၁

ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာဆရာတော် လွန်တော်မူ(၂)နှစ်ပြည့် ဂုဏ်ကျေးဇူးတရားများကို ပူဇော်သော အထူးတရားပွဲများနာကြားရန် ဖိတ်ကြားခြင်း

ရွှေကျင်နိကာယ ရဟန်းပျိုမဟာနာယက၊ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများ၏ ဥသျှောင်ဩဝါဒါစရိယ၊ သဒ္ဓမ္မရံသီရိပ်သာကြီးနှင့် ရိပ်သာခွဲများ၏ ဦးစီးပဓာန မဟာနာယက ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ လွန်တော်မူ (၂)နှစ်ပြည့် ဂုဏ်ကျေးဇူးတရားများကိုပူဇော်သော အထူးတရားပွဲများကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၁။ ၁၂-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့)	-	ဘဒ္ဒန္တသုဇာတ မေတ္တာအေးသာသနာ့ရိပ်သာဦးစီးပဓာနနာယက၊ သာသနဓဇဓမ္မာစရိယ၊ မဟာစည်နယ်လှည့် ဓမ္မကထိက
၂။ ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့)	-	ဒေါက်တာဘဒ္ဒန္တဇဋိလ မဟာစည်ရိပ်သာကြီး ဩဝါဒါစရိယဆရာတော်၊ နေပြည်တော် ပျဉ်းမနားဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ
၃။ ၁၄-၁၂-၂၀၁၃ရက် (စနေနေ့)	-	ဘဒ္ဒန္တဝဏ္ဏိတ ဓမ္မဒါယာဒါသဒ္ဓမ္မရံသီရိပ်သာ ပဓာနနာယက ဆရာတော်သဒ္ဓမ္မရံသီရိပ်သာကြီးအထောက်အကူပြုအဖွဲ့ နာယက၊
၄။ ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)	-	ဘဒ္ဒန္တအဂ္ဂိယ ပါဠိကာရီဆရာတော် သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဩဝါဒါစရိယ၊ တိုင်းဥက္ကဋ္ဌဆရာတော်
၅။ ၁၆-၁၂-၂၀၁၃ရက် (တနင်္လာနေ့)	-	ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ မဟာဌာနမှူး ပဋ္ဌိပတ္တိအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ဓမ္မဒူတဇေတဝန တောရ

အချိန်။ ညစဉ် ၇:၀၀ နာရီ

နေရာ။ သဒ္ဓမ္မရံသီရိပ်သာကြီး
အမှတ် (၇)၊ ဓေယျာဓေမာလမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ဂ/၆၈၀၆ Toyota Hilux Tiger ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအေး ၁၃/တခလ(နိုင်)၀၆၁၃၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂C/၄၅၃၈ Honda Insight ယာဉ်လက်ဝယ်ရှိသူ ဦးအားစီ ၁၃/ကတန(နိုင်)၀၈၄၇၃၇က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

တာချီလိတ်မြို့၊ ရန်အောင်မြေ (အလက) ကျောင်း စတုတ္ထတန်း(ဂ)မှ ဦးယောရှုကု ၁၃/ကတန(နိုင်) ၀၆၆၂၁၅ ၏သား မောင်ညီဒအား မောင်ရဲထိုက်ရှုဟု ခေါ်ဆိုပါရန်နှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၁၀-၂၀၀၁ ဖြစ်ပါကြောင်း။ **မောင်ရဲထိုက်ရှု**

အမည်နှင့်မွေးသက္ကရာဇ်အမှန်

တာချီလိတ်မြို့၊ ရန်အောင်မြေ(အလက) ကျောင်း စတုတ္ထတန်း(ခ)မှ ဦးယောရှုကု ၁၃/ကတန(နိုင်)၀၆၆၂၁၅၏သား မောင်ဆမ်လုံးအား မောင်ရဲညဏ်ရှုဟု ခေါ်ဆိုပါရန်နှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၄-၂၀၀၅ ဖြစ်ပါကြောင်း။ **မောင်ရဲညဏ်ရှု**

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဦးပိုင်အမှတ် ၅၈၊ ဧရိယာ ၀ ဒသမ ၁၁၂ အနက်မှ မခွဲမစိတ်ရသေးသောမြေကွက်ထဲမှ (၃၃×၇၃)ပေ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ သောက်တော်တွင်းလမ်း၊ အမှတ်(၅)ဟုခေါ်တွင်သော တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဦးကျော်ကျော်လွင် ၁၂/သလန(နိုင်)၀၇၇၅၁၁၊ ဦးဇော်ဇော်အောင် ၁၂/သလန(နိုင်)၀၈၀၀၆၂ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း [illegible] လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းလင်းအောင် LL.B, D.B.L, D.M.L **ဒေါ်ဖြူဖြူခိုင်** LL.B, D.B.L, D.M.L

တရားလွှတ်တော်ရှေ့နေများ

ဒေါ်ငြိမ်းချမ်းစုရည် LL.B

အထက်တန်းရှေ့နေ

အမှတ် ၂၇/ဘီ၊ မဟာဗန္ဓုလခန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ခွေးရောင်းရန်ရှိသည်

Golden Retriever.(အထီး) သားပေါက်လေးများ ရောင်းရန်ရှိသည်။

ဖုန်း-၀၉-၂၅၀၃၆၁၄၄၁

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၁)သတ္တမတန်းမှ မအိခိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြညွန့်(ခ)ကံငွေး ဖြစ်ပါကြောင်း။ **ဦးမြညွန့်(ခ)ကံငွေး**

၅/ကလထ(နိုင်)၀၀၅၁၈၅

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နေ
ဒုတိယဗိုလ်မှူးကြီးသော်တာထွေး-ဒေါ်မေသင်းခိုင် တို့၏သားတပည်၊
မန္တလေးမြို့၊ အကွက်(၄၉၉)၊ ဇွန်းစုရပ် ကျွန်းလုံးဥသျှောင်နေ
(ဦးဝင်းကို၊ အထက်တန်းရှေ့နေ)-ဒေါ်ခင်မာညို(ပိုလျှံအအေး)တို့၏သား

ဗိုလ်ဝေနိုင်ဖြိုး

B.Sc (Maths), DSA

နှင့်

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်နေ
ဦးစိုးမြင့် (စက်ရုံမှူး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ [illegible])-
ဒေါ်ရီရီမြင့် (ရွှေပုညပွဲတော်ဆက်၊ စစ်ကိုင်းတောင်) တို့၏သမီး

မပန်းအိဖြူ

B.Sc (Physics)

တို့သည် ၄-၁၂-၂၀၁၃ရက်တွင် နှစ်ဖက်လူကြီးမိဘများစုံရာ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

ဗိုလ်ဝေနိုင်ဖြိုး-မပန်းအိဖြူ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ Palm Village အိမ်ရာရှိ နှစ်ခန်းတွဲ လေးထပ်တိုက်(Shop House) တိုက်အမှတ် ၃၈၊ အခန်း ၃၁၊ တတိယထပ်၊ ဧရိယာ ၁၁၃၅ စတုရန်းပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တိုက်ခန်းအမည်ပေါက်ပိုင်ရှင် ဦးအောင်မြင့်ဗိုလ်၏ အမွေဆက်ခံခွင့်ရှိသူ ဇနီး ဒေါ်ကြူကြူမောင်ထံမှ စာချုပ် စာတမ်းဖြင့် လက်ရောက်ဝယ်ယူထားသူ ဦးအောင်ဝင်းသန်း ၁၂/ဗဟန(နိုင်)၀၇၄၂၆၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဝင်း (စစ်တွေ) တရားလွှတ်တော်ရှေ့နေ (၇၀၆၀)

တိုက် ၂၇၄၊ အခန်း ၁၅၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ရန်ကုန်၊ ဖုန်း-၀၉-၅၁၈၇၀၃၃

ဦးကျော်ဦးနှင့်အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ လူနေရပ်ကွက်အမှတ် သမ္ဗုတကမ်းခြေ၊ စပယ်လမ်းရှိ မြေကွက်အမှတ် (၇၂၈/၇၂၉)နှင့်မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်တို့ကို ဦးကျော်ဆန်းနှင့်ဒေါ်ညိုဇင်ဇင်ဆင့်တို့က ဦးကျော်ဦးထံ၌ ၃၀-၇-၂၀၁၃ ရက်တွင် စာချုပ်ချုပ်ဆို၍ ပေါင်နှံခဲ့ခြင်းသာဖြစ်ကြောင်းနှင့် ဦးကျော်ဆန်း၊ ဒေါ်ညိုဇင်ဇင်ဆင့် တို့ပိုင်ဆိုင်သည့် ဗီရို၊ ကက်ဆက်၊ ဘုရားကျောင်းဆောင်စသည့်အခြားပစ္စည်းမျိုးစုံတို့လည်း အဆိုပါနေအိမ်၌ထားရှိခဲ့ကြောင်း၊ အဆိုပါမြေ၊နေအိမ်တို့ကို ပြန်လည်အပေါင်ရွေးမည်ဖြစ်ကြောင်း ဦးကျော်ဦးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။ ဦးကျော်ဆန်း ၁၂/သဃက(နိုင်)၁၃၀၉၄၁နှင့် ဒေါ်ညိုဇင်ဇင်ဆင့် ၁၂/ဒလန(နိုင်)၀၆၀၁၀၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်သိန်းကျော်

တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၃)

ကုမ္ပဏီရှေ့နေနှင့် Expert အိမ်၊ ခြံ၊ မြေ၏ဥပဒေအကြံပေး

ရုံးခန်း-တိုက်အမှတ် (၃၃၉)၊ ပထမထပ်၊ ၁၅၇လမ်းနှင့်ကျိုက္ကဆံလမ်းမထောင့်၊

တာမွေဗလီ မီးပွိုင့်ထိပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၅၄၉၇၀၊

အိမ်၊ ခြံ၊ မြေကိစ္စအတွက် ဥပဒေဆိုင်ရာကိစ္စရပ်များ အခမဲ့ဆွေးနွေးနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၃၂စီ/ဂ၊ မြေကွက်အမှတ် ၂၅၊ ဧရိယာ ၀ ဒသမ ၂၇ဧကခန့်ရှိ အစိုးရမြေအား ဒေါ်နှင်းသက်အေး ၁၁/ကဖန(နိုင်)၀၃၅၅၄၃အမည်ဖြင့် မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(အထူးဂရန်) ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းအုပ်စု၊ သဲကျွန်းရပ်ကွက်နေ ဦးစော်ကဲ၊ဒေါ်မြသန်း ၉/ပမန(နိုင်)၀၂၁၁၈၃ တို့၏ မွေးစားသမီး မမာမာသက် (ခ) မမြူမြူလွင် ၉/ပမန(နိုင်)၂၁၃၁၈သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံသည့်အပြင် မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းများ၏ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ ၂၈-၁၁-၂၀၁၃ ရက်တွင် ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး နောက်နောင်တွင်၎င်းနှင့်ပတ်သက်သောကိစ္စအဝဝ အားလုံး တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးစော်ကဲ
ဒေါ်မြသန်း ၉/ပမန(နိုင်)၀၂၁၁၈၃

 လူမှုရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀(က+ခ)၊ ဖြေကွက်အမှတ် ၉၃၆၊ မြေကွက်တည်နေရာအမှတ် ၇၃၊ မာလာမြိုင် ၆ လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် ဦးကျော်သောင်းအမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးကျော်သောင်းကွယ်လွန်သဖြင့် ဒေါ်လှကြည် ၁၂/လမန(နိုင်) ၀၁၁၈၃၆က တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက် Town House၊ အခန်း၀၀၄ ကို မူလအမည်ပေါက်ပိုင်ရှင် ဦးစိုးမိုး-ဒေါ်စန်းစန်းဝင်းထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးတင်မောင်ခိုင် ၁၂/မဘန(နိုင်) ၀၁၄၀၃၀က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာအပိုင်း(၁)ရှိ ပုံစံ(B)အမျိုးအစား နှစ်ထပ်လုံးချင်းတိုက်အမှတ် ၉ကို အမည်ပေါက် ဗိုလ်မှူးကြီးကျော်ကျော်ဦး ၁၂/လသရ(နိုင်) ၀၁၉၇၂၉ ထံမှ စာချုပ်စာတမ်းများဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးအောင်လှိုင်(ခ)ရန်ကျော်နိုင် ၁၂/သဃက(ပြု)၀၀၀၀၃၇မှ ၎င်း၏အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေငှားစာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက ကြော်ငြာသည်ရက်မှ ၁၄ ရက်အတွင်းအထောက်အထားပြည့်စုံစွာဖြင့် အောက်ဖော်ပြပါရုံးသို့ တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ဒေါ်လှမြင့်
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မ/၇ရပ်ကွက်၊ သုခမလမ်း၊ အမှတ် ၅၃နေ ဦးထွန်းအောင်၏ဇနီး၊ ဦးမျိုးခင်-ဒေါ်သီသီခိုင်၊ ဦးသော်တာ-ဒေါ်သန်း သန်းဆွေ၊ ကိုနိုင်ဝင်း-မမင်းမင်းသိန်းတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၅-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၆း၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်လွင်
အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
အသက် (၆၈)နှစ်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် ဦးမြင့်လွင် အသက် (၆၈)နှစ်သည် ၁-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဘုန်းအောင်ကျော်၊ ဦးညဏ်ဝင်း၊ ဦးလှမြင့်(မင်းတုံး)၊ဦးတင်ယု(သထုံ)၊ဦးကိုကိုကြီး
တရားလွှတ်တော်ရှေ့နေများနှင့်
အထက်တန်းရှေ့နေများနှင့် အလုပ်သင်ရှေ့နေများ
၃၅လမ်း၊ အောက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
အာအေရှာဘီ(ခ)ဒေါ်သောင်းမေ
အသက်(၈၆)နှစ်

မန္တလေးမြို့၊ အရှေ့ကုန်းရိုးရပ်နေ(ဦး နွတ်-ဒေါ်မြင့်)တို့၏သမီး၊ ကန်ထရိုက်တာ (ဦးမောင်ကလေး-ဒေါ်စိန်)တို့၏ သမီးချွေးမ၊ အမှတ် ၁၀၃/၈၊ ကြေးနန်း ဗိုလ်ဝင်းနေ ဒေါ်မြင့်မြင့်စိန်(ခ)Daisy (ILBC)၊ ဦးမြင့်မောင်(အာမခံ-ငြိမ်း)- ဒေါ်တင်တင်လှ(ခ) Daphne (အထပြ-ငြိမ်း)၊ ဦးမြင့်အောင်(ဌာနခွဲစာရေးကြီး- ငြိမ်း)၊ ဒေါ်မြင့်မြင့်မေ၊ ဦးသိန်းဇော်- ဒေါ်မြူမြူစိန်၊ ဦးတင်ဦး(ဧယျာမင်းကားဂိတ်)-ဒေါ်ဖြူဖြူခင်၊ (ဦးမြင့်ထွေး)၊ ဒေါ်မြင့်မြင့်စန်း၊ ဦးမြင့်အေး (Shine Way)- ဒေါက်တာဒေါ်သက်သက်(ကထိက၊ စိတ် ပညာဌာန၊ ရတနာပုံတက္ကသိုလ်)တို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်လေး ယောက်တို့၏အဘွား၊ (ဦးကျော်ငြိမ်း)၏ ဇနီးသည် ၄-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၅၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၅-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အေးရိပ်ငြိမ် ကဘာရ်စတန်တွင် ဒဖနာပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပခုက္ကူဆရာတော်ကြီး
ဘဒ္ဒန္တကန္တောဘာသ (အနိစ္စဆရာတော်)
သက်တော်(၉၂)နှစ်၊ သိက္ခာတော် (၇၂)ဝါ

ပခုက္ကူမြို့၊ လယ်ယာရွာ၊ ခမည်းတော် (ဦးတာ)-မယ်တော် (ဒေါ်ရွှေကြံ) တို့၏ စတုတ္ထမြောက်သားရဟန်းတော်၊ ကျေးဇူးတော်ရှင်ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ကြီး ဘဒ္ဒန္တကန္တောဘာသ(အနိစ္စဆရာတော်)သည် ဗဟန်းမြို့နယ်၊ ငွေဝတ်မှုန်၊ ရွှေတောင်ကြား ၁ ရပ်ကွက်၊ ရွှေတောင်ကြားရိပ်သာလမ်း၊ အမှတ် ၇၁ (စီ)၊ ရွှေဂန္ဓဝင်ယာယီစံကျောင်းတော်၌ ၁-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၁၁း၄၀နာရီတွင် ခန္ဓာဝန်ငြိမ်းတော်မူပါသည်။ အန္တိမအဂ္ဂိဈာပနကို ၉-၁၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးလောင်တိုက်တော်၌ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးနေ ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

(စံကျောင်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီ
တပည့်ဒါယကာ၊ ဒါယိကာမများ

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က၊ လူနေရပ်ကွက် အမှတ် စ-၉၄၊ ဧရိယာ ၀ဒသမ၂၁၄ဧကရှိ နှစ် ၆၀ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးစံလင်း ၁၂/ဗဟန(နိုင်)၀၈၄၅၄၁နှင့် ဒေါ်စန်းစန်းမြင့် ၁၂/ဗဟန(နိုင်)၀၈၄၅၄၂တို့အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ၎င်းတို့ထံမှ ဦးဇော်လင်း ၁၂/ဗဟန(နိုင်)၀၇၄၈၁၄က အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၂၀၀/၂၀၁၂ကို ရယူထားပါသည်။ ဦးဇော်လင်းက ဒေါ်နီနီသန်း ၁၂/မဂဒ(နိုင်)၀၈၀၈၃၀အား အရပ်စာချုပ်ဖြင့် ရောင်းချခဲ့ပါသည်။ ဒေါ်နီနီသန်းထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများရှိပါက ကျွန်ုပ်ထံသို့အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc, D.A, R.L(စဉ်-၃၀၃၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၃၊ မြေတိုင်းရပ်ကွက်အမှတ် ၁/တိုးချဲ့၊ သာယာကုန်း (၃)ရပ်ကွက်၊ ကမ်းပတ်လမ်း၊ မြေကွက်အမှတ် ၁၄၉(က)၊ ဧရိယာ ၀ဒ၁၁မ၀၂၇ဧက၊ ပေ (၂၀×၆၀)အကျယ်အဝန်းရှိ နှစ် ၆၀ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဦးဆန်းမင်းအောင် ၇/လပတ(နိုင်)၀၀၅၀၃၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်လှလှလွင် (စဉ်-၅၇၇၃)	ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇၀၀၉)
ဒေါ်လွင်မာ (စဉ်-၈၉၀၉)	ဦးထွန်းထွန်းနိုင် (စဉ်-၃၅၃၄)
တရားလွှတ်တော်ရှေ့နေများ	ဒေါ်သန္တာမော် (စဉ်-၃၆၂၄၂)
အမှတ် ၅၅၊ ဒုတိယထပ်၊	ဒေါ်လဲ့လဲ့ဝင်း (စဉ်-၃၉၈၈၀)
အခန်း (၇)၊ မဟာဗန္ဓုလခန်းခြံလမ်း၊	ဒေါ်သဇင်အေး (စဉ်-၄၁၄၅၉)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊	အထက်တန်းရှေ့နေများ

ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ တစ်ဆင့် ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက်အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်ထင်တင်(ကွယ်လွန်) ၁၂/ဗဟန(နိုင်)၀၃၉၀၅၅(ကစ) ဦးထွန်းလှအောင် ၁၂/ဒဂန(နိုင်)၀၁၉၇၇၇ ဦးလှမင်းထွန်း ၁၂/ဗဟန(နိုင်)၀၃၇၈၃၁ ဒေါ်မေသက်ဦး ၁၂/ဗဟန(နိုင်)၀၃၉၀၄၂ ဦးလှထွန်းအောင် ၁၂/ဗဟန(နိုင်)၀၃၇၅၈၃ (မှ)	ဒေါ်ခင်မိုးဆင့် ၁၂/စခန(နိုင်)၀၄၃၆၃၇	တိုက်(၇)၊ အခန်းအမှတ် (၁၀) ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ ဗဟန်း

ဌာနမှူး အင်ဂျင်နီယာဌာန(အဆောက်အအုံ)

အထူးကျေးဇူးတင်ရှိခြင်း

၁-၁၂-၂၀၁၃ ရက်တွင်ကွယ်လွန်သွားသော အမှတ် ၁၁၊ လယ်ယာ ၇ လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်နေ ကျေးဇူးရှင် ဖခင်ကြီးဦးရွှေညွှန့် အသက်(၇၃)နှစ် နာမကျန်းဖြစ်စဉ်က အထူးဂရုတစိုက်မေတ္တာစေတနာအပြည့်ဖြင့်ကုသပေးခဲ့သော ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာနှင်းရည်မွန်နှင့် သူနာပြုဆရာမများ၊ နာရေးကိစ္စအတွင်း နေ့စဉ်တရားမင်္ဂလာများချီးမြှင့်ပေးတော်မူသော ဆရာတော်ကြီးများ၊ အစစအရာရာဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော ၁၀/မြောက် အုပ်ချုပ်ရေးမှူးဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ ရပ်မိ၊ ရပ်ဖ အဖွဲ့များ၊ ပြည်ခိုင်ဖြိုးပါတီမှမိတ်ဆွေများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မိတ်ဆွေအပေါင်းအသင်းများ၊ မွန်မြတ်စေတနာ နာရေးကူညီမှုအသင်းမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဘက်ပေါင်းစုံမှ လိုအပ်သည်များကို အစစအရာရာလုပ်ကိုင်ပေးခဲ့ပါသော အပေါင်းအသင်းမိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်မျိုးအေး
အသက်(၅၇)နှစ်

နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးသန်းလွင်ဦး၏ဇနီး၊ မသဲသာလွင်၏မိခင် ဒေါ်ခင်မျိုးအေး အသက်(၅၇)နှစ်သည် ၄-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၃၇နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဒေသကြီးမန်နေဂျာနှင့်ဝန်ထမ်းများ
မြန်မာ့စီးပွားရေးဘဏ်၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၃၃၉(ရှစ်လွှာ)ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော ရေမီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအပါအဝင်တို့ကို လက်ရောက်ပိုင်ဆိုင်သူ ဒေါ်လှလှဝင်းထံမှ ကျွန်ုပ်မိတ်ဆွေသည် ဝယ်ယူပိုင်ဆိုင်ရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ဤကြော်ငြာပါ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက အပြီးအပိုင်ငွေပေးချေလျက် တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်မြတ်စိုး (စဉ်-၇၄၆၇)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၁၊ ဌာနာလမ်း၊ အလုံ၊ ရန်ကုန်၊ ဖုန်း-၀၉-၄၆၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ ၁၉လမ်း၊ မြေကွက်အမှတ် ၉၁၄/ခဟုခေါ်တွင်သောမြေ ပေ(၂၀×၆၀)အကျယ်အဝန်းရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်အား ဦးကျော်ဝင်းအမည်ပေါက်ထံမှ မှတ်ပုံတင်သွင်း တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းဝေ ၁၂/ဥကတ(နိုင်)၀၄၈၈၇၉ ထံမှ ကျွန်မ ဒေါ်သီတာသန်းမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်သီတာသန်း ၁၂/အလန(နိုင်)၀၃၅၇၉၇**
အမှတ် ၃၄၊ ဒုတိယထပ်၊ ၁၃၈ လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်တင် (တောင်သာမြို့နယ်၊ တလိုင်းရပ်၊ ရွာသစ်)
တိုင်းပညာရေးမှူး(ငြိမ်း)
အသက်(၉၀)

ဦးရည်မွန်(ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ချယ်ရီတင်တို့၏ဖခင် ဦးမောင်တင် အသက်(၉၀)သည် ၄-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

စက်ရုံမှူးနှင့်ဝန်ထမ်းမိသားစု
အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်ဆိုင်(နတ်တလင်း)
အသက်(၈၇)နှစ်

မေမေမိသားစုနဲ့ ခွဲခွာသွားခဲ့တာ ၈-၁၂-၂၀၁၃ ရက်တွင် တစ်နှစ်ပြည့်ခဲ့ပါပြီ။ မေမေ့ ကျေးဇူးတရားများကို နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရလျက်ပါ။ ပြုပြုသမျှ ဒါနအစုစု ကုသိုလ်အစုစုကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ခင်ပွန်း-ဦးပေါစိန်(နတ်တလင်း)
သားသမီး-ဦးအေးကို-ဒေါ်ခင်ခင်ညိမ်း(နတ်တလင်း)
ဦးဝင်းဇော်-သုဓမ္မသီဂီဒေါ်စန်းရှင်(ဟသ်ာတ)
ဦးငွေလွင်-ဒေါ်အေးအေးမွန်(ပေါင်းတည်)
မြေး-မောင်အေးချမ်းဘို-မယုဝါခိုင်
မAမွန်လွင်၊ မောင်ဇင်ထက်၊ မဝသန်လွင်၊
မောင်ဘုန်းထက်ဂျွန်

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမြအေး
ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး
အသက်(၆၅)နှစ်

ဒေါက်တာခင်မာမာ[ပါမောက္ခ/ဌာနမှူး-(ငြိမ်း)စိတ်ပညာဌာန၊ မန္တလေး တက္ကသိုလ်]၏ ခင်ပွန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ရက် နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာနီလာထွေးနှင့် စိတ်ပညာမိသားစု
စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်

ကြော်ငြာ

ဦးအေးညွန့်
(ကပရ၊ စခန်းမှူး၊ ငြိမ်း)၊ ကျောက်တော်
အသက်(၆၈)နှစ်

ကျောက်တော်မြို့နေ (ဦးဖိုးညိုဦး-ဒေါ်မမယေ)တို့၏သား၊ သံတွဲမြို့နေ (ဦးထွန်းအောင်ကျော်-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၅)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၉နေ ဒေါ်တင်တင်အောင်၏ခင်ပွန်း၊ ကိုမိုးစည်သူဝင်း-မမေဇာနည်ဦး၊ ကိုဝင်းမြင့်ထွေး-မစုသန္တာထွေး၊ ကိုနေဝင်းထွဋ်-မခိုင်ဇင်နှင်းဖြူ၊ ကိုကျော်မင်းဦး-မယုသီရိအေးတို့၏ဖခင်၊ မောင်ခန့်စည်သူဟိန်း၊ မဖွန့်ယွန်းမြူ၊ မကြယ်စင်သွန်း၊ မထက်နေခြည်ကျော်တို့၏အဘိုးသည် ၆-၁၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမြအေး
ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန
အသက်(၆၅)နှစ်

ဒေါက်တာဒေါ်ခင်မာမာ(ပါမောက္ခ၊ဌာနမှူး(ငြိမ်း)၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ခင်ပွန်း ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ရက်(သောကြာနေ့)နံနက် ၁၁း၁၅နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

တာဝန်ခံပါမောက္ခချုပ်၊ ဆရာ၊ဆရာမများနှင့်ဝန်ထမ်းများ
ပခုက္ကူတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမြအေး
ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန
အသက်(၆၅)နှစ်

ဒေါက်တာဒေါ်ခင်မာမာ(ပါမောက္ခ၊ဌာနမှူး(ငြိမ်း)၊စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ခင်ပွန်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ရက် နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာ ကောင်းရာသုဂတိရောက်ပါစေ။

ဦးရဲမြင့်အောင်-ဒေါက်တာ ခင်ပြုံးဝေ
မိသားစု၊ ခေါက်ဝိုင်းမြို့

ဦးအောင်မြတ် B.E (Chemical)
အသက်(၅၂)နှစ်

မန္တလေးမြို့၊ ၂၉လမ်း၊ ဒေါင်းရိုးရပ်(ဦးမျိုးညွန့်-ဒေါ်သီသီ)တို့၏သားလတ်၊ ရန်ကုန်မြို့၊ ကမ္ဘာအေးနေ (ဦးမြင့်ဆွေ-ဒေါ်စန်းရီ)တို့၏သားသမက်၊ ဒေါ်သန်းသန်းမြတ်(ခ)မတူး [မြတ်မဏ္ဍူ၊ ယုဇန(D)ရုံ၊ ပထမထပ်၊ ဈေးချို]၏မောင်၊ မမော်မော်၊ (ကိုသိန်းထွန်း)-မမိုးမိုးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ဝါယာလက်(၃)လမ်း၊ ကမ္ဘာအေးအိမ်ရာ၊ တိုက်အမှတ် ၁၁၊ အခန်း ၁၀၂နေ ဒေါ်ခင်ဆွေဦး၏ခင်ပွန်း၊ မနှင်းမြတ်ဦး(စင်ကာပူ)၊ မောင်ရဲမြတ်ဦး(B-Tech II,Civil၊ နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)၊ မောင်ဟိဏ်းမြတ်ထူး(Grade-10,A၊ အထက-၂၊ ဗဟန်း)တို့၏ဖခင်သည် ၆-၁၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ဝါယာလက် ၃လမ်း၊ ကမ္ဘာအေးအိမ်ရာမှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်ဖုန်းမြင့်ကျော်
အသက်(၂၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၇၄-B နေ ဦးကျော်မင်း-ဒေါ်နုနုစန္ဒတို့၏သားငယ်၊ ကိုဝင်းရွှေလင်း(အဆိုတော် လင်းယံ)၊ မိုးဟေကို (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်)တို့၏မောင်ငယ်သည် ၇-၁၂-၂၀၁၃ ရက် (စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးကျော်စွာဝေဖြိုး
ကြည်း-၄၇၈၉၅၊ စစ်တက္ကသိုလ်အမှတ်စဉ်(၄၉)
(ကျောက်တံခါး)
အသက်(၂၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ စာတိုက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါက်တာခင်မောင်ဆွေ(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) - ဒေါ်စန်းစန်းအေး(ကုံတော်ဆေးခန်း)တို့၏သားကြီး၊ ဗိုလ်အောင်အောင်ဝေဖြိုး(D.S.M.A)၊ မောင်ကောင်းထက်ဝေဖြိုး၊ မောင်အာကာဝေဖြိုးတို့၏အစ်ကိုကြီး ဗိုလ်ကြီးကျော်စွာဝေဖြိုးသည် ၅-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၂၀နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၄၀နာရီတွင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
HJ ဒေါ်ချောစုမွန်
B.A (မြန်မာ)
အသက်(၄၂)နှစ်

ပျော်ဘွယ်မြို့နယ်၊ မြို့သစ်ရပ်၊ HJ ဦးဘူး-HJ ဒေါ်ခင်ဦးတို့၏သမီးချွေးမ၊ ရမည်းသင်းမြို့၊ရွှေစည်းခုံရပ်၊ HJ ဦးစိုးဝင်း-HJ ဒေါ်အေးကြည်တို့၏သမီးဦး၊ HJ ဦးကျော်မြင့်(ကြယ်သုံးလုံး စတိုးနှင့်ပွဲရုံလုပ်ငန်း)၏ဇနီး၊ မောင်သူရိန်ကျော်မြင့်၊ မောင်ဥက္ကာကျော်မြင့်၊ မစုရတနာကျော်မြင့်တို့၏မိခင်သည် ၂၉-၁၁-၂၀၁၃ရက် ညနေ၃း၁၀နာရီတွင်အလ္လာဟ်ရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၃၀-၁၁-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ဒါဖနာပြီးစီးပါကြောင်း။

လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကိုကျော်ထင်လင်း
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၂၇၆၊ လမ်း၄၀၊ ပထမထပ်(ယာ)နေ ဦးတင်အောင်-ဒေါ်ခင်လေးတို့၏သားကြီး၊ မခင်ဝင်းကြည်၊မသူဇာအောင်၊ ကိုအေးမင်း-မလှမြတ်နု(အောင်မိသားစု အထည်ဆိုင်၊ မင်္ဂလာဈေး)၊ ကိုဝင်းဇော်ထွေးတို့၏မောင် / အစ်ကိုသည် ၇-၁၂-၂၀၁၃ရက်(စနေနေ့)နံနက်၄း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ဦးနှောက်နှင့်အာရုံကြောဌာန)၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခဲကြီး (ပြင်းမူ-မြင်းခြံ-သရဝဏ်ဝါဂွမ်းနှင့်ဆီစက်)
အသက်(၁၀၁)နှစ်

မြင်းခြံမြို့၊ သရဝဏ်ပိုင် (ဦးဘိုး ကောင်း-ဒေါ်စံမေ) ရတနာလွှစက်ပိုင်တို့၏သမီးကြီး၊ (ဦးကြွက်-ဒေါ်မြ) သရဝဏ်ဆီစက်ပိုင်တို့၏ချွေးမ၊ (ဦးသိန်း)၏ဇနီးသည် ၄-၁၂-၂၀၁၃ရက် ည ၉း၁၅နာရီတွင် မြင်းခြံမြို့၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၃ရက် ညနေ ၃နာရီတွင် ဆူးဖြူကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျောင်းဒါယကာ၊ ဒါယိကာမများ
သာသနပါလမှန်ကျောင်း၊ မင်းကျောင်းတိုက်၊ မြင်းခြံမြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မမစီ(ခ)ဒေါ်စီစီ (အိမ်မဲ)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း (၁၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၂၈နေ (ဦးထွန်းအိ-ဒေါ်စိမ်းယဉ်)တို့၏သမီး၊ (ဦးအေးမောင်ကြီး၊ ယစ်မျိုးအရာရှိ၊ ငြိမ်း)၏ဇနီး၊ ဗိုလ်ကြီးမြင့်သောင်း(ငြိမ်း)-ဒေါ်အေးအေးသွင်(ထက်/ပြ၊ ငြိမ်း၊ ထ-၁၊ ရန်ကင်း)၊ ဒေါ်ခင်ခင်မူ(ထက်ပြ၊ ငြိမ်း၊ ထ-၂၊ ဒဂုံ)၊ ဒေါ်ညိုညိုမာ(လ/ထ ညွှန်မှူး၊ ငြိမ်း၊ ပစလ၊ ပညာရေး)၊ ဒေါ်အမာစီ(ကျောင်းအုပ်ကြီး၊ အလကကျွန်းကုန်းကြီး၊ကြို့ပင်ကောက်)၊ဒေါ်မြင့်မြင့်အောင်(ဦးစီးအရာရှိ၊ ဖြို့/အိုး)တို့၏မိခင်၊ ကိုဝင်းကိုကို-ဒေါက်တာနှင်းသီတာမြင့်(ကျောင်းအုပ်ကြီး၊ အထက၊ ကြို့ပင်ကောက်)၊ ဒုရဲအုပ်ထွန်းသော်တာမြင့်(ရဲတပ်ရင်း-၁၆၊စစ်ကိုင်း)၊ ဗိုလ်ကြီးထွန်းသူရိန်(လေကြောင်းရန်ကာကွယ်ရေး၊ ပဲခူးမြို့)တို့၏ အဘွားသည် ၄-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၂၀နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည် (ကျောက်ရေကန်)
အသက်(၈၉)နှစ်

ကျိုက်ထိုမြို့နယ်၊ ကျောက်ရေကန်ကျေးရွာနေ (ဦးမောင်မျှင်-ဒေါ်ငွေရင်)တို့၏သမီး၊ (ဦးဘိုးသာ-ဒေါ်ခိုင်ဖြူ)တို့၏သမီးချွေးမ၊ (ဦးလှကြည်၊ တပ်မတော်မှတ်တမ်းရုံး၊ ငြိမ်း)၏ဇနီး၊ (ဦးသိန်းအေး-ဒေါ်အေးသန်းဝင်း)၊(ဦးမြင့်စိုး)၊ ဦးတင်ဝင်းနိုင်-ဒေါ်မာမာကြည်(ခ)အိအိခိုင်တို့၏မိခင်၊ မထက်ထက်အောင်၊ မချိုသဲခိုင်၊ မောင်ကောင်းမြတ်ဖြိုး၊ မောင်အာကာဖြိုး၊ မအေးငြိမ်းသူ၊ မောင်ဝင်းမြတ်ဦးတို့၏အဘွားသည် ၇-၁၂-၂၀၁၃ရက် (စနေနေ့)နံနက် ၀၀း၄၃နာရီတွင် အမှတ် ၂၅၀၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ငွေကြည်
အသက်(၉၁)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းတန်) Ex. K.LM Airline ၏ဇနီး၊ (ဦးခင်မောင်သက်)-ဒေါ်မိမိငွေ၊ ဦးမျိုးဝင်း-ဒေါ်မေသက်မာ၊ ဦးခင်မောင်ထွေး-ဒေါ်သင်းသင်းနိုင်၊ ဦးခင်မောင်ငွေ(ခ)ကိုမောင်-ဒေါ်သန္တာတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၇-၁၂-၂၀၁၃ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၁၃ရက်(သောကြာနေ့)နံနက် ၈နာရီမှ ၁၀နာရီအထိ အမှတ် ၇၂၂(ခ)၊ ကုန်းဘောင် ၁၆လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစိုးတင့်ကျော် (ပျဉ်းမနား)
ဌာနစုမှူး(သတ္တုတွင်း)
အသက်(၆၇)နှစ်

ပျဉ်းမနားမြို့၊ သပြေလှရပ်ကွက်နေ (ဦးမှတ်ကျော် - ဒေါ်ကြည်)တို့၏သား၊ ပျဉ်းမနားမြို့၊ ဗိုလ်ချုပ်ကုန်းရပ်ကွက်နေ (ဦးထွန်းမွှင့် - ဒေါ်လှစိန်)တို့၏ သားသမက်၊ဒေါ်တင်အေး၏မောင်၊ ဦးစိုးချစ်ကျော်၊ ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကို၊ အမှတ် ၁၆၅၊ အုတ်လှိုငယ်လမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ ဦးအောင်ဇော်ထွန်း-ဒေါ်အေးအေးမင်း၊ ဦးမင်းမင်းကို-ဒေါ်ဖြူဖြူလတ်၊ ဦးလှဘုန်းဆွေ-ဒေါ်ဇာလီစိုးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်ခင်ထားမြင့်(သတ္တုတွင်း၊ငြိမ်း)၏ခင်ပွန်းသည် ၇-၁၂-၂၀၁၃ရက်(စနေနေ့)နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအား အသပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်နိုင် (ထားဝယ်)
အသက်(၈၄)နှစ်

ထားဝယ်မြို့၊ ဇရစ်ရပ်၊ ညောင်ပင်ကြီးလမ်း၊ အမှတ် ၅၁နေ ဒေါ်သန်းရီ၏ခင်ပွန်း၊ ဦးသောင်းလွင်-ဒေါ်စန်းစန်းနု(အထက-၂၊ ငြိမ်း)၊ ဦးဝင်းနိုင်-ဒေါ်ဝေဝေလွင်တို့၏ဖခင်၊မောင်ရဲသူရနိုင်၊မောင်ဟိန်းထက်နိုင်(အထက-၂၊ ထားဝယ်)တို့၏အဘိုးသည် ၇-၁၂-၂၀၁၃ရက် (စနေနေ့)နံနက် ၆း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ချိုချိုဝင်း (မော်လမြိုင်)
အသက်(၆၂)နှစ်

မော်လမြိုင်၊ ဒိုက်ဝန်ကွင်း၊ ကျိုက္ခဲရပ်နေ(ဦးမောင်ဝင်း-ဒေါ်သန်းခင်)တို့၏သမီး၊ အမှတ် ၁၆၊ ၅၂လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်ခင်သန်းဝင်း (မြန်မာ့အာမခံ၊ ငြိမ်း) - ဦးတင်ဝင်း(အကောက်ခွန်၊ ငြိမ်း)၊ ဦးခင်မောင်ဝင်း(စက်မှု-၁၊ ငြိမ်း) - ဒေါ်လှလှသန်း(စက်မှု-၁၊ ငြိမ်း)တို့၏ညီမ၊ ဒေါ်ခင်လေးနွယ်-ဦးကျော်တင့်(အကောက်ခွန်၊ ငြိမ်း)၊ ဦးမောင်မောင်ကြီး၊ ဒေါ်ခင်ထွေးမာ (မြန်မာ့အာမခံလုပ်ငန်း)တို့၏အစ်မ၊ ဒေါက်တာအေးစန္ဒာဝင်း (မအူပင် နည်းပညာတက္ကသိုလ်) - ဗိုလ်ကြီးဟန်လင်းအောင်၊ ဒေါ်ခိုင်သူဇာဝင်း၊ ဦးစိုးထွဋ်ဝင်း-ဒေါ်ဟေမာငြိမ်းအေး၊ ဒေါ်ကဥ္စနာသန့်-ဦးတင်မောင်သန်း(ZTE)၊ဗိုလ်ကြီးရဲထွဋ်ကျော်၊ မောင်တင့်လင်းအောင်(JE-Marine)တို့၏အဒေါ်၊ မောင်ဘဏ်လင်းမှူး၊ မောင်ဟိန်းထွဋ်သန့်တို့၏အဘွားလေးသည် ၆-၁၂-၂၀၁၃ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးယဉ်မျိုးဦး
အသက်(၄၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ မဟာဆွေလမ်း၊အမှတ် ၂၆၅နေ ဦးမောင်ခင်-ဒေါ်မာရီးယာတို့၏သား၊ ဦးညွန့်ရွှေ-ဒေါ်ညွန့်ရီတို့၏သမက်၊ ဒေါ်ကြည်ကြည်အေး (ထွေ/အုပ်၊ ဒဂုံမြောက်)၏ခင်ပွန်း၊ ဦးဝင်းဗိုလ် - ဒေါ်သီသီဟန်၊ ကိုနေလင်းအောင်တို့၏အစ်ကို၊ မအိသန္တာမျိုး၏ဖခင်သည် ၇-၁၂-၂၀၁၃ ရက် နံနက် ၇း၃၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၃ရက် မွန်းလွဲ၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မြိုင် (ရေစကြို)
အသက်(၈၉)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စည်ပင်သာယာရပ်ကွက်နေ (ဦးဆင့်-ဒေါ်စိုးညွန့်)၏သမီး၊ [ဦးခင်မောင်၊ လူထုပညာရေးမှူး၊ အလယ်တန်းပြ(ငြိမ်း)]၏ဇနီး၊ ဦးအောင်မြင့်သန်း(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်နုနုအေး၊ ဦးစိုးမြင့်သန်း(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်ကျင်သိန်း၊ (ဦးမျိုးမြင့်)-ဒေါ်အမာကြူ(အထက်တန်းကျောင်းအုပ်)၊ ရဲအုပ်အောင်မြင့်သိန်း - ဒေါ်နန်းအင်းခမ်း၊ ဒေါက်တာဝင်းအောင် (ဆေးရုံအုပ်ကြီး၊ ENT)-ဒေါက်တာအေးအေးသန်း၊ဦးခင်မောင်ငွေ-ဒေါ်ယဉ်ယဉ်မြင့် (မူလတန်းပြ)၊ ဦးမြင့်ကျော်-ဒေါ်ခင်ခင်ထွေး(မူလတန်းပြ)၊ ဦးကျော်ဝင်းနိုင်-ဒေါက်တာသန့်သန့်ထွေး (မုံရွာတက္ကသိုလ်)တို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၆-၁၂-၂၀၁၃ရက် (သောကြာနေ့)ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌သဂြိုဟ်ပါမည်။ (တာမွေမြို့နယ် နား၊ နှာခေါင်း၊ လည်ချောင်း၊ အထူးကုဆေးရုံကြီး နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မြိုင် (ရေစကြို)
အသက်(၈၉)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စည်ပင်သာယာရပ်ကွက်နေ (ဦးဆင့်-ဒေါ်စိုးညွန့်)၏သမီး၊[ဦးခင်မောင်၊ လူထုပညာရေးမှူး၊ အလယ်တန်းပြ(ငြိမ်း)]၏ဇနီး၊ ဒေါက်တာဝင်းအောင်(ဆေးရုံအုပ်ကြီး၊ နား၊နှာခေါင်း၊လည်ချောင်းအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့)-ဒေါက်တာအေးအေးသန်းတို့၏မိခင်၊ ဒေါက်တာမေသက်သက်ဇင်(လက်ထောက် ဆရာဝန်၊ မုံရွာဆေးရုံကြီး)၊ ကိုစိုးမိုးနိုင်(ဦးစီး၊ ထွေ/အုပ်၊ ရုံးချုပ်)-မယဉ်နွယ်ဦးတို့၏အဘွားသည် ၆-၁၂-၂၀၁၃ရက် (သောကြာနေ့)ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌သဂြိုဟ်ပါမည်။ (တာမွေမြို့နယ် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမျိုးယုသွင်
စိန်ဂျွန်းကျောင်းသားဟောင်း
Asia General Electric Co.,Ltd.
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၇လမ်း၊ အမှတ် ၇၅(သုံးလွှာ)နေ (ဦးမြသွင်၊ မြို့နယ်ဦးစီးမှူး - ဒေါ်မြကြည်)တို့၏သားထွေး၊ ထန်းမြို့နယ်နေ(ဦးလွေယာ-ဒေါ်ကြင်အေး)တို့၏ သားသမက်၊ ဒေါ်တင်ကြည်၊ဒေါ်ကြင်ကြင်ညွန့်(ပြန်/ဆက်၊ ငြိမ်း)တို့၏တူ၊သား၊ ဦးစစ်ယုသွင်၊ ဒေါ်ဝေဝေသွင်(ထ-၁၊ ဒလ)တို့၏ ညီ/မောင်၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဗဟိုရ်လမ်း၊ အမှတ် ၄၈ (ပ-ထပ်/B)နေ ဒေါ်မြင့်မြင့်ခိုင်၏ခင်ပွန်း၊ မထူးသဇ္ဇာနွယ်(G-5,D၊ထ-၂၊ စမ်းချောင်း)၊ မမျိုးသဇ္ဇာကျော် (G-1၊ သူရိန်၊ ထ-၂၊ စမ်းချောင်း)တို့၏ဖခင်သည် ၇-၁၂-၂၀၁၃ရက်(စနေနေ့)နံနက် ၃း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၁၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၁၃ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တကောဝိဒ
သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၄၅)ဝါ

မန္တလေးတောင်ခြေ၊ ဦးခန္တီကျောင်းတိုက် ပဓာနနာယက သံဃသမ္မုတ်ရ၊ အောင်မြေသာဇံမြို့နယ်၊ သံဃနာယကအဖွဲ့၊ ဒုဥက္ကဋ္ဌ၊ မန္တလေးတောင်တော်သာသနိကအဆောက်အအုံများ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခန္တီမေတ္တာအခမဲ့ နာမကူညီရေးအသင်းဦးစီးတည်ထောင်ခဲ့သော နာယကဆရာတော်သည် (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၃ရက်) ၅-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၁၁ရက်) ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်ကို အေးရိပ်ငြိမ်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး တပည့်ရဟန်းဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနမြစ်မြောက်ရေးတော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဘဏ်ဝင်း (မွှာစရိယ၊ ပါဠိပါရဂူ)
လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ စာပြင်(ငြိမ်း)
အသက်(၈၀)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ လိပ်ချောင်းကျေးရွာနေ (ဦးပြူး-ဒေါ်အုန်းစော)တို့၏သား၊ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့နယ်နေ(ဦးလွင်-ဒေါ်ကျင်)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအနောက် ၃လမ်း၊အမှတ် ၄-ခနေ ဒေါ်မြကျင်၏ခင်ပွန်း၊ ဒေါ်သီတာဝင်း(Dream City Computer)၊(ဦးထွန်းထွန်းဝင်း)၊ ဒေါ်ဇာလီဝင်း(မြန်မာ့အရှေ့တိုင်းဘဏ် M.O.B)၊ ဦးယောခ-ဒေါ်ဖြိုးသီတာစန်း၊ ဦးသီဟ(Khin Maung Nyunt Trading Co;Ltd.)-ဒေါ်မြမြထွေးတို့၏ဖခင်၊ မောင်စွမ်းထက်အောင်၏အဘိုးသည် ၆-၁၂-၂၀၁၃ရက် (သောကြာနေ့)မွန်းလွဲ ၁း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်အေးစိန်
အသက်(၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ နိမ္မိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တကုန္တက၊ တိုက်အုပ် ဘဒ္ဒန္တသြဘာသ၊ ဘဒ္ဒန္တခေမာစာရ၊ သဃ်န်းကျွန်းကြီး၊ ရေလယ်ကြာဖြူဆရာတော် ဘဒ္ဒန္တဝရသီရိတို့၏အဘွား၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ကြို့ချောင်းရွာနေ (ဦးသာဖျော်)၏ဇနီး၊ ကောက်ကွေးတန်းရွာနေ (ဦးအုန်းရွှေ)-ဒေါ်အေးရင်တို့၏ အစ်မမယ်တော်ကြီး ဒေါ်ထေရီ(ခ)ဒေါ်မြကြည်၊ (ဦးပြူး)-ဒေါ်မယ်ငို၊ ဦးစန်းဝင်း - ဒေါ်သိန်းမြင့်-(ဒေါ်အုန်းကြည်)၊ ဥက္ကံမြို့နေ ဦးတင်အေးကျော်-ဒေါ်တင်ရီ၊ ထောက်ကြန့်မြို့နေ(ဦးလှသန်း-ဒေါ်ငွေရီ)၊ ချောက်မြို့နေ တကမြင့်အုန်း-ဒေါ်ငွေကြည်တို့၏မိခင်၊ မြေး ၂၅ယောက်၊မြစ်၂၃ယောက်၊ တီနှစ်ယောက်တို့၏အဘွားသည် ၇-၁၂-၂၀၁၃ရက် (စနေနေ့)မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၃ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နိမ္မိတာရုံကျောင်းမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

နိမ္မိတာရုံကျောင်းဆရာတော်နှင့်
ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်မိုးကေခိုင်အောင်(ခ)
ဒေါ်ကေခိုင်ဦး
အသက်(၃၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊ တောင်ပေါ်ကျောင်းတိုက် ဆရာတော် ဦးဝိစာရ၏တူမ၊ စစ်ကိုင်းမြို့နေ ဦးသုစိတ္တလင်္ကာရတို့၏ရဟန်းအမ၊ လှိုင်သာယာမြို့နယ်၊(၁၃)ရပ်ကွက်၊ သခင်မြလမ်း၊ အမှတ် ၆၄နေ ဦးတင်အောင်ငွေ (တို့ခေတ် ရောင်းဝယ်ရေး)-ဒေါ်ခင်ငွေတို့၏သမီးကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဒါးကမြို့နေ (ဦးထန်ဘော)-ဒေါ်ဇီးယားတို့၏သမီးချွေးမ၊ (ဦးဝင်းထိန်)-ဒေါ်သန်းငြိမ်း၊ ဦးမောင်မောင်မြင့်-ဒေါ်သစ်သစ်လွင်၊ ဦးသန်းထွန်း-ဒေါ်တင်မာဝင်း၊ ဦးဇော်ဝင်း၊ ဦးမျိုးမင်းဇော်-ဒေါ်ယဉ်ငွေ၊ ဦးနေမျိုးနိုင်-ဒေါ်ဆွေဆွေအောင်တို့၏တူမ၊ မတင်ဇာလဲအောင်၊ ကိုကျော်သူထက်၊ ဗိုလ်ကြီးဖွဲ့ထက်အောင်(ခ)စည်သူအောင်၊ မဆုမြတ်နိုးအောင်တို့၏အစ်မ၊ ဦးယဉ်ထွေး၏ဇနီး၊ မောင်ဘဏ်လင်းလက်၏မိခင်၊ မောင်အောင်ခန့်ဇော်၏အဒေါ်သည် ၆-၁၂-၂၀၁၃ရက်(သောကြာနေ့)ည၁၀း၄၅နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၈-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြတ်ထွေး
အသက်(၈၀)

မကွေးမြို့နေ (ဦးသောင်းစိန်-ဒေါ်ပု)တို့၏သမီး၊မင်္ဂလာဒုံမြို့နယ်၊ပေါက်ကုန်းရပ်ကွက်၊ 7/104၊ မဉ္ဇူသကလမ်းနေ (ဗိုလ်မှူးကျော်ဝင်း၊ ငြိမ်း)၏ဇနီး၊မကွေးမြို့နေ ဒေါ်အေးကြည်၏ညီမ၊ ဒေါ်မြတ်သောင်း၊ ဒေါ်တင်နွယ်၊ ဦးစိုးသိန်းတို့၏အစ်မ၊ ဒေါ်နော်ထားမူ၊ (ဦးဇော်လွန်း-ဒေါ်စမ်းသီတာ)၊ (ဦးဇော်ဝင်းမောင်)-ဒေါ်စိုးစိုးဝင်း၊ ဦးစိုးဝင်းနိုင်-(ဒေါ်ဝင်းဝင်းငွေ)၊ (ဦးမင်းထွန်း-ဒေါ်စမ်းဝင်းဝင်း)၊ (ဦးသက်စံ-ဒေါ်မိုးမိုးဝင်း)တို့၏မိခင်၊မြေး ၁၁ယောက်တို့၏အဘွား၊မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၇-၁၂-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ပေါက်ကုန်းသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၁၃ရက်(သောကြာနေ့)တွင်ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဟင်နရီအေးမောင်
(CDC-6422)
Ex:A/B JOSEF ROTH SHIPPING CO., LTD
(မော်တလိန်းဂျပ်ဆင်ကျောင်းသားဟောင်း၊ မော်လမြိုင်)
နာယက(ထုံးကြီးတေလဂူနှစ်ခြင်းခရစ်ယာန်အသင်းတော်)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၂၊ ၅၆လမ်းတို၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ (Rev.TLAZARUS-ဆရာမကြီး ဒေါ်သန်းရွှေ)တို့၏ တတိယမြောက်သား၊ (ဦးစောသွား) - ဒေါ်အေးလှိုင်တို့၏သားသမက်၊ (ဆရာကြီး ဦးမိုးဇက်သန်းအောင်-ဆရာမဒေါ်ရိလာ)၊ ဆရာမကြီး ဒေါ်ရိဒါသန်းမြင့် (ကနေဒါ) - (ဆရာဦးစောလားရူး)တို့၏တူ၊ နော်အယ်ထူး၏ခင်ပွန်း၊မနိုရာနေရည်အေးမောင်၏ဖခင်၊ (ဦးဒက်ဒွက်တင်ဝင်း) - ဒေါ်အက်စတာ၊ ဒေါ်ဖလောရင့်သန်းမေ (ခ) ဒေါ်မိုးမာ-(ဦးတင်ဝင်း)၊ ဦးတီမောသေလှဝင်း-ဒေါ်နယ်လီ၊ ဦးဒဲနရယ်ချစ်ဆွေ(C/O)-နော်စနီးရာထူး၊ ဒေါ်မာဂရက်သန်းချစ်-(ဦးမောင်လှ)တို့၏အစ်ကို/မောင်၊ တူ၊ တူမ ၂၀တို့၏ဦးလေးသည် ၆-၁၂-၂၀၁၃ရက်(သောကြာနေ့) နံနက် ၃း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ဓေယျာပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၁၊ စာတည်းအဖွဲ့ ၀၁-၅၆၃၁၀၈၊ မန်နေဂျာ ၀၁-၅၆၃၁၀၁၊ စီစဉ် ၀၁-၅၆၃၁၁၁၊ ငွေစာရင်း ၀၁-၅၆၃၁၀၆၊ ဖြန့်ချိရေး ၀၁-၅၆၃၁၀၇၊ ကြော်ငြာ ၀၁-၅၆၅၈၃၆။ R/488

မြန်မာနိုင်ငံ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအပေါ် ဆက်လက်ကူညီဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဦးဆောင်ညွှန်ကြားရေးမှူး Ms.Christine Lagarde ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ဘဏ်စနစ်နှင့်ဘဏ္ဍာရေးဆိုင်ရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု၊ ငွေကြေးစနစ်မူဝါဒပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများ၊ အချိန်တိုကာလအတွင်း မြန်မာနိုင်ငံတွင် ပြောင်းလဲဖြစ်ပေါ်တိုးတက်လာသော ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအပေါ် ဆက်လက်ကူညီပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညာဏ်ထွန်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ဦးဆောင်ညွှန်ကြားရေးမှူး Ms.Christine Lagarde အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

အမေရိကန်စစ်မှုထမ်းဟောင်း နယူးမန်းအား မြောက်ကိုရီးယား အစိုးရက ပြန်လွှတ်ပေး [illegible]

မြန်မာဝါကျထဲက 'ပူးစတော့' နှင့် 'ကော်မာ' [illegible]

သင်စရိုင်ကျေးရွာမှ ဘုရားတင်ဆု ပူးမြော်သူများ စည်ကား [illegible]

ကမ္ဘာ့ဖလား စပိန်နှင့် နယ်သာလန်အုပ်စု တစ်ခုတည်း ကျရောက် စာ-၁၄

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် ဒီဇင်ဘာ ၇

ယနေ့ နံနက် ၇ နာရီ ၃၆ မိနစ် ၃၉ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၄၁၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (Andaman Islands, India Region)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ထိုင်းနှင့်မြန်မာတို့ ပြိုင်ဘက်အသင်းများကို ဂိုးပြတ်အနိုင်ရရှိ

(၂၇) ကြိမ်မြောက် အရှေ့တောင် အာရှအားကစား ပြိုင်ပွဲ အမျိုးသား ဘောလုံး ပွဲစဉ်တွင် မြန်မာအသင်း က ကမ္ဘောဒီးယားအသင်း ဘက်သို့ ဂိုးရရှိရန် ထိုးဖောက် နေမှုကို တွေ့ရစဉ်။ (သတင်း စာမျက်နှာ-၅) (ဓာတ်ပုံ ဖိုးသော်ဇင်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှုဇယား

အဆင့်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	မြန်မာ	၆	၁	၀	၇
၂	ထိုင်း	၂	၂	၁	၅
၃	ဗီယက်နမ်	၁	၁	၁	၃
၄	မလေးရှား	၁	၀	၈	၉
၅	ကမ္ဘောဒီးယား	၀	၂	၂	၄
၅	လာအို	၀	၂	၂	၄
၇	အင်ဒိုနီးရှား	၀	၁	၀	၁
၇	ဖိလစ်ပိုင်	၀	၁	၀	၁
၉	စင်ကာပူ	၀	၀	၁	၁
	ဘရူနိုင်း	၀	၀	၀	၀
	တီမောလက်စ်ထေ	၀	၀	၀	၀
	စုစုပေါင်း	၁၀	၁၀	၁၅	၃၅

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ သုံးရက်အတွင်း မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၇

ယနေ့ နံနက် ၉ နာရီခွဲအချိန် မိုးလေဝသထိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက်သုံးရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စာမျက်နှာ ၃ ကော်လံ ၅

အာဒမ်များ နှင့် နံရိုးများ

လမင်းမိုမို

Basic Engineering Course

သုခစုစ် ကုမ္ပဏီ သို့ ဆက်သွယ်ပါ။

ဆရာ ဦးအောင်ကိုကိုလတ် (B.A Korean) Y.U.F.L ဦးစီးသင်ကြားသော

KBJ KOREAN LANGUAGE CENTER

EPS-TOPIK စာမေးပွဲဖြေဆိုပြီး ကိုရီးယားသွားမည့်သူများအတွက်

EPS-TOPIK တန်းခွဲသစ်နှင့် စကားပြောတန်းခွဲများစမည်။

EPS-TOPIK တနင်္လာနေ့မှ သောကြာနေ့ထိ တစ်ပတ် (5) ရက်သင်တန်း

နေ့လည် 1 : 00 နာရီမှ 3 : 00 နာရီ တန်းခွဲ 16-12-2013 စမည်။

52(ခ), ၄ လွှာ၊ အင်းစိန်လမ်း၊ ယုဇနတန်း၊ စံရိပ်ငြိမ် ၃ လမ်း နှင့် ၄ လမ်းကြား။

PH : 09-51-66256, 09-430-97510

AC-Express Saloon Hi-Ace

09-49589762
09-40589764
09-421013999
09-421014999

ပြေကွက်ဝယ်လိုသည်

09 31268183

09 31589922

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၃၀)၊ မြေညီအလယ်ခန်း၊ ဟောင်ကောင်နှစ်လွှာ၊ (ဝမ်းဆက်)တိုက်ခန်းကို ဦးညီညီစိန် ၁၂/အစန(နိုင်)၁၅၃၆၈၀ထံမှ ကျွန်ုပ်၏အမှုသည်တစ်ဦးကဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်အပေါ် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူတစ်ဦးတစ်ယောက်မျှ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်လွင် (ADVOCATE)
B.Com(A.A) D.E.P; R.L
တရားလွှတ်တော်ရှေ့နေ (၂၈၅၉)
အမှတ်(၁၉)၊ ၁၂၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ဖုန်း-၂၉၇၈၃၀၊ ၂၉၄၇၆၄

အများသိစေရန် ကြေညာခြင်း

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၁၊ မြေကွက်အမှတ် ၈၈၆၊ မြေကွက်တည်နေရာ အမှတ်-၈၈၆၊ စိန်ပန်းမြိုင်လမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဒေါ်မြမြ CF-၀၈၈၀၂၇ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မြမြကွယ်လွန်သဖြင့် ဦးစောလွင် ၁၂/မဂတ (နိုင်)၀၂၁၈၉၂က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြောက်ဦးဆရာတော်၏ (၃၄)ကြိမ်မြောက် အထူးအလုပ်ပေးကျင့်စဉ်တရားစခန်းဖွင့်လှစ်မည်

မြောက်ဦးဆရာတော်၏ (၃၄)ကြိမ်မြောက် အထူးအလုပ်ပေးကျင့်စဉ်တရားစခန်းကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရတနာမာရ်အောင်တောရမဓမ္မရိပ်သာတွင် (၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်မှ ပြာသိုလဆန်း ၄ ရက်အထိ ၂၁-၁၂-၂၀၁၃ရက်မှ ၄-၁-၂၀၁၄ရက်အထိ ၁၅ရက်တိုင်တိုင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျင့်ကြံအားထုတ်လိုသော ယောဂီများသည် စာရင်းပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။ စာရင်းသွင်းလက်ခံမည့်ရက် ၁၀-၁၂-၂၀၁၃ရက်မှ ၁၇-၁၂-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း မှတ်ပုံတင်မူရင်းနှင့်အတူ ရိပ်သာတွင် လာရောက်စာရင်းပေးသွင်းကြပါရန်နှင့် လူဦးရေကန့်သတ်ထားပါကြောင်း သိစေအပ်ပါသည်။

ရိပ်သာပြန်ကြားရေးဖုန်း-၀၉-၄၂၁၁၄၃၂၁၀၊ ၀၉-၄၄၈၀၃၂၂၇၈

နိုင်ငံတကာစွမ်းအင်ထွန်းကားရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ကြေညာခြင်း

နိုင်ငံတကာစွမ်းအင်ထွန်းကားရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကို နိုင်ငံတော်၏ အဓိကလိုအပ်လျက်ရှိသော စွမ်းအင်ကဏ္ဍ၌ ထွန်းကားရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၉ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၄၀၀၅/၂၀၁၃-၂၀၁၄ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

ကုမ္ပဏီရုံးခန်းတည်နေရာ

အမှတ် ၂၃/၃၅၊ အခန်းအမှတ် (အေ-၇၀၂)၊ အေးရိပ်သာ၁လမ်း၊ ရွှေသံလွင်ကွန်ဒို၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကုမ္ပဏီသည် စွမ်းအင်ထွန်းကားရေးဆိုင်ရာ လုပ်ငန်းများဖြစ်သော ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ကျောက်မီးသွေးသုံးလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ တာတမံများဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် စွမ်းအင်ထွန်းကားရေးနှင့်ပတ်သက်သည် လုပ်ငန်းများဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ဖွမ်းမံခြင်းလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားကို ရေအား၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့စသည့် သင့်တော်မည်နည်းလမ်းတစ်ခုခုမှ ထုတ်လုပ်ပြီးလျှင် ဓာတ်အားဖြန့်ဖြူးရေးစနစ်အရ ဒေသတွင်း စက်မှုဇုန်၊ လူနေအိမ်၊ ဆေးရုံစာသင်ကျောင်း စသည်တို့အတွက် သင့်တော်သောဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးဆောင်ရွက်ရန် ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံများတည်ဆောက်ခြင်းခြင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုလေ့လာဆောင်ရွက်ခြင်း၊ ဓာတ်အားဆုံးရှုံးမှုအနည်းဆုံးနည်းလမ်းများဖြင့် ဓာတ်အားဖြန့်ဖြူးပေးခြင်း၊ ရေအားထုတ်လုပ်လျှပ်စစ်ရုံများတည်ဆောက်ပြီး သဘာဝရေမြေတောတောင်နှင့်ပတ်ဝန်းကျင်အား အများပြည်သူ လေ့လာအပန်းဖြေနိုင်သော Recreation Center များ ဆောင်ရွက်ရန်ရှိပါသည်။

အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သိန်း (၁၀၀၀၀၀ကျပ်) သတ်မှတ်ထားပြီး အများပြည်သူ၏ အစုရှယ်ယာများကို မကြာမီကာလအတွင်း ဥပဒေနှင့်အညီ ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

[illegible]

Ph : 01-552741/550320, 09 5060938, 09 5060940, 09 8634090, 09 73100980

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

[illegible]

ဆရာ ဦးဇော်ဟိန်း (B.A , Korean , YUFL) ၏

" ဟာနူးလ် " "하늘" 한국어 학원

ကိုရီးယား ဘာသာသီးသန့်သင်တန်းကျောင်း

[illegible]

သင်တန်းစတင်မည့်ရက် >> (23-12-2013)

Ph : 09 - 400475420, 09 - 47113848, 09-31426782

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၆၇၊ မြေကွက်တည်နေရာ အမှတ်(၄)၊ ဗိုလ်တေဇလမ်း၊ ဗိုလ်ထွန်းဇံရပ်၊ ဒေါပုံမြို့နယ်၊ ဦးမောင်လှိုင်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်လှိုင်(ဖခင်)နှင့် ဒေါ်အေးကြူ(မိခင်)တို့ကွယ်လွန်သဖြင့် ဦးသန်းအေး ၁၂/ခရန(နိုင်)၀၅၉၁၃၁က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

[illegible]

အလိုတော်ပြည့်ဘုရားပွဲ ဖိတ်ကြားလွှာ

[illegible]

အလိုတော်ပြည့်ဘုရားဂေါပကအဖွဲ့ မှတ်-ချောင်ဦးမြို့

အမည်ပြောင်း

မော်ဘီမြို့၊ (၂)ရပ်ကွက်နေ ဦးသန်းဇော် ၇/တငန(နိုင်)၀၃၂၇၅၁အား ဦးသန်းဇော်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

ဦးသန်းဇော်အောင် ၇/တငန(နိုင်)၀၃၂၇၅၁

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၃၁၉/၃၂၀ ရှိ ပေ(၂၅×၇၀) မြေကွက်နှင့် နှစ်ထပ်၊ အုတ်ညှပ်တိုက်ခံအိမ်တို့ကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါ မြေကွက်နှင့်နေအိမ်အား တရားဝင်ပိုင်ဆိုင်သူ ဦးအောင်ကြည် ၁၂/ အစန(နိုင်) ၀၂၆၁၄၄ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက် နေအိမ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) LL.B
တရားလွှတ်တော်ရှေ့နေ(၃၁၄၈/၈၅)၊ Japan Tokyo 4 years, Legal Consultant
အမှတ် ၂၂၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်
ဖုန်း-၀၉-၄၂၀၇၁၀၈၀၈၊ ၀၉-၄၂၀၇၂၆၉၉၉၊ ၀၉-၄၂၀၇၃၀၃၁၁
Email:hponemyint007@gmail.com

ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ စစ်တောင်းလမ်း၊ မြေကွက်အမှတ်-(၃၀/၃၁)၊ အကျယ်ပေ(၁၅၀×၂၂၀)ရှိ မြေနှင့်အိမ်အားဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်ဒေါ်ကေသီဦး ၁၀/မလမ(နိုင်)၁၂၂၁၈၅ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို မြေကွက်ပိုင်ဆိုင်သည် အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
အမှတ်(၂၂၂)၊ စံပါယ်လမ်း၊ (၂) ရပ်ကွက်၊ ရွှေပြည်သာမြို့။
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

တိုက်ခန်းရောင်းမည်

လမ်းမတော် ၁၅လမ်း၊ ပေ(၂၅×၄၅)၊ အရှေ့လှည့်၊ သုံးလွှာ၊ အခန်းနှစ်ခန်းပါ၊ အသင့်ပြင်ပြီး (ပွဲစားမလို)

ဖုန်း-၀၉-၄၂၀၇၇၃၀၅၆

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ဇင်ဌေးဦး ၁/မကန(နိုင်)၁၅၇၉၈၁သည် မိဘ၏သဘောတူခွင့်ပြုချက်မယူဘဲ မိမိ၏စိတ်သဘောဆန္ဒအတိုင်း ထိမ်းမြားလက်ထပ်ခြင်းကို ပြုမူဆောင်ရွက်သွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည်ကိစ္စအဝဝကိုလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်။)**

မိခင်-ဒေါ်ညိုဌေး ၁/မကန(နိုင်)၁၅၇၈၀၉
ရွက်လှမြိုင်၊ မြစ်ကြီးနားမြို့

[illegible]

[illegible]

[illegible]

မိဂဒါဝုန် မြေမြတ်ဆိုင်ရာ ဗုဒ္ဓသာသနာ ရောင်ဝါထွန်းစေဖို့ သာသနာ့မြေ လှူဒါန်းကြပါစို့

အိန္ဒိယနိုင်ငံ ၊ ဥတ္တရပြဒေသ ပြည်နယ် ၊ ဗာရာဏသီမြို့ မိဂဒါဝုန်တောရှိ သံဃာတော်များနှင့် ... [illegible] ... ဘုရားရှင်သည်လည်း ဤမြေမြတ်မဟာဌာန ... [illegible] ... လှူဒါန်းခြင်းသည် ... [illegible]

မြန်မာနိုင်ငံမှ ဦးပညာဓဇ ... MA,Ph.D(Thesis)သည် ... (၂၀၄၀၀)ကျယ်ဝန်းသော ... [illegible] ... (၁၅,၀၀၀)ကျပ်နှုန်းဖြင့် အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ကြပါသည် -

၁။ ဆရာတော် ဦးပညာဓဇ ၊ ... [illegible] ... ၊ အိန္ဒိယနိုင်ငံ။
ဖုန်း - ... [illegible] ... ၊ pannadhaza@gmail.com

[illegible]

၂။	[illegible]	[illegible]
၃။	[illegible]	[illegible]
၄။	[illegible]	[illegible]
၅။	[illegible]	[illegible]
၆။	[illegible]	[illegible]
၇။	[illegible]	[illegible]
၈။	ဒေါ်ပိုပို ၊ Mandalar Charm Travels & Tours ၊ [illegible]	[illegible]
၉။	[illegible]	[illegible]
၁၀။	[illegible]	[illegible]
၁၁။	ဒေါ်အေးအေးစိန် ၊ Air Con ... [illegible]	[illegible]
၁၂။	[illegible]	[illegible]
၁၃။	[illegible]	[illegible]
၁၄။	[illegible]	[illegible]
၁၅။	[illegible]	[illegible]
၁၆။	[illegible]	[illegible]
၁၇။	[illegible]	[illegible]
၁၈။	[illegible]	[illegible]
၁၉။	[illegible]	[illegible]
၂၀။	[illegible]	၀၉-၅၂၈၀၂၂၀

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၇၊ မြေကွက်အမှတ် ၅၄၆၊ အမည်ပေါက် ဒေါ်တင်တင်မြင့် ၁၂/အစန(နိုင်)၀၉၆၈၂၃ က မြေချပါမစ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မြေကွက်ရောင်းမည်

ဒဂုံတက္ကသိုလ်အနီး၊ ပေ (၄၀× ၆၀) (၅၉ သိန်း)၊ ပွဲစား၊ ဝယ်ရောင်း လုံးဝမလို။

ဖုန်း-၀၉-၂၅၀၃၈၉၃၁၁

လူပျောက်ကြော်ငြာ

ဒေါ်စန်းကြည် (၆၃နှစ်-ဇရာ) သည် ၁၇-၁၁-၂၀၁၃ ရက် တန်ဆောင်မုန်းလပြည့် (တနင်္ဂနွေနေ့) တွင် ဥပုသ်စောင့်ရန် ထွက်သွားပြီး ယနေ့အထိ ပြန်ရောက်လာခြင်း မရှိပါသဖြင့် တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၈၆၂၃၂၇၄၊
၀၉-၈၆၃၅၈၉၇၊
၀၉-၃၁၁၆၄၆၈၈

(၉၉)ကြိမ်မြောက်
မဟာဇေယျ အတုလမာရဇိန်ကြေးသွန်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်

- မဟာဝဋ္ဋာန်းပူဇော်ပွဲ ၁၁-၁၂-၂၀၁၃ ရက်မှ ၁၅-၁၂-၂၀၀၃ ရက်ထိ
- ၁၇-၁၂-၂၀၁၃ ရက် ညနေ ၃ နာရီတွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၁၂၉ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း
- **တရားပွဲ**

  ၁၇-၁၂-၂၀၁၃ ရက် ည ၇ နာရီတွင် လှာရတနာကျောင်း ဆရာတော် အရှင်နာရဒါဘိဝံသ တရားပွဲချီးမြှင့်ခြင်း။

  ၁၈-၁၂-၂၀၁၃ ရက် ည ၇ နာရီတွင် မဇ္ဈိမဂုဏ်ရောင် ဆရာတော် အရှင်တေဇိန္ဒတရားပွဲ ချီးမြှင့်ခြင်း။

  ၁၉-၁၂-၂၀၁၃ ရက် ည ၇ နာရီတွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသမှ တရားပွဲ ချီးမြှင့်ခြင်း။

  ဖျော်ဖြေရေးအစီအစဉ်

  ၂၀-၁၂-၂၀၁၃ ရက်တွင် မြဝတီအငြိမ့်အဖွဲ့၊

  ၂၁-၁၂-၂၀၁၃ ရက်တွင် ဂျက်စတင်းဆိုင်းအဖွဲ့

ပန်းတောင်းအထကနှင့် ညီနောင်ကျောင်းများ အာစရိယပူဇော်ပွဲ

ပန်းတောင်းအထက၏ (၂၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၉-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင်လည်းကောင်း၊ ဆင်တဲအထကနှင့် ဥသျှစ်ပင်အထကတို့၏ အာစရိယပူဇော်ပွဲများကို ၂၈-၀၂-၂၀၁၃ ရက် (စနေနေ့)တွင်လည်းကောင်း သက်ဆိုင်ရာကျောင်းများတွင် ကျင်းပမည် ဖြစ်ပါသည်။ အဆိုပါ အာစရိယပူဇော်ပွဲများသို့ လိုက်ပါကြမည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် မြို့နယ်အသင်းဝင်များသည် မိမိတို့လိုက်ပါလိုသည့် အရေအတွက်ကို ၂၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့) တွင် မင်းမွေလမ်း၊ အဘယလာဘမုနိကျောက်တော်ကြီး ဘုရားရှေ့သို့ နံနက် ၇း၃၀ နာရီအရောက် လာရောက်ကြရန် အသိပေးနှိုးဆော်ပါသည်။ ဦးစိန်မြင့် ဖုန်း-၀၉-၅၈၂၉၆၂၉၊ ဦးသိန်းဝွင် ဖုန်း-၀၉-၃၃၀၅၁၆၃၆၊ ဦးဝင်းမော်ဦး ဖုန်း-၀၉-၄၀၁၅၂၃၂၃၆၊ ဦးမောင်ဦး ဖုန်း-၈၉-၄၅၀၀၄၁၅၆၅၊ ဦးတင်သောင်း ဖုန်း-၀၉-၅၀၄၂၁၇၀ တို့ထံ ဆက်သွယ်ကြပါရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ကျောင်းကြီးစုရပ်၊ တောင်ကြီးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိန်းနီမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ရှမ်းပြည်နယ်တွင် ရုံးအဆောက်အအုံ၊ အမိုး၊ ဒိုင်း၊ ရေတံလျှောက်၊ မျက်နှာကြက်များ ပြုပြင်မွမ်းမံပြင်ဆင်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာ အသေးစိတ်အချက်အလက်များကို ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ဒုတိယညွှန်ကြားရေးမှူးထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၅၃၇၉ သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၉-၁၂-၂၀၁၃ ရက် (တနင်္လာနေ့) ၉း၃၀ နာရီ

အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၁၃-၁၂-၂၀၁၃ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၊ တောင်ကြီးမြို့

သီပွဲနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(လှိုင်ကော်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ် (လှိုင်ကော်)၏ အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Computer Table	21 Nos
(ခ)	ကုလားထိုင်(လက်တင်မပါ)	5 Nos
(ဂ)	Aluminium Ladder(14',2 Way Combination)	1 No

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၉-၁၂-၂၀၁၃ ရက်

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၆-၁၂-၂၀၁၃ ရက်၊ မွန်းလွဲ ၁၄း၀၀ နာရီ

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာ/ဖုန်းနံပါတ်တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(လှိုင်ကော်)
ဖုန်း-၀၉-၅၆၀၀၄၈၆၊ ၀၈၁-၂၁၄၇၅

သတုံမြို့နယ်အသင်း (ရန်ကုန်)
ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာခေါ်ယူခြင်း

[illegible]

ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အလက-၃၊ ပဉ္စမတန်း(က)မှ မောင်ဝေလင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၇/ဝမန(နိုင်)၀၆၀၁၁၉ ဖြစ်ပါကြောင်း။

ဦးအောင်ကျော်ဦး

ပျောက်ဆုံးကြောင်း

ကျွန်မ မယဉ်ယဉ်မာ ၁၂/မရက(နိုင်) ၁၃၈၁၀၉ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၀၆၂၁၅

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးသိန်း ၆/ရဖန(နိုင်) ၀၆၀၁၅၇ ၏ မြန်မာနိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၂၂၉၇၁

ရောင်းမည်

မျက်နှာစာ ပေ ၁၆၀×၃၃၅၊ လှည်းကူး-ပဲခူးလမ်းမကြီးမေးတင်၊ ရောင်းဈေး သိန်း ၃၇၀၀

(ပွဲစားမလို)

ဖုန်း-၀၉-၇၃၁၇၉၉၃၄၊ ၀၁-၈၆၁၉၀၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ် ၃၁၊ ယုဇနလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ဟု ခေါ်တွင်သည့် အလျား(ပေ ၁၅၀× အနံပေ ၅၀) ရှိ ဘိုးဘွားပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်အေးအေးသက် ၁၂/ဥကတ(နိုင်)၁၃၄၅၁၃ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှအေး (စဉ်-၇၁၂၄)

ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁) **ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)**
တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေ**

အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ် ၃၇၉၊ မြေကွက်တည်နေရာအမှတ် ၂၆၈၊ က-၄ လမ်း၊ မြို့သစ်(က) အင်းစိန်မြို့နယ် ဒေါ်စောတင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်စောတင်နှင့် ခင်ပွန်းဖြစ်သူ ဦးကြည်ညွှန့် ကွယ်လွန်သဖြင့် (၁) ဒေါ်အေးအေးမူ ၁၂/မရက(နိုင်) ၀၆၀၅၀၉ (၂)ဦးစံလွင် ၁၂/အစန(နိုင်) ၀၃၆၁၈၃၊(၃) ဒေါ်ဝေဝေကြီး ၁၂/အစန(နိုင်)၀၀၈၇၂၈၊ (၄)ဦးဝင်းနိုင်၁၂/အစန(နိုင်)၀၃၇၄၆၈ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/A၊ မြေကွက်အမှတ်၁၂၄၊ မြေကွက်တည်နေရာအမှတ် ၃၈၆၊ ဘုရင့်နောင်လမ်း၊ ၃၉/A ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်ခင်မွေး CA- ၀၄၀၉၉၈ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မွေးထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်၁၄၃၀/၁၂(၁၉-၃-၁၂)ဖြင့် ဦးစိုးညွှန့် ၁၂/ သဃက(နိုင်)၀၂၀၉၇၇ က ပိုင်ဆိုင်ပြီး ၂၀၁၂ ခုနှစ် အရောင်းအဝယ် မြေပုံမူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်အမည်ပြောင်း လျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၀၊ လူနေရပ်ကွက် ၁၀၊ မေတ္တာလမ်း၊ မြေကွက်အမှတ် ၈၆၈/က၊ ပေ(၆၀×၂၀)ကျယ်သော ဒေါ်ရင်မြင့် ၁၂/ဥကတ(နိုင်)၀၈၅၈၀၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အုတ်ညပ်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးတင်ကိုကို ၁၂/လသန(နိုင်)၀၁၀၀၂၁ က ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ဦးရဲလင်းအောင် ၆/မအရ(နိုင်)၁၀၁၈၄၄ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဆက်သွယ်၍ ခိုင်မာသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်လင်းထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၂၇)
အမှတ် ၈၃၊ ၁၄/A၊ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၇၂၇၆၊ ၀၉-၇၃၀၇၂၉၂၇

မြန်မာ့အလင်း

27th SEA GAMES MYANMAR 2013 NAY PYI TAW

<၂၇>ကြိမ်မြောက်
အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အထူးထုတ်

27th SEA Games Special

2013, December 8, Sunday

မြန်မာဝူရှူးအသင်း ရွှေနှစ်ခု၊ ငွေတစ်ခု ပွဲဦးထွက်ဆွတ်ခူး

ဝူရှူး(ထောက်လု) အတွဲလိုက် အတိုက်ပြိုင်ပွဲ ပထမဆုရ ကျော်ဇင်သစ်နှင့် ဝေဖြိုးအောင်(မြန်မာ)အတွဲ။ (ဓာတ်ပုံ-စိုးညွန့်)

နေပြည်တော် ဒီဇင်ဘာ ၇

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ကျင်းပရာ မြန်မာနိုင်ငံမှ ရွှေ နှစ်ခု ငွေတစ်ခုကို ဆွတ်ခူးရရှိခဲ့သည်။

ဝူရှူး(ထောက်လု)ပြိုင်ပွဲ အမျိုးသား အတွဲလိုက်အတိုက် (Duilian) ပွဲစဉ် တွင် မြန်မာမှ ကျော်ဇင်သစ်နှင့် ဝေဖြိုး အောင်အတွဲ၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာ ပူ၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ လာအိုတို့မှ အတွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အိမ်ရှင်မြန်မာမှ ကျော်ဇင်သစ်နှင့် ဝေဖြိုးအောင်တို့အတွဲက ရမှတ် ၉ ဒသမ ၆၄ မှတ်ဖြင့် ပထမ၊ ဖိလစ်ပိုင် အတွဲက ၉ ဒသမ ၆၂ ဖြင့် ဒုတိယနှင့် ထိုင်းအတွဲက ၉ ဒသမ ၆၀ မှတ်ဖြင့် တတိယရရှိကြသည်။ အတွဲလိုက် ပြိုင်ပွဲဖြစ်သည်နှင့်အညီ တစ်ဦး တစ်ယောက်ကောင်းမြင့်နေ၍ အမေး

စာမျက်နှာ ၃ အ

အားကစား
မာတိကာ

မြန်မာအမျိုးသားခြင်းလုံးအဖွဲ့ ရွှေတံဆိပ်ထပ်မံဆွတ်ခူး စာ-၂

ကနူးလှေလှော်အားကစား သမားများ ရွှေသုံးခုဆွတ်ခူး နိုင်ရန် မျှော်လင့် စာ-၂

ဆီးဂိမ်းပြိုင်ပွဲ၌ အောင်မြင်မှုရ မြန်မာအသင်းကြိုးပမ်းမှု ဂုဏ်ပြု စာ-၃

အလေးမနှင့် ကာယဗလ ပြိုင်ပွဲဝင် အားကစားသမား များအား မိုးစက်ဝိုင်နှင့် အလှမယ်များ ဂုဏ်ပြု စာ-၃

မြန်မာပန်ကြပ်ဆီလတ်အသင်း ဒီဇင်ဘာ ၉ ရက် ပြိုင်ပွဲအတွက် အဆင်သင့်ဖြစ်နေ

နေပြည်တော် ဒီဇင်ဘာ ၇

ဒီဇင်ဘာ ၉ ရက်၌ စတင် ယှဉ်ပြိုင်တော့မည့် ဆီးဂိမ်း၏ ပန်ကြပ် ဆီလတ်အားကစားပြိုင်ပွဲအတွက် မြန်မာအသင်း က ရွှေတံဆိပ်လေးဆုရရှိရန် မျှော်မှန်းထားပြီး ပြိုင်ပွဲ မစခင်အချိန်အတွင်း အခြားယှဉ်ပြိုင် ဘက်အသင်းများ၏ စောင့်ကြည့်ရ မည့် အသင်းတစ်ခုဖြစ်နေကြောင်း သိရသည်။ ပန်ကြပ်ဆီလတ်အားကစား နည်းမှာ မြန်မာတို့၏သိုင်းပညာနှင့် အ နည်း ငယ် ဆင်တူသဖြင့် သိုင်းကစား သမားများအား ပြန်လည် လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပြီး ယခု ကျင်းပမည့်ဆီးဂိမ်း၌ အတိုက် နှင့်အမြ ကစားနည်းနှစ်မျိုးပေါင်း ပြိုင်ပွဲအတန်း ၁၅ ခုရှိကာ တစ်နိုင်ငံ လျှင် ၁၂ တန်းအထိ ယှဉ်ပြိုင်နိုင်က ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလကတည်း က ကြိုတင်လေ့ကျင့်မှုများ ပြုလုပ် ထားခဲ့ခြင်းဖြစ်သည်။

ပန်ကြပ်ဆီလတ်ပြိုင်ပွဲများကို ဒီဇင်ဘာ၉ရက်၌စတင်ရန် ဇေယျာ သီရိ အားကစားရုံ(B)တွင် ကျင်းပ မြန်မာ၊ အင်ဒိုနီးရှား၊ မလေး စင်ကာပူ၊ ထိုင်း၊ ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံ တို့က ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း ပန်ကြပ်ဆီလတ် အားကစားနည်းပြ ဦးဇော်ဝင်း က ပြောကြားသည်။ "မြန်မာ အသင်းအပေါ် ကျေနပ်အားရမှု ရှိပါတယ်။ ဒိုင်လူကြီးတစ်ဦးရဲ့ အမြင်နဲ့ပြောရရင် ပြိုင်ပွဲဝင်တဲ့ နှစ်တိုအတွင်းမှာ တိုးတက်မှုက အားရစရာဖြစ်ပါတယ်"ဟု ဖိလစ်ပိုင် နိုင်ငံသား ဒိုင်အဖြစ်ဆောင်ရွက်မည့် ALISXIUS MARTIN ø PATANO က ပြောကြားသည်။

"ကစားသက်ကနုပေမယ့် ကျွန်တော်တို့ နိုင်ငံ ပြင်ပပွဲတွေသွားယှဉ်ပြိုင်တဲ့အခါ အခြားအသင်း တွေရဲ့ ချီးကျူးမှုကိုရခဲ့ပါတယ်။ အတိုက်ပြိုင်ပွဲတွေကို ယခင်က ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ခဲ့ဖူးပေမယ့် အပြ ပြိုင်ပွဲကတော့ အခုမှစပြီးယှဉ်ပြိုင်ရမှာမို့ စိတ်လှုပ် ရှားမိပါတယ်။ ကျွန်တော်တို့ အတိုက်အတွက် ရွှေနှစ်ခုနဲ့ အပြအတွက် ရွှေနှစ်ခုမျှော်မှန်းထားပါ တယ်" ဟု ပန်ကြပ်ဆီလတ်အားကစားသမား ကိုရဲမောင်မောင်က ပြောကြားသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီး အတွင်း မြန်မာနိုင်ငံအတွက်ရွှေတံဆိပ်များ ရရှိရန် သေချာသလောက်ဖြစ်နေသည့် အားကစားနည်းတစ်မျိုးဖြစ်ကြောင်း ပန်ကြပ်ဆီ လတ်ပြိုင်ပွဲအတွင်း ယှဉ်ပြိုင်ရန် မည်သို့ဖြစ်ကာ လေ့ကျင့်မှု များ ပြုလုပ်နေသည် ကမ္ဘော ဒီးယားနိုင်ငံ သား ကစားသမားတစ်ဦး က ယခုကဲ့သို့ပြောကြားသည်။

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-သူရ(တောင်ငူ)

နေပြည်တော်တွင် လမ်းလွှဲမောင်းနှင်ကြရမည့် အချိန်နှင့် လမ်းကြောင်းများထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲမတိုင်မီနှင့် ပိတ်ပွဲပြီးဆုံးသည်အထိ နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)နှင့် (မြို့တွင်း)ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ မော်တော်ယာဉ်များ လမ်းလွှဲအသုံးပြုနိုင်ရန် အချိန်နှင့်လမ်းကြောင်းများကို နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)မှ သတိပေးကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပြည်မြို့သို့ပြေးဆွဲသည့် မော်တော်ယာဉ်များသည် နေပြည်တော် မြို့မဈေးမှ ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း သပြေကုန်းအဝိုင်းသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ရာဇသင်္ဂဟလမ်းအတိုင်း ကံ့ကော်ပန်းအဝိုင်း(စီ-လမ်းဆုံမှတစ်ဆင့်) အမြန်လမ်းပေါ်သို့လည်းကောင်း၊ ပျဉ်းမနား-တောင်ညိုပြေးဆွဲသည့် မော်တော်ယာဉ်များသည် မြို့မဈေးမှ ပျဉ်းမနား-တောင်ညိုလမ်းသို့သွားပြီး ဉာဏအောင်မြေလမ်းအတိုင်း ဒေဝအဝိုင်း၊ ထိုမှတစ်ဆင့် မဏိစန္ဒာလမ်းအတိုင်း နေပြည်တော်မြို့ပတ်လမ်းမှ တောင်ညိုသို့ ဒီဇင်ဘာ ၆ ရက်တွင် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်တွင် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိလည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် နံနက် ၆ နာရီမှ ည ၁၁နာရီအထိနှင့် ဒီဇင်ဘာ ၂၂ ရက်တွင် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ အသွား/အပြန် မောင်းနှင်ကြရမည်ဖြစ်ကြောင်း သိရှိရသည်။

လပြည့်ဝန်း

မြန်မာအမျိုးသားခြင်းလုံးအဖွဲ့ ရွှေတံဆိပ်ထ

နေပြည်တော် ဒီဇင်ဘာ ၇

ဆီးဂိမ်း မြန်မာအိမ်ရှင်က ခြင်းလုံးအားကစားဖြင့် ရွှေတံဆိပ်ဆုများ တပ်မံဆွတ်ခူးလိုက်ပြန်ပြီဖြစ်သည်။

မြန်မာအမျိုးသားခြင်းလုံးအဖွဲ့သည် ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသော Non-Repetition ခြင်းလုံးပြိုင်ပွဲတွင် ပြိုင်ဘက် ကမ္ဘောဒီးယားခြင်းလုံးအဖွဲ့နှင့် အကြိတ်အနယ်ကစားပြီး ရွှေတံဆိပ်ဆုကို ထိုထိုက်တန်တန် ဆွတ်ခူးသွားသည်။

ပထမအကျော့ Set 1ကို မြန်မာခြင်းလုံးအဖွဲ့က ၁၂၂ မှတ်ဖြင့် ဦးဆောင်ကစားခဲ့သည်။ ထိုအချိန်တွင် ကမ္ဘောဒီးယားက ၉၁ မှတ်သာရသည်။ Set2 ပြိုင်ပွဲတွင် မြန်မာက ၁၁၉ မှတ်၊ ကမ္ဘောဒီးယားက ရမှတ် ၁၀၀ ရခဲ့သည်။ တတိယအကျော့ Set3 ပြိုင်ပွဲတွင် မြန်မာခြင်းလုံးအဖွဲ့ကနည်းစနစ်အားသာမှုဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ မြန်မာက နောက်ဆုံးပြိုင်ပွဲတွင် ရမှတ် ၁၁၈ မှတ်ရပြီး ကမ္ဘောဒီးယားက ရမှတ် ၁၀၀ ပင်ရသည်။ ကမ္ဘောဒီးယားအမျိုးသားခြင်းလုံးအဖွဲ့သည် မြန်မာကို မကျော်နိုင်သော်ထည်း အလွန်ကြိုးစားသည် အလားအလာအကောင်းဆုံးအသင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ နည်းဖြချုပ် ဦးဖြင့်တိုးက ပြောသည်။

ခြင်းလုံးပြိုင်ပွဲ တစ်ပွဲသည် အမှတ်တစ်မှတ်ရရှိရန် မလွယ်ပေ။ ပါဝင်ကစားသော ကစားသမား ခြောက်ဦးက ခြေဖျား၊ ခြေခွင်၊ ရေ့ဒူး၊ ဘေးဖဝါး၊ ဘေးဖနောင့်၊ ဘေးဖမျက်ဆိုသည့်အချက်ခြောက်ခုကို တစ်မျိုးစီ ခတ်ပြနိုင်ပါမှ အမှတ်တစ်မှတ်ရသည်။ မြန်မာအမျိုးသားခြင်းလုံးအဖွဲ့သည် ပြိုင်ပွဲတွင် ကျခြင်းမရှိဘဲ ကစားနိုင်သည်ကို တွေ့ရသည်။ ကမ္ဘောဒီးယားအသင်းသည်

မြန်မာအမျိုးသမီးခြင်းလုံး အားမာန်ဝံ့၍ ဒုတိယမြောက်ရွှေယူ

သတင်း - မြင့်မောင်စိုး

ဓာတ်ပုံ - ကျော်သူဝင်း(မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၇

ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအမျိုးသမီးခြင်းလုံးအဖွဲ့သည် ဒီဇင်ဘာ ၇ ရက်က ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ကျင်းပသော Non-Repetition ပြိုင်ပွဲ ဗိုလ်လုပွဲတွင် လာအိုအမျိုးသမီးအသင်းနှင့်အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး အမျိုးသမီးခြင်းလုံးအဖွဲ့က ဒုတိယမြောက် ရွှေတံဆိပ်ဆုဆွတ်ခူးရရှိသွားခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ပတမ Set 1 ၁၀ မိနစ်ပြိုင်ပွဲတွင်ပင် လာအို အမျိုးသမီးအသင်းကို ဦးဆောင်ကစားနိုင်ခဲ့သည်။ Set 1 တွင် မြန်မာက ၉၃ မှတ်ရရှိထားရှိချိန် လာအိုက ၆၂ မှတ်သာရခဲ့သည်။ ဒုတိယအကျော့ Set 2 တွင်လည်း မြန်မာက ရမှတ် ၉၀ ကျော်ဖြင့် လာအို အမျိုးသမီးအသင်းကို ဦးဆောင်ခဲ့ပြန်သည်။ Set 2 တွင် မြန်မာက ၉၇ မှတ် ရရှိတားချိန် လာအိုက ၆၈ မှတ်သာရခဲ့သည်။

နောက်ဆုံးအကျော့ ၁၀ မိနစ်ပြိုင်ပွဲ Set -3တွင် မြန်မာက အသာမပေးဘဲ ၉၅ မှတ်ဖြင့် အနိုင်ယူခဲ့သည်။ ထိုအချိန်တွင် လာအိုက ၇၄ မှတ်သာရခဲ့သည်။

ပြိုင်ပွဲသုံးပွဲစလုံးကို ကြည့်လျှင် မြန်မာအမျိုးသမီးခြင်းလုံးအဖွဲ့သည် နည်းစနစ်ပိုင်းအသာရယူပြီး တစ်ပွဲရမှတ် ၉၀ ကျော်စီဖြင့် အနိုင်ယူခဲ့သည်။ လာအိုအမျိုးသမီးအသင်းသည် တဖြည်းဖြည်းအရည်အသွေးတက်လာသည်ကိုတွေ့ရသည်။ မြန်မာအမျိုးသမီးတက် နည်းစနစ်ပိုင်းအနည်းငယ်လိုအပ်နေသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲမှာ အသက်အရွယ် အနည်းငယ်ကြီးသူတွေပါပေမယ့်သူတို့က တကယ့်ကျွမ်းကျင်တဲ့ ခြင်းလုံးကစားသမားတွေပါ။ နှစ်ပေါင်းများစွာ ကစားလာတဲ့ အတွေ့အကြုံရှိပါတယ်။ ကစားသမားတွေကို ဆယ်လကြာ Camp သွင်းပြီး ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်" ဟု အောင်နိုင်ရေးတာဝန်ခံလည်းဖြစ် နည်းပြချုပ်လည်းဖြစ်သည် ဦးမြင့်ထိုးက ပြောသည်။

"ကျွန်မရဲ့ ခြင်းလုံးကစားတဲ့သက်တမ်းက ၃၇ နှစ်ရှိသွားပါပြီ။ ကျွန်မအသက် ၁၁ နှစ်သမီးကတည်းက ကစားခဲ့တာပါ"ဟု မြန်မာအမျိုးသမီး ခြင်းလုံးအားကစားမယ်တစ်ဦးဖြစ်သည် မခင်ချောစုကပြောသည်။

ခြင်းလုံးကစားရာ၌ ပြိုင်ပွဲတစ်ခုတွင် အမျိုးသမီးခြောက်ဦးစီ ပါဝင်သည်။ ပါဝင်သည့်အမျိုးသမီးကစားသမားခြောက်ဦးစလုံး အနည်းဆုံး တစ်ချက်တိအောင် ခတ်နိုင်ပါမှ တစ်မှတ်ရသည်။ ခတ်ရာတွင်လည်း ခြေဖျား၊ ခြေခွင်၊ ရေ့ဒူး၊ ဘေးဖဝါး၊ ဘေးဖနောင့်နှင့် ဘေးဖမျက်ဆိုသည့်အချက် ခြောက်ချက်ဖြင့်ပါဝင်အောင် ခတ်ကြရသည်။ အချက် ခြောက်ချက်နှင့်လည်းညီ လူခြောက်ဦးလည်း ပြည့်အောင်ခထ်နိုင်ပါမှ ရမှတ်တစ်မှတ်သာရကြောင်း သိရသည်။

မြန်မာအမျိုးသမီးခြင်းလုံးအဖွဲ့တွင် နည်းပြဒေါ်ဆွေဆွေမာ၊ ကစားသမားများအဖြစ် အေးအေးသန်း၊ ဖြူဖြူဝင်း၊ တင်တင်လင်း၊ စန်းစန်းမော်၊ သူဇာအောင်၊ ခင်ချောစု၊ စုစုဝင်းနှင့် အေးအေးလှထို့ ပါဝင်သည်။

မြန်မာအမျိုးသမီးခြင်းလုံးအဖွဲ့သည် ဖွင့်ပွဲနေ့က အခြေခံအဆင့်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ် ခူးနိုင်ခဲ့၍ ယခုဆွတ်ခူးသောဆုမှာ ဒုတိယမြောက်ဖြစ်သည်။

ဆီးဂိမ်း ခြင်းလုံးပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပြင် ကမ္ဘောဒီးယား၊ မလေးရှား၊ ထိုင်း၊ လာအိုနိုင်ငံတို့မှ ကစားသမားများပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ခြင်းလုံးအားကစားနည်းတွင် ရွှေတံဆိပ်ဆု ရစ်ဆုပေးမည်ဖြစ်သော်လည်း ပြိုင်ပွဲစည်းကမ်းအရ တစ်နိုင်ငံလျှင် အမျိုးသားသုံးမျိုးနှင့် အမျိုးသမီးသုံးမျိုးသာ ယှဉ်ပြိုင်ခွင့်ရှိသည်။ ယခု မြန်မာအမျိုးသမီးအဖွဲ့သည် ရွှေနှစ်ခု ဆွတ်ခူးပေးနိုင်ခဲ့ပြီဖြစ်သည်။ အဆင့်မြင့်ပြိုင်ပွဲတွင် တတိယမြောက် ရွှေယူရန် ပြင်ဆင်လျက်ရှိသည်။

ကနူးလှေလှော်အားကစားသမားများ ရွှေသုံးခုဆွတ်ခူးနိုင်ရန်မျှော်လင့်

သတင်း - ခင်ရတနာ

ဓာတ်ပုံ - သူရ(တောင်ငူ)

နေပြည်တော် ဒီဇင်ဘာ ၇

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲအတွင်း ပေးအပ်မည့် ရွှေတံဆိပ်ခြောက်ခုအနက် သုံးခု အထိရရှိနိုင်ရေးအတွက် ကနူးလှေလှော် အားကစားသမားများ ယုံကြည်မှုရရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ နည်းပြအဖွဲ့က လည်း နည်းစနစ်ပိုင်း ပိုမိုကောင်းမွန်အောင် နှစ်နှစ်အချိန်ယူလေ့ကျင့်တားပါတယ်။ ကျိန်းသေပေါက် ရွှေဆုကို နှစ်ခုကနေ သုံးခုရနိုင်ဖို့ အဆင်သင့်ရှိနေပြီ ဖြစ်ပါတယ်။ နာမည်ကြီး အင်ဒိုနီးရှားကနူးလှေလှော်အသင်းကို အနိုင်ယူမယ်" ဟု ကနူးလှေလှော် အားကစားနည်းပြကိုသူရဟန်က ပြောကြားသည်။

ကနူးလှေလှော်အားကစားကို ရွှေခြောက်ခုခန့် ပေးအပ်သွားမည်ဖြစ်ကာ တစ်ဦးချင်းပြိုင်ပွဲနှင့် အဖွဲ့လိုက်ပြိုင်ပွဲဟူ၍ရှိပြီး မီတာ ၂၀၀ နှင့် မီတာ ၁၀၀၀ ပြိုင်ပွဲများတွင် ရွှေရရှိမည်ဟု ခန့်မှန်းတားကြောင်း သိရသည်။

ကနူးလှေလှော်ပြိုင်ပွဲသို့ မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှားအသင်းတို့ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၀ ရက် နံနက်တွင် ငလိုက်ဆည်ရှိ ကနူးလှေလှော်ပြိုင်ပွဲကျင်းပရာနေရာ၌ ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာကနူး လှေလှော်ကစားသမားများမှာ ဝင်းထိုက်၊ မောင်မောင်၊ စိုင်းမင်းဝေ၊ ရဲအောင်စိုး၊ သန့်စင်ဦး၊ စောဘထူး၊ မြင့်အောင်တို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ရွှေသုံးခုအတိရရှိနိုင်ရေး အပြင်းအတန်လေ့ကျင့်လျက်ရှိကြောင်း ၂၀၀၃ ခုနှစ် ဗီယက်နမ်ဆီးဂိမ်း၌ ရွှေတစ်ခု၊ ငွေနှစ်ခု စထင်ရယူပေးခဲ့ပြီး ယခုအကြိမ်အထိ ရွှေဆုများ ဆွတ်ခူးပေးခဲ့သူ ကနူးလှေလှော်အားကစားသမားကိုဝင်းတိုက်က ပြောကြားသည်။

ဆုကြေးငွေများကို အားကစားဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးကျော်ဦး ပေးအပ်ချီးမြှင့်စဉ်။

မြန်မာအသင်းကြီး

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် ကြူးပမ်းလျက်ရှိ အနေဖြင့်လည်း ပံ့ပိုးမှုများ ပြုလုပ်ပေးလျက်

အားကစားဝန်ကြီးဌာန ပြည်ထောင်စု ပြိုင်ပွဲတွင် ရွှေထစ်ခုလျှင် ငွေကျပ် ခုနစ်သိ ငါးသိန်း၊ ကြေးထစ်ခုလျှင် ငွေကျပ်သုံးသိန်းစီ အဆိုပါ ဆုကြေးငွေများကို အားကစားဝန် (မြန်မာအားကစားအဖွဲ့ အဖွဲ့ခေါင်းဆောင်)

ဲဆိပ်ထပ်ပံဆွတ်ခူး

သတင်း - မောင်ရွှေရိုး
ဓာတ်ပုံ - ကျော်သူဝင်း

ခြင်းလုံးကို အမြင့်ခတ်နေသဖြင့် အချိန် ၁၀ မိနစ်ဆိုသည့်အတိုင်း အတာအတွင်း ရမှတ်မှာ မြန်မာကို လိုက်မမီဘဲ ဖြစ်ခဲ့ရသည်။ တစ်ပွဲလျှင် ၁၀ မိနစ်စီ သုံးကြိမ်ကစားရသည်။ ရသည့်ရမှတ်သုံးခုကို ပေါင်းသည်။ အမှတ်အများဆုံးရသည့် အသင်းသည် အနိုင်ရသည့်အသင်းဖြစ်သည်။ နှစ်သင်းစလုံးတစ်သင်းလျှင် ခြောက်ယောက်စီတစ်ပြိုင်တည်းကစားခြင်းဖြစ်သည်။

မြန်မာခြင်းလုံးတွင် အဓိက ကစားသမားများအဖြစ် အောင်နိုင်ဖြိုး၊ စန်းလွင်ဦး၊ မျိုးဇော်ဦး၊ မျိုးမင်းသူ၊ ကျော်စိုးမိုး၊ အောင်နိုင်မိုး၊ အောင်မျိုးမြင့်နှင့်အောင်မြတ်လင်းတို့ ပါဝင်ကစားခဲ့ကြသည်။ အမျိုးသားခြင်းလုံး Non- Repetition ပြိုင်ပွဲတွင် မြန်မာက ပထမရွှေတံဆိပ်၊ ကမ္ဘောဒီးယားက ဒုတိယ ငွေတံဆိပ်ရပြီး မလေးရှားနှင့် လာအိုက ပူးတွဲကြေးတံဆိပ် ဆွတ်ခူးရရှိသွားခဲ့သည်။

မြန်မာအမျိုးသားခြင်းလုံးအဖွဲ့သည် အဖွင့်ပွဲနေ့တွင် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ပြီးဖြစ်၍ ဒုတိယမြောက် ရွှေတံဆိပ်ဆု ထပ်မံဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ယနေ့ပြိုင်ပွဲများတွင် အဆင့်မြင့်အုပ်စုပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

« ရှေ့ဖုံးမှ

အယူမှုပြီး ညီညွတ်သည်အဖွဲ့က အနိုင်ရရှိခြင်းဖြစ်သည်။

ဝူရှုးထောက်လုပြိုင်ပွဲ အမျိုးသား ချန်းချွမ်းပွဲစဉ်တွင် မြန်မာနိုင်ငံမှ အောင်စည်သူ၊ သူရစိုးတို့နှစ်ဦးပါဝင်ယှဉ်ပြိုင်ပြီး စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားတို့မှ နှစ်ဦးစီ၊ ထိုင်း၊ ဘရူနိုင်း၊ ဖိလစ်ပိုင်တို့မှ တစ်ဦးစီဝင်ရောက်ယှဉ်ပြိုင်ကြရာ အိမ်ရှင်မြန်မာမှ အောင်စည်သူက ရမှတ် ၉ ဒသမ ၇၀ မှတ်ဖြင့် ပထမ၊ အင်ဒိုနီးရှားမှ Achmad Hulaefi က ရမှတ် ၉ ဒသမ ၆၉ မှတ်ဖြင့် ဒုတိယ၊ ဗီယက်နမ်မှ Xuan Hiep Tran က ရမှတ် ၉ ဒသမ ၆၈ မှတ်ဖြင့် တတိယ ရရှိသည်။ အောင်စည်သူမှာ ဆုတံဆိပ်များစွာရရှိထားသည့် အတွေ့အကြုံရှိ ကစားသမားဖြစ်သည့်အတွက် အမှားအယွင်းမရှိ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဝူရှုးထောက်လုပြိုင်ပွဲ အမျိုးသမီးချန်းစုပွဲစဉ်တွင် မြန်မာနိုင်ငံမှ စန္ဒီဦး၊ မြတ်သက်စုဝေဖြိုးနှင့် မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့မှ ပါဝင်ယှဉ်ပြိုင်ကြရာ ဗီယက်နမ်နိုင်ငံမှ Thuy Vi Duong က ရမှတ် ၉ ဒသမ ၇၀ မှတ်ဖြင့် ပထမ၊ မြန်မာနိုင်ငံမှ စန္ဒီဦးက ရမှတ် ၉ ဒသမ ၆၉ မှတ်ဖြင့် ဒုတိယ၊ မလေးရှားမှ Eyin Phoon က ရမှတ် ၉ ဒသမ ၄၆ မှတ်ဖြင့် တတိယ ရရှိကြသည်။ ဗီယက်နမ်မှ ကစားသမားက စန္ဒီဦးထက် ပိုမိုကောင်းမွန်ခဲ့သဖြင့် စန္ဒီဦးမှာ ဒုတိယ ငွေတံဆိပ်သာ ရရှိခဲ့ခြင်းဖြစ်သည်။

ဝူရှုးထောက်လုပြိုင်ပွဲ အမျိုးသမီးနန်ချမ်ပွဲစဉ်တွင် မြန်မာနိုင်ငံမှ အိမ့်မိမိ၊ အေးသစ္စာမြင့်၊ မလေးရှားနှင့်အင်ဒိုနီးရှားတို့မှ နှစ်ဦးစီ၊ ဗီယက်နမ်နှင့် စင်ကာပူတို့မှ တစ်ဦးစီ ယှဉ်ပြိုင်ကြရာ မလေးရှားမှ Diana Bong Siong Lin က ရမှတ် ၉ ဒသမ ၇၀ မှတ်ဖြင့် ပထမ၊ ဗီယက်နမ်မှ Minh Phuong Bui က ရမှတ် ၉ ဒသမ ၆၈ မှတ်ဖြင့် ဒုတိယနှင့် မလေးရှားမှ Cheau Xuen Tai က ရမှတ် ၉ ဒသမ ၆၇ မှတ်ဖြင့် တတိယရရှိကြသည်။ မြန်မာကစားသမားနှစ်ဦးစလုံးမှာ ယှဉ်ပြိုင်ရာတွင် လိုအပ်ချက်များကြောင့် ဆုတံဆိပ်နှင့်လွဲချော်ခဲ့သည်။

ဝူရှုးထောက်လုပြိုင်ပွဲ အမျိုးသား ထိုက်ကျိကျွမ်၊ အမျိုးသမီး ထိုက်ကျိကျွမ်ပွဲစဉ်များ ယှဉ်ပြိုင်ခဲ့ပြီး နှစ်ရက်ပေါင်းယှဉ်ပြိုင်ပြီးမှ ဆုတံဆိပ်များပေါ်ထွက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ငြိမ်းချမ်းကိုကိုနှင့် ဝေမာထွန်းသိမ်းတို့ အကောင်းဆုံးပါဝင်ယှဉ်ပြိုင်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

အလေးမနှင့် ကာယဗလပြိုင်ပွဲဝင် အားကစားသမားများအား မိုးစက်ဝိုင်နှင့် အလှမယ်များ ဂုဏ်ပြု

နေပြည်တော် ဒီဇင်ဘာ ၇

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွင်း မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ကြမည် ကာယဗလနှင့် အလေးမအားကစားသမားများ အားလုံးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီကို Miss Universe Myanmar မိုးစက်ဝိုင် အပါအဝင် Miss Universe Myanmar Organization မှအလှမယ်များက ပေးအပ်ချီးမြှင့် ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးစက်တို့ တတ်နိုင်တဲ့ဘက်က ပံ့ပိုးပေးတာဖြစ်ပါတယ်။ ဖြစ်နိုင်ရင် မြန်မာအားကစားသမားတွေအားလုံးကို ချီးကျူးဂုဏ်ပြုချင်တာပါ။ သို့သော်လည်း မိုးစက်တို့ တတ်နိုင်တဲ့ အတိုင်းအတာနဲ့ဆိုတော့ ကာယဗလနဲ့ အလေးမအားကစားသမားတွေကိုပဲ ဂုဏ်ပြုခွင့်ရခဲ့တယ်။ မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိတဲ့အတွက် ဂုဏ်ယူပါတယ်။ ခြင်းလုံးပွဲတွေနဲ့ ဝါတာပိုလိုအားကစားပွဲစဉ်တွေ ကြည့်ဖြစ်ပါတယ်။ အနိုင်အရှုံးအတွက်ဆိုတာထက် အာဆီယံနိုင်ငံတွေ စုစုစည်းစည်းနဲ့ ယှဉ်ပြိုင်ခွင့်ရတာ ဝမ်းသာစရာဖြစ်ပါတယ်။ ဒီနေ့ကျင်းပမယ့် အမျိုးသားဘောလုံးပွဲကိုလည်း အားပေးမှာဖြစ်ပါတယ်။ မိုးစက်တို့လည်း ဆီးဂိမ်းလုံ့ဆော်ရေးတွေမှာ ဆက်တိုက်ပါဝင်လုပ်အားပေးနေပါတယ်" ဟု Miss Universe Myanmar အလှမယ်မိုးစက်ဝိုင်က ပြောကြားသည်။

မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည့်အလေးမနှင့် ကာယဗလ အားကစားသမား စုစုပေါင်း ၂၄ ဦးခန့်ရှိပြီး တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းကို Miss Universe Myanmar Organization က ပေးအပ်မည်ဖြစ်ပြီး Miss Universe Myanmar ပြိုင်ပွဲအတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အလှမယ်များနှင့် မိတ်ဆွေသူငယ်ချင်းများက စုပေါင်းပေးအပ်ခြင်းဖြစ်သည်။

ခင်ရတနာ

မန္တလာသီရိအဆင့်မြင့်အားကစားကွင်း တောင်ဘက်ခြမ်းရှိ Social Zone ဖွင့်

မန္တလေး ဒီဇင်ဘာ ၇

27 th SEA GAMES MYANMAR 2013 (Mandalay), Social Zone ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်းတောင်ဘက်ခြမ်းရှိ အဆိုပါ Social Zone ရှေ့မျက်နှာစာ၌ ကျင်းပခဲ့သည်။

ယနေ့အခမ်းအနားသို့ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားသမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရေးဦးစွာ အခမ်းအနားတွင် တက်ရောက်လာကြသော ဧည့်သည်များသည် သတ်မှတ်ထားသောနေရာတွင် နေရာယူကြပြီး မင်္ဂလာအချိန်၌ မန္တလေးမြို့တော်ဝန်၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာနဝန်ကြီးတို့က Social Zone အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် Social Zone တွင် Sea Games ပြိုင်ပွဲကာလအတွင်း ဖွင့်လှစ်သွားမည့် အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များကို လှည့်လည်ကြည့်ရှုခဲ့ပြီး အမှတ်တရပစ္စည်းများကို ဝယ်ယူအားပေးခဲ့ကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သော Social Zone တွင် အမှတ်တရပစ္စည်းဆိုင်နှင့် စားသောက်ဆိုင်ခန်းပေါင်း ၇၂ ခန်း ဖွင့်လှစ်ထားပြီး Sea Games အထိမ်းအမှတ်အလံများ အင်္ကျီ၊ အရုပ်၊ ဦးထုပ်၊ ဘောလုံးနှင့် ဇီးကွက်ရုပ် အရောင်းဆိုင်များ၊ ပန်းချီ၊ ကြမ်ထည်၊ ကျောက်မျက်ရတနာ၊ ပန်းပုနှင့် အခြားအမှတ်တရပစ္စည်းအရောင်းဆိုင်များလည်း ပါဝင်ဖွင့်လှစ်ထားကြောင်း သိရသည်။

တင်မောင်(မန္တလေး)

အတွေ့အကြုံနှင့်နည်းစနစ်ပိုင်းအားနည်းနေသော မြန်မာဝါတာပိုလိုအသင်း

နေပြည်တော် ဒီဇင်ဘာ ၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် ဝါတာပိုလိုအားကစားကို မြန်မာနိုင်ငံ၌ ကျင်းပခဲ့သော ၁၉၆၉ ခုနှစ် (၅)ကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲတွင် ပထမအကြိမ် ပါဝင်ယှဉ်ပြိုင်ပြီးကတည်းက ဆက်လက်ယှဉ်ပြိုင်ခြင်းမရှိတော့ဘဲ နှစ်ပေါင်း ၄၄ နှစ်ကြာမှ ယခု (၂၇)ကြိမ်မြောက် ဆီးဂိမ်းတွင် ဒုတိယအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

မြန်မာဝါတာပိုလို အသင်းကို မတ်လပိုင်းက ကစားသမားများစ၍ ဧပြီလသကြန်ပြီးကတည်းက စခန်းသွင်းလေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာအသင်းမှ အားကစားသမားများမှာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများဖြစ်ပြီး ပြိုင်ဘက်နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အသက်အရွယ်ကြီးသည့်အတွက် ကြံခိုင်မှုအားနည်းကြောင်း မြန်မာအသင်းနည်းပြဒုအရာခံဗိုလ် ဆရာဦးကျော်ဇံလှက ပြောသည်။ ၎င်းကဆက်လက်၍ မြန်မာအသင်း၏ အားနည်းချက်များမှာ မိမိတို့မြန်မာနိုင်ငံအသင်းအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခြင်းမရှိသည်မှာ နှစ်ပေါင်းကြာမြင့်နေပြီး မျိုးဆက်သစ်အားကစားသမား ပြုစုပျိုးထောင်ထားခြင်းမရှိကြောင်း၊ နည်းစနစ်ပိုင်းမှာလည်း အားနည်းကြောင်း၊ မိမိတို့ကစားသမားများအနေဖြင့် အထောက်အကူပြုပစ္စည်းများမရှိခြင်း၊ ၎င်းပစ္စည်းများကိုလည်း ယခုပြိုင်ပွဲဝင်မှ သိရှိရပြီး ထိတွေ့မှုမရှိကြောင်း၊ ဒိုင်လူကြီးများ သတ်မှတ်သော နာရီ သတ်မှတ်ချက်နှင့် ဖောင်းဘော သတ်မှတ်ချက်များ၊ နည်းစနစ်များကို သိရှိမှုအားနည်းကြောင်း ပြောသည်။ မြန်မာဝါတာပိုလိုအသင်းအနေဖြင့် နီဝင်ဘာလမှစ၍ စင်ကာပူနည်းပြ မစ္စတာလီကိုခေါ်ယူ၍ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ကြောင်းလည်း သိရသည်။ ဝါတာပိုလိုအားကစားကို ဒီဇင်ဘာ ၆ ရက်က ဇေယျာသီရိ ရေကူးကန်တွင် အမှတ်စဉ်(၁)ကို ကျင်းပပြီး ယနေ့တွင် အမှတ်စဉ်(၂) ဒုတိယနေ့ပွဲစဉ်အဖြစ် နံနက် ၉ နာရီကကျင်းပသည်။ ဒုတိယနေ့ ပထမပွဲစဉ်တွင် ထိုင်းအသင်းနှင့်

သတင်း - သိမ့်သိမ့်မိုး
ဓာတ်ပုံ - သူရ(တောင်ငူ)

မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအသင်းက မလေးရှားအသင်းကို ကိုးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသည်။ ထို့နောက် မွန်းတည့် ၁၂ နာရီတွင် ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကြရာ မြန်မာအသင်းမှာ တစ်ဖက်အသင်းကို အကြိမ်ကြိမ်ဂိုးသွင်းရန် အခွင့်သာခဲ့သော်လည်းအစစအရာရာ အားနည်းသည့်အတွက် လွဲချော်မှုများသာ ကြုံတွေ့ရသောကြောင့် အင်ဒိုနီးရှားအသင်းက ဂိုးပြတ်အနိုင်ရရှိသွားသည်။

မြန်မာနှင့်ထိုင်း အမျိုးသမီးဘောလုံးအသင်းများ မန္တလေးမြို့သို့စတင်ရောက်ရှိ

မန္တလေး ဒီဇင်ဘာ ၇

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့သည် ဒီဇင်ဘာ ၆ ရက်တွင် မန္တလေးမြို့သို့စတင်ရောက်ရှိပြီး ၎င်းတို့အား ဂရိတ်ဝေါ(လ်) ဟိုတယ်တွင် တည်းခိုနေထိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ဒီဇင်ဘာ ၁၀ ရက်မှ စတင်ယှဉ်ပြိုင်မည့် အမျိုးသမီးဘောလုံးအသင်း ခုနစ်သင်းကို ဂရိတ်ဝေါ(လ်) ဟိုတယ်နှင့် ရွှေဖြူဟိုတယ်တို့တွင် ဒီဇင်ဘာ ၆ ရက်မှ ၂၂ ရက်အထိ တည်းခိုနေထိုင်နိုင်ရေးအတွက် စီစဉ်ပေးထားကြောင်း သိရှိရသည်။ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းအနက် မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်အသင်းတို့အား ဂရိတ်ဝေါ(လ်ဟိုတယ်၌လည်းကောင်း၊ ဗီယက်နမ်နှင့် လာအိုအသင်းတို့အား ရွှေဖြူဟိုတယ်တွင်လည်းကောင်း နေရာချထားပေးထားပြီး ၎င်းအသင်းဝင်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ သွားလာရေးနှင့် ငွေကြေးလဲလှယ်ရေးတို့ကိုလည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုတို့ဖြင့် အထူးဂရုစိုက် စီမံဆောင်ရွက်ပေးထားကြောင်း သိရှိ ရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

...သင်းကြိုးပမ်းမှုဂုဏ်ပြု

...က် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ...ဖြင့် ကြိုးပမ်းလျက်ရှိ သလို သက်ဆိုင်ရာတာဝန်ရှိသူများ ...မှုများ ပြုလုပ်ပေးလျက်ရှိသည်။

...ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဆီးဂိမ်း ...လျှင် ငွေကျပ် ခုနစ်သိန်း၊ ငွေတစ်ခုလျှင် ငွေကျပ် ...လျှင် ငွေကျပ်သုံးသိန်းစီဖြင့် ချီးမြှင့်နေခြင်း ဖြစ်သည်။ ...များကို အားကစားဝန်ကြီးဌာနရုံးအဖွဲ့မှူး ဦးကျော်ဦး ...ဖွဲ့ အဖွဲ့ခေါင်းဆောင်)က ပေးအပ်ချီးမြှင့်ခဲ့သည်။

စိုးညွန့်

ဆီးဂိမ်းမီးရှူးတိုင်သယ်ယူမှု ဝတ်စုံပြည့် အစမ်းလေ့ကျင့်

ရန်ကုန် ဒီဇင်ဘာ ၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံတော်အလံလွှင့်တင်ခြင်းနှင့် မီးရှူးတိုင်စတင်ထွန်းညှိခြင်း ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ယနေ့ညနေ ၄ နာရီခွဲ၌ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏကွင်း၌ကျင်းပရာ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်သီချင်းများဖွင့်၍ နိုင်ငံတော်အလံများ စတင်လွှင့်တင်ခြင်းနှင့် နိုင်ငံ ၁၁ နိုင်ငံမှ အားကစားအဖွဲ့များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအင်ခြင်း အစမ်းလေ့ကျင့်မှုတို့ ပြုလုပ်သည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က မီးရှူးတိုင်အားထွန်းညှိ၍ ရွှေတံဆိပ်လေးဆုရင်မြန်မာ့လက်ရွေးစင် ကာယဗလအားကစားသမားဟောင်း ဦးအောင်နိုင်သို့ ပေးအပ်ကာ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းရုံးမှ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သို့ လက်ဆင့်ကမ်း သယ်ဆောင်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်သို့ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံလျက် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) လှေကားထိပ်သို့ သယ်ဆောင်ကာ မီးကုဗ္ဗယ်တွင် ထွန်းညှိပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီးဂိမ်းကာလအတွင်း အားကစားပြတိုက် စတင်ဖွင့်လှစ်ထား

နေပြည်တော် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအတွင်း အားကစားလောက၏ အမှတ်တရများကို တစုတစည်းထုတ်ဖော်ပြသထားသော အားကစားပြတိုက်ကို ဖွင့်ပွဲ၊ ပိတ်ပွဲများကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ဆိုရယ်ဇုန်၌ စတင်ဖွင့်လှစ်ထားပြီး ဆီးဂိမ်းပြီးဆုံးပါကလည်း ဆက်လက်ဖွင့်လှစ်ထားပေးမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတကာက အားကစားသမားတွေအနေနဲ့ မြန်မာ့အားကစားသမိုင်းကို မျက်ဝါးထင်ထင်မြင်တွေ့စေနိုင်မယ့် တစ်ခုတည်းသော နေရာတစ်ခုဖြစ်သလို ပြည်တွင်းက အားကစားသမားတွေနဲ့ ပရိသတ်တွေအတွက်လည်း အားကစားစိတ်ဓာတ်မြှင့်တင်ပေးနိုင်မယ့် နေရာတစ်ခုဖြစ်ပါတယ်။ ဆီးဂိမ်းတစ်လျှောက်နဲ့ ပြင်ပအချိန်တွေအားလုံး ဝင်ကြေးအခမဲ့ဖြစ်ပါတယ်" ဟု ပြတိုက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာဘောလုံးအသင်း၏ သမိုင်းဝင် ဓာတ်ပုံများနှင့် ၁၉၇၂ ခုနှစ်အတွင်း မြူးနစ်အိုလံပစ်ကာလများ၌ ပထမအကြိမ် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည့် ပြေးခုန်ပစ်ချန်ပီယံ ဂျနီဖာတင်လေး၊ ပြန်မာအလေးမချန်ပီယံ အောင်ကြီး၊ ကာယဗလချန်ပီယံ ဦးရိန်၊ ဦးဇော်ဝိတ်တို့၏ ပုံတူရုပ်တုများကိုလည်းပြသထားသည်။ ထို့အပြင် မြန်မာ့အားကစားသမိုင်းတစ်လျှောက်ရှိ နိုင်ငံတကာအဆင့်ဆင့် ချီးမြှင့်ခြင်းခံခဲ့ရသော ဆုဖလားပေါင်း ၄၇ ခု၊ ပြိုင်ပွဲများ၏ မှတ်တမ်းတင်ဓာတ်ပုံပေါင်း ၂၆၆ ပုံ၊ နိုင်ငံတကာ လက်ဆောင်ဆုတံဆိပ်ပေါင်း ၆၁ ခု နှင့် ဆုရရှိကြခဲ့သူများ၏ ရွှေ၊ ငွေ၊ ကြေး၊ ဆုပြားပေါင်း ၃၄၉ ခု တို့ကို ခင်းကျင်းပြသထားကြောင်း သိရှိရသည်။

ခင်ရတနာ

မြန်မာ့လက်ရွေးစင် "မေ့" အသင်း အပြီးသတ် လူရွေးချယ်

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ"မေ့"အားကစားပြိုင်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ကစားသမားများအား အောက်ပါအတိုင်း ရွေးချယ်လိုက်သည်။

အုပ်ချုပ်သူ - ဦးဗလကျော်သူ
အမျိုးသားနည်းပြ - ထိုင်းနည်းပြတစ်ဦး၊ ဦးအောင်ကျော်စိုး၊ ဦးအဒီး၊ ဦးကျော်မင်းထိုက်
အမျိုးသမီးနည်းပြ - ဒေါ်ခင်ထွေးမြင့်၊ ဒေါ်သီတာဝင်း
မ(ပြိုင်ပွဲ) - (၄၈)ကီလို၊ လှယဉ်မေ
(၅၁)ကီလို၊ဂရေစီ
(၅၇)ကီလို၊ ဇင်မာခိုင်
(၆၀)ကီလို၊ သူဇာဟန်
ကျား(ပြိုင်ပွဲ) - (၄၈)ကီလို၊ ကညော်ဖိုး(ခ)မျိုးမြင့်
(၅၄)ကီလို၊ မိုက်ရိုင်းလေး(ခ)စောဒါပိုး
(၁၇)ကီလို၊ စောစီလျှံထူး
(၆၃ ဒသမ ၅)ကီလို၊ စိုးလင်းဦး
(၆၇)ကီလို၊တူးတူး(ခ)မောင်ထူး
(၇၁)ကီလို၊ထွန်းထွန်းမင်း
(၇၅)ကီလို၊စောငမန်း(ခ)အောင်မြင့်ဝင်း

"မေ့"အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်(ဒုမှူးကြီး-ငြိမ်း)က တစ်သင်းနှင့်တစ်သင်း ကွာဟမှုမရှိကြောင်း ကြိုးစားရင် ရွှေရနိုင်ပြီး အနည်းဆုံးရွှေ ငါးခုမျှော်မှန်းကြောင်း ပြောကြားသွားသည်။

သတင်းမှတ်စု-ဇော်မင်းအောင်

နိုင်ငံတကာနည်းပြများနှင့် ကစားသမားများအကြား ဘာသာစကားအခက်အခဲရှိ

သတင်း-ခင်ရတနာ
ဓာတ်ပုံ-သူရ(တောင်ငူ)

နေပြည်တော် ဒီဇင်ဘာ ၇

နေပြည်တော်တွင် ကျင်းပလျက်ရှိသည် ဆီးဂိမ်းပြိုင်ပွဲအတွင်း အားကစားနည်း ၃၃ မျိုးဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အဆိုပါအားကစားအသင်းအလိုက် နိုင်ငံတကာနည်းပြများ ငှားရမ်းအသုံးပြုခြင်းနှင့် အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့အစည်းများမှ ကူညီလာရောက်သင်ကြားပြသကြရာတွင် အားကစားဝန်ကြီးဌာနမှ ဘာသာပြန်သူများ ခန့်အပ်ပေးထားသော်လည်း အားကစားနည်းစနစ်များနှင့် အားကစားအခေါ်အဝေါ်များအပေါ် လေ့လာမှုအားနည်းခြင်းကြောင့် အားကစားသမားများနှင့် နိုင်ငံတကာနည်းပြများအကြား နားလည်မှုလွဲချော်နေရကြောင်း အားကစားနည်းပြများထံမှ သိရသည်။

"ဘာသာစကား ကျွမ်းကျင်ရုံနဲ့ အားကစားစကားပြန် မဖြစ်နိုင်ပါဘူး။ သက်ဆိုင်ရာ အားကစားနည်းတွေအကြောင်းကို တတ်ကျွမ်းဖို့လည်း လိုအပ်ပါတယ်။ တချို့စကားလုံးတွေက အဓိပ္ပာယ်ကို တိုက်ရိုက်ဘာသာပြန်လို့ မရနိုင်တဲ့အတွက် အားကစားသမားတွေနဲ့ နိုင်ငံခြားသားနည်းပြတွေကြားမှာ ဘာသာစကားအခက်အခဲ အနည်းငယ်ရှိခဲ့တယ်" ဟု တိုက်ကွမ်ဒိုအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။